www.burmeseclassic.com



မိုးသဲဖြူစိုး

# နှင်းစက်ခိုတဲ့ . . . အလွမ်းချို

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၂၄၀ / ၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄ / ၂၀၀၃ ( ၁ )

ပုံနှိပ်ခြင်း
ပထမအကြိမ်

■

အုပ်ရေ
၅၀၀

■

ထုတ်ဝေခြင်း
ဇန်နဝါရီလ၊ ၂၀၀၃

■

အဖုံးဒီဇိုင်း
သက်နိုင်ဝင်း

■

ကွန်ပျူတာစာစီ
မုံရွေး

■

တအုပ်ချုပ်
ကိုတင်အေး

■

ထုတ်ဝေသူ - ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ
အမှတ် ၅၃၃(အေ)၊ ဧရပ်ကွက်၊
ပြည်လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးထွန်းလင်း၊ ဖိုးဝအော့ဖ်ဆက် (၀၆၃၆၂)
၁၄၇၊ ၄၅လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်။

တန်ဖိုး - ၄၅၀ ကျပ်

# နှင်းစက်ခိုတဲ့ . . . . အလွမ်းချို

နှင်းရို့ . . . ဆောင်းထည်
မျက်ရည်သယ်လည်း
အလွမ်းနှစ်ခြိုက်
ချိုမြိန်လိုက်ဖို
နှင်းစက် . . . ခိုသို့

မိုးသဲဖြူစိုး (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ. . . ချိုမြိန်ပါတယ်လို့. . . မင်းတို့ လူငယ်တွေ တင်စားတာကို ဒေါ်ဒေါ်ခင် ကန့်လန့်မတိုက်ဘူးနော် . . . လက်ခံလိုက်မယ်။ ဒီ ချိုမြိန်ပါတယ် ဆိုတဲ့ အရသာအောက်မှာ. . . မင်းနဲ့ ပိုး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြီး နေ့ဝက်လေး ထိုင်ကြည့်စမ်းပါ။ မင်းတို့ နှစ်ယောက်ရဲ့ ဗိုက်အတွင်းက အစာအိမ်ရဲ့ အစာတောင်းခံရတဲ့ ဆာလောင်မွတ်သိပ် တဲ့ ပူလောင်ခြင်းဒုက္ခကိုတော့. . . မင်းတို့ လက်တွေ ကြုံကို ကြုံရမယ်လေ . . . ဒီတော့ ချိုမြိန်တဲ့အချစ်ဆိုတာ ဘယ်မလဲ ပေါ့. . .॥

ဒေါ်မြတ်နိုးခင်

BURMESE CLASSIC

ခုချိန်မှာ. . . ကျွန်တော် ပိုင်ဆိုင်တာဆိုလို့ (သူ့ အမေဒေါ်ဒေါ်ခင် ပိုးကို ချစ်တဲ့အချစ် ထက် သာနိုင်တဲ့အဆင့်မှာ ထားနိုင်ရမယ် ဆိုတဲ့ မာန. . .) အဲဒါတစ်ခုပဲ . . . ကျွန်တော်ပိုင်ဆိုင်တာ သေချာတယ်. . . ကျွန်တော့်မှာ လောလောဆယ်ပိုင်တဲ့ အဲဒီ စိတ်တစ်ခုနဲ့. . . စိတ်တန်ခိုးအစွမ်းကြောင့် . . . တစ်နေ့မှာ ဖြစ်လာမယ်လို့လည်း ယုံကြည်တယ်လေ။)

မင်းညိုခန့်



www.burmeseclassic.com

www.burmeseclassic.com

(မောင့်ကို. . . ပိုးချစ်တဲ့. . . အချစ်တွေဟာ . . . ရှူးရှူးမိုက်မိုက် . . . ဆယ်ကျော်သက် အရွယ်တုန်းကလို . . . စိတ်တဒင်္ဂ သာယာမှုတွေနဲ့ အခြေခံပြီး ဖြစ်ပေါ်လာမယ့်အချစ်မျိုးနဲ့လည်း ပေါင်းစပ်ပေးဆပ်ချင်တာ မဟုတ်ဘူးဆိုတာ သိလိုက်စမ်းပါတော့လားမောင်. . . ) ကဗျာမဆန်ဘူးလို့ သမုတ်ခံရင် ခံရပါစေ၊ ပိုးရဲ့ နှလုံးသားတွေရဲ့ မြတ်နိုးခြင်းဆိုတာနဲ့အတူ. . . နွေးထွေးတဲ့ မောင့်ရင်ခွင်မှာ ဘဝတစ်ခုလုံးရဲ့ အဖော်မွန်အဖြစ် မောင်ရယ်. . . လက်တွဲခွင့် တောင်းခြင်းခံရတဲ့ပိုး . . . မောင့်ရဲ့ အဖြူစင်ဆုံး ရင်ခွင်ရိပ်မှာ . . . နားခိုလိုက်တော့မှာပါ။

ပိုး



(အချစ်ဆိုတာ. . . လူနှစ်ဦးပေါင်းစပ်မှု. . . ပြည့်စုံခြင်းတွေပါလို့ ကမ္ပည်းတပ်လို့. . . ပိုးရယ်. . . သတ်မှတ်ထားတာမှ မဟုတ်တာ) အချစ်မပါဘဲလက်ထပ်လို့ သံယောဇဉ်ကြိုးတွေနဲ့ မပြေမလျော့ဘဲ တင်းကြပ်နေတဲ့ အိမ်ထောင်ရှင်တွေ၊ ဒီလိုပါပဲ ရှိကြတာပါပဲ ပိုး. . . အဓိကကတော့ မေတ္တာစစ်နဲ့ရင်းပြီး နှလုံးသားချင်း နားလည်လို့ တစ်ယောက်ရဲ့ရှင်သန်ခြင်း၊ နှလုံးသားစစ်ကိုမှ တစ်ယောက်က အချိန်ကြာကြာ စိတ်ရှည်ရှည် စောင့်စားပေါက်ဖွားလာမယ့်တစ်နေ့ကို သည်းခံယုံမယ့်သူ. . . ဥပမာ မောင် ပိုးကိုချစ်တဲ့ အချစ်ပေါ့ ပိုးရယ်. . . မောင်တော့ အဲဒါကမှ. . . တကယ့် အချိုမြိန်ဆုံးသော နှလုံးသားစစ်စစ်နဲ့ ရင်းတည်ပြီးမှ ဖြစ်လာမယ့် အချစ်လို့ ထင်တာပဲ။

နေဝင်လတ်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်လေဆိပ်သို့ သူမတို့ စီးလာသောလေယာဉ် ဆိုက်ရောက်ပြီဖြစ်သဖြင့် ခံစားရသော ပီတိ၊ မခုန်တာကြာပြီ ဖြစ်သောရင်ခုန်သံတို့သည် ဘယ်သို့မှ ထိန်းမရစွာ၊ သူမ၏ ခြေလှမ်းတို့ကလည်း သူမကိုယ်တိုင် အံ့ဩယူရလောက်အောင် လေပြည်သွေးသော ပန်းလေးများပမာ ဖျတ်လတ်ခြင်းနှင့် စည်းချက်ကိုက်နေကြသည်။ လာကြိုကျသော သူမဆွေမျိုးများက သူမကို မြန်မာမဆန်သောအမူအရာ၊ ပြောင်းလဲမှုတို့နှင့်တွေ့ မည်အထင်ဖြင့် နှုတ်ဆက်ခြင်းစကားများကို တချို့ကအင်္ဂလိပ်လို၊ တချို့က မြန်မာလို။ သူမ အပြုံးလှလှတစ်ပွင့်ကိုသာ လှစ်ခနဲနေအောင် အားလုံးရှေ့တွင် ပြုံးရင်း "တို့က မြန်မာစစ်စစ်ပဲ၊ မာမီ



www.burmeseclassic.com

www.burmeseclassic.com

သမီး မာမီလိုပေါ့ ဘယ်လောက်ပဲ ရေမြေခြားပါစေ မြန်မာ့အစားအစာ၊ မြန်မာ့ဓလေ့ ပြောင်းလဲခြင်း၊ လုပ်ယူတဲ့ ထုံးတမ်းစဉ်လာတို့ဘဝမှာ ဘယ်တော့မှ ရှိမှာမဟုတ်ပါဘူးကွယ်” ယဉ်ကျေးညင်သာစွာ သူမ မြန်မာစကားကို ကောင်းမွန်စွာ လုံးစေ့ပတ်စေ့ ပြောတတ်ခြင်းကို အားလုံးက အံ့အားသင့် ငေးကြည့်နေကြ၏။

“ဟဲ့ တို့တစ်တွေ မုံရွာကို ဘယ်လို ခရီးဆက်မလဲ၊ ဒီရန်ကုန်မှာ ခဏပဲ နားချင်တယ်နော်၊ မာမီ့ကိစ္စ ရှိသေးတယ်”လို့ ပြောလိုက်ရာ အားလုံးသောဆွေမျိုးများက ကားစီစဉ်ထားကြောင်း၊ အခုလို ကိစ္စမျိုးနှင့် အပြန်မှနားကြရန် အားလုံး သဘောတူဆုံးဖြတ်လိုက်ကြပြီး. . . ကားက ဘာကားလဲလို့ သူမ မေးလိုက်၏။ မီနီဘတ်စ်ဖြစ်ကြောင်း မုံရွာသို့ပင် တိုက်ရိုက် ခရီးဆက်လွယ်ကူကြောင်း သိရပြီး “အခုပဲ သွားကြရုံပေါ့၊ တို့လည်း ခရီးမပန်းပါဘူး”ဟု ပြောလိုက်သည်။ လမ်းတွင် မြန်မာထမင်းဆိုင်များသို့ ကားကိုရပ်၍ ဝင်ရောက်ထမင်းစားနားမည်လို့ မှာကာ သူမတို့ ကားလေး လေဆိပ်မှတစ်ဆင့် ဆက်တိုက် မုံရွာမြို့လေးဆီသို့ ခရီးဆက် ထွက်ခွာလာသည်။ ဒီခရီးစဉ်ဟာ သူမမာမီ၏ အဖြစ်ချင်ဆုံး ဆန္ဒ၊ နောက်ဆုံး ဆန္ဒတွေထဲက တစ်ခုအပါအဝင် ပေါ့. . .။



# အပိုင်း၊ ၂၊



www.burmeseclassic.com

www.burmeseclassic.com

## "လွမ်းရင်း တမ်းတ • • ယိဘဝသို့"

ကားပေါ်မှ ပျံ့လွင့်နေသော သီချင်းသံလွင်လွင်နှင့် စာသားများကိုနားစွင့်ရင်း သူမ၏စိတ်အစဉ်သည် . . .

"ပိုးပိုး၊ ဟဲ့ မိပိုးရေ၊ တော်ရုံဆော့ကွယ်၊ အိမ်ထဲ ဝင်ကြတော့" လို့ သူမ၏မာမီ ဒေါ်မြတ်နိုးခင်က ခေါ်နေကြအတိုင်း ခေါ်ချေ၏။

'လာပြီ မာမီ"ဟုသာဆိုသည် လူက ဘယ်တော့မှ ရောက်မသွားတတ်။ မောင်နှမ ဝမ်းကွဲတော်သူများ၊ ရပ်ကွက်ဝန်းကျင်မှ ဆော့ဖက် သူငယ်ချင်းများနှင့် ယခုလို လသာသော ညများတွင် ဆော့ကောင်းဆဲ နေ့စဉ်ဆော့ခြင်းသည် ခါတိုင်းရက်များထက် အချိန်ပိုကြာအောင် ဆော့သည်။ ထုပ်ဆီးတိုးတမ်း ကစားခြင်းကို နှစ်ခြိုက်လျက်၊ ဒူးကွဲခြင်း အမာရွတ် မကင်းအောင် ဆော့ကြသည်။ တစ်ခါတစ်ရံ ပြောမရသည့်အဆုံး. . . ခေါ်မရသည့်





အဆုံးတွင် မာမီက နှီးယပ်တောင်ရှည် ယပ်ရိုးကို ကြမ်းပြင်နှင့် တဖြန်းဖြန်းရိုက်ကာ အသိပြုသည်။ ထိုသို့ လုပ်ရာမှ မကြား၍ ဆက်ဆော့လျှင် အိမ်ရှေ့လသာဆောင် ဝရန်တာလက်တန်းနှင့် ယပ်ရိုးက အားကုန်ထိစပ် အသံပြုရင်း-လှူရိပ်ယောင်ပြ ထရပ်လျက်ရှိသည်။ ထိုအခါမျိုးတွင်မှ ပိုးပိုးတို့လူစု အပြေးအလွှားနှင့် လူစု ခွဲကြသည်။ ထိုသို့သော အပြုအမူမျိုးကို မြင်ရလျှင် မာမီအမေ ပိုးပိုးရဲ့အသည်းကျော် အဘွားက "ဟဲ့ ပိုးပိုး၊ ငါ့မြေးမြန်မြန်လာ၊ ခြေတွေလက်တွေ သွားဆေးပြီးရင် အဘွားနဲ့ လာအိပ်" လို့ ခေါ်သည်။ ပိုးပိုးကလည်း ပါးနပ်လျက် ကုပ်ချောင်းချောင်းနှင့် အိမ်ပေါ်တက်လာနေကြ ဖြစ်သည်။ တစ်ဦးတည်းသော သမီးဖြစ်သော ပိုးပိုးတစ်ယောက် မိခင်နှင့်အတူ မအိပ်သည်က များသည်။ အဘွားဖြစ်သူက ပို၍ လက်သာသည်။ အဘွားကလည်း ပိုးပိုးမှ ပိုးပိုး။

သူမ လိုချင်တာရှိ၍ အဘွားဆီမှ မတောင်းချင်သောအရာ၊ မရနိုင်သောအဆုံးတွင်မှ မာမီနားကပ်ကာ တောင်းရင်း မာမီနှင့် တစ်လှည့် အိပ်တတ်သည်။ အဘွားနှင့် မအိပ်ခင်တွင် စကားတတ်သော သူမက တောင်မေးမြောက်မေး မေးကာ ကပ်ချွဲခဲ့၏။ အဘွားကလည်း မမောနိုင်အောင် ပြောပြလျက်ရှိသည်။ အဘွားက သူမကို ခုလို မဆော့စေချင်ကြောင်း ပြောလာသည်။ သူမက "အဘွားမဆော့စေချင်လျှင်လည်း မဆော့တော့ဘူး" မိန်းကလေးပီပီသသနေမယ်" ဟု ပြောရင်း ကတိပေးသည်။ အဘွားက ကတိတည်ရင် ကျောင်းသွား ကျောင်းပြန် စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးမည်ဟု ပြော၏။ "ဘွားပိုက်ဆံတွေ ကုန်မှာပေါ့ ဘွားက လည်း" လို့ ပြောလိုက်သောအခါ "ညည်းမာမိဆီကလည်း တောင်းပေါ့၊ ဘွားပြောထားတာပဲ၊ နောက်ရက် သူနှင့်သွားအိပ်၊ ခု စိတ်ဆိုးနေတာ ရိုက်လိမ့်မယ် မသွားနဲ့ကြားလား" လို့ ပြောလိုက်သော အခါ. . . "ဘွားက တောင်းခိုင်းတာနော်၊ ပိုးက ပူဆာတာ မဟုတ်ဘူး" လို့ အလည်ကျ အတွန့်တက်လိုက်သေး။

"မာမိ" အသံတိုးတိုးလေးနှင့်

"ဘာလဲပိုး ပြော"

"ပိုး စက်ဘီး လိုချင်တယ်၊ စက်ဘီး စီးချင်တယ်၊ ကျောင်းသွား ယူချင်လို့"

"လုပ်ပြန်ပြီ"

"စက်ဘီး ဝယ်ပေးနော်"

"အေးပါအေ၊ ငါဝယ်ပေးပါ့မယ်၊ ခဏ ခဏ မပူဆာနဲ့နော်၊ ညည်းအဘွားက ကျောင်းတက်ဖို့ ဝယ်ပေးချင်တာ ငါက ညည်းကို စိတ်မချဘူး၊ တိုက်မိ ခိုက်မိမှ စိုးတာ၊ သူတာ အပြင်ထွက်မဆော့စေချင်ပေမယ့် ဒီစက်ဘီးကလည်း အပြင်ထွက် အစီးသင်ရဦးမှာ၊ တိုက်လို့ ကွဲလို့ ဒူးကွဲရင် မထူးဘူး အပျို ဖြစ်ပြီနော်၊ ဘယ်လိုလုပ်မလဲ"

"မာမိကလည်း"ဟုသာ ပြောလိုက်ရသည်။ မကြာမီ တစ်ရက်၊ နှစ်ရက်အတွင်း ရလေသည်။

စက်ဘီးစီးရသည်နှင့် အပျိုဖြန်းစလေး မိပိုးတစ်ယောက် ခြေစကြာဖြန့် အိမ်မကပ်၊ စက်ဘီးတစ်စီးနှင့် မြစ်ကမ်းတစ်လျှောက်





တာရိုးလမ်းပေါ်တွင် စက်ဘီးစီးသင်ခြင်း၊ မုံရွာဘုရားကျောင်းဝင်းအတွင်း စက်ဘီးစီးသင်ခြင်းဖြင့် အချိန်ကုန်လွန်လေ့သည်။ မိခင်ဒေါ်မြတ်နိုးခင်ကတော့ လှမ်းအော်ခေါ်နိုင်သော "ဘုရားကျောင်းဝင်းအတွင်းထဲမှာပဲ သင်နော်"ဟု မှာ၏။ အဘွားဖြစ်သူကိုခေါ်ကာ ပိုးပိုးကတော့ မိခင် လှမ်းခေါ်ခြင်းအသံ၏ ကြားနိုင်လောက်သော နေရာတွင် မစီးဘဲ ချင်းတွင်းမြစ်ကမ်း ဘေးအထိအဝေးဆုံး သွားစီးလေ့ရှိသည်။

အိမ်အပြန် ဗိုက်ဆာ၍ အိုးခွက်လှန်လျှင်

"မိပိုး. . ."

"ရှင် မာမိ" ဇက်ကလေးပုကာ. . .

"မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် လည်နေနော်၊ ငါ မပြောချင်ဘူး၊ ထမင်းဟင်းချက် သင်ပေးမယ်၊ စက်ဘီး စီးတတ်ပြီမို့လား. . . တော်ရောပေါ့၊ အညာဒေသမို့သာ နင် ဘယ်နားရှိတယ်ဆိုတာကို ငါ ကြားရ သိရတာ၊ မန္တလေး ရန်ကုန်ဆို ငါ ဘယ်ရှာရမှန်း သိမှာမဟုတ်ဘူး၊ အမေ့ကိုလည်း မေ့ထား၊ ကျောင်းပိတ်ရက်မှာ အိမ်တပ်ပါလား၊ အဘွားဖြစ်သူကလည်း နောက်က တန်းလန်းလိုက်နေရတာ သူမှာလည်း အသက်ကြီးပြီး ကျန်းမာရေးက ရှိသေးတာ"

"မာမိကလည်း ပိုး ထမင်းဟင်းချက် သင်မှာပါ၊ စက်ဘီး စီးတတ်ပါပြီ၊ ကျောင်းပိတ်ရက်ဆို သင်မှာပေါ့၊ မာမိ သင်ပေးလေနော်"

မာမိက "တကယ်ပြောနေတာနော် ပိုးလေ၊ ပိုး စက်ချုပ်ရော သင်ရင် လက်ကောက်တစ်ရံ လုပ်ပေးမှာ၊ တကယ်တတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



သင်ရင်ပေါ့" လို့ ဆိုတာမျိုးနှင့် မာမိက သူ့ကို မိန်းမပီသအောင် ပုံသွင်းပုံကာ ပိရိစွာ ဆွဲခေါ်သွားသည်။ သူမ၏စိတ်ကို ဆွဲဆောင်မှုက ဘာကယ့်ကို လှလှပပ။

တစ်နေ့ ပိုး စက်ဘီးစီးရာနောက်သို့ "အဘွား အလွန်မောလို့ မလိုက်နိုင်ဘူးကွယ်" ဆိုကာ ပိုးတစ်ယောက်တည်း သဇင်နှင့် စက်ဘီးစီး ထွက်ခဲ့ရာမှ. . .

"ပိုးပိုး ညည်းအဘွား ဆုံးလို့" အိမ်မှ လိုက်ခေါ်ခြင်းခံရသည်။ ဦးထော် လိုက်ခေါ်ခဲ့ရာ "ဘထော် အဘွားမနက်ကမှ အကောင်းပါ" "လူကြီးဆိုတာ ဒီလိုပဲ ပိုး၊ လာမြန်မြန်. . ." လို့ ဆိုကာ ပိုး အိမ်သို့ ပြန်ခဲ့သည်။

ပိုးအဘွားဆုံးပြီးသည်နှင့် အဘွား၏ လစ်ဟာသွားသော အိမ်တွင်းမှုနေရာလေးများတွင် မိခင် ဒေါ်မြတ်နိုးခင်က အစားဖြည့်ကာ လုပ်လာသလို တစ်ဖက်မှ ပိုးကိုလည်း ယုယချစ်ခင်မှုများ ယခင်ကထက် ပေးလာသည်။ ပိုးကတော့ အဘွား၏ အသည်းမို့ ကလေးပီပီ သံယောဇဉ်ကြီးကာ အဘွားကို တမ်းတလျက် လွမ်းမဆုံး ညီမဝမ်းကွဲများနှင့် စက်ဘီးစီးထွက်ခြင်းတွေ ရပ်ကာ ပိုး အိမ်တွင်းအလုပ်နှင့် ရှုပ်လေသည်။

"အန်တီ မမပိုးရော"

ညီမဖြစ်သူ သဇင် အသံကြားလိုက်သည်နှင့် "ငါ ဒီမှာဟေ့" လို့ လှုပ်ခတ်စွာ ပျာယာခတ်သော သူမအာ .

"မိပိုးနော် ပြီးရင် ဟိုဟာတိုက်၊ ဒီဟာ ကျကွဲမဖြစ်စေနဲ့"

မာမိက လှမ်းပြောရင်း "ညည်းကတော ကျောင်းပိတ်ရက် အိမ်မှာ အလုပ်မရှိဘူးလား၊ မိန်းကလေး အိမ်လည်ကောင်းတာ





မဟုတ်ဘူးနော်"

တူမဖြစ်သူကိုလည်း ရန်လုပ်စမြဲ၊ "မာမိရာ မပြောပါနဲ့၊ သမီးတို့မှာ ညီမဆိုလို့ ဒါပဲရှိတာပါ" လို့ ပြောလျှင် "တည့်အောင်နေနော်" ဟု မှာပြီး ကျောခိုင်းသွား၏။ သို့သော် နားကတော့ သူမတို့ပြောသမျှ နားစွင့်ကာ "ဟဲ့ ဘယ်သူ ဘာလုပ်တာလဲ" ပြောနေသော စကားလုံးများကို ဝင်ဝင်ဟောက်၍ သူ သိသည် ဆိုသလိုမျိုး မေးတတ် ထောက်တတ်သည်။

တစ်နေ့ မာမိ အလုပ်မှ ဆိုင်သိမ်းပြန်လာချိန် ပိုးတစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေးဆွဲနေသည်။

"ဟဲ့ ပိုး ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ငိုတာလဲ မာမိ ပြောစမ်း. . . ပြောလေ"

"မာမို့ ပြောလေ" "သမီး ပြော"

"မာမိ. . . ဟင့်. . . ဟီး၊ အီး"

"ပြောပါသမီးရယ်၊ မာမိ ရင်တုန်လိုက်တာကွယ်"

"မာမိ နောက်အိမ်ထောင်ထူမှာဆို ဟုတ်လား"

"သမီးကို ဘယ်သူပြောတာလဲ ပြောလေ၊ ပြောစမ်း မာမို့ကို"

"မာမို့ဦးလေး ဘိုးထော် ဘိုးထော် ပြောတာပေါ့"

"ခက်တာပါပဲကွယ်"

"မာမိ ဟုတ်. . . ဟုတ်လားဟင်"

"သမီးရယ် အင်း" ဟူသော စကားတစ်ခွန်းနှင့် သက်ပြင်းချရင်း ဆိုလေသည်။

"မာမိ ပိုးမှာ. . . ပိုးမှာ အဘွားမရှိတော့တဲ့နောက် မာမို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်လာတာ၊ မာမီနဲ့ပဲ နေလာတာ၊ မာမီရယ်. . . ပိုးမာမီနဲ့ပဲ နေချင်တာ၊ ပိုး ဘယ်လိုနေရမလဲ မာမီရာ"

"သမီးရယ်. . . မာမီ့အိမ်ထောင်ရေးအတွက် မာမီ အတော် စဉ်းစားပါတယ်၊ ခုဟာက သမီးလေး ရှေ့ရေးလေ၊ သမီးလေးအတွက်"

"သမီး မမြင်ချင်ပါဘူး"

"သမီးရယ်. . . မာမီ့အိမ်ထောင်ရေးအတွက် မာမီ အတော် စဉ်းစားပါတယ်၊ ခုဟာက သမီးလေးရှေ့ရေးလေ၊ သမီးလေးအတွက်"

"မာမီ့ဘေးမှာ တခြားဘယ်သူမှ ဘယ်ယောက်ျားမှ မရှိစေချင်ဘူး၊ သမီးပဲနေချင်တာ၊ တခြား ဘယ်သူမှ မမြင်ပါရစေနဲ့ မာမီရယ်နော်၊ မာမီ့သမီးလည်း အရွယ်ရောက်လာပြီပဲ၊ မာမီနဲ့ အတူတူ ရုန်းကန်မှာပေါ့၊ သမီးနဲ့ မာမီ ဘာမှမလိုအပ်ပါဘူး မာမီရယ်နော်"

"သမီးရယ်. . . အဲဒီအရွယ်ရောက်တာကိုက ခက်တာပေါ့ သမီးရဲ့. . . သမီး သိရဲ့လား"

ထိုနေ့မှစ၍ ပိုးပိုးတစ်ယောက်မှာ မာမီအပေါ် ရွဲ့တတ်၊ စောင်းတတ်လာသည်။ မာမီက ဒါဆို သူမက ဟိုဟာ ဖြစ်လာသည်။

"ပိုး မာမီ့အင်္ကျီတွေချုပ်ပြီးရင် ခေါင်းအုံးဖုံးလေးတွေ ပန်းထိုးပါလား"

"ပိုး ခါးတွေ နာနေပြီ မာမီ၊ နောက်မှ လုပ်ပေးမယ်"





"မာမီက ပိုးကို ခါတိုင်းလိုပဲ ဆုချမှာပါကွယ်။ မာမီ ဈေးရောင်းတဲ့ အမြတ်ထဲက ပိုးအတွက် မာမီစုထားနေကြလေ၊ ပိုး ဘာလို ချင်လဲ ပြော၊ မာမီ ဘာလုပ်ပေးရမလဲ၊ ဝယ်ပေးရမလဲ ပြော"

"တော်ပါ မာမီရာ၊ မာမီမှာ အဲသလို အရည်အချင်းတွေ ရှိလို့၊ ဟိုလူကြီးက မျက်စောင်းထိုးတာပါ၊ မာမီကို အပိုင်ကြံတာရယ် ပိုးသိတယ်"

"သမီး ပိုး" မာမီက ဟန့်တားသော်လည်း ပိုးတစ်ယောက် မျက်ရည်များ ဝိုင်းကာ နှုတ်ခမ်းများက တုန်ယင်လျက်။

ပိုး မာမီနားမှ ထရပ်ကာ စက်ဘီးရှိရာသို့ ခြေလှမ်းများ ရွှေ့လိုက်သည်။

"ပိုး ဘယ်သွားမှာလဲ သမီး"

"သဇင်တို့၊ တုတ်တုတ်တို့နဲ့ လေညင်းခံ သွားမလို့"

"မြန်မြန်လာနော်၊ မာမီ လည်တာ မကြိုက်ဘူး"

"ဟုတ်ကဲ့ပါ" ဟုသာ ပြောလိုက်သည်။ ဘဝင်မကျသည့် လေသံနှင့် ဂျစ်တူးတူးပုံစံ ပေါက်နေသည်။

"သဇင်ရေ. . . ညီမလေး သဇင်"

"လာပြီ မမပိုး ဘယ်လဲ"

"စက်ဘီးစီး"

"ဟာ! မမပိုး အန်တီ့ ပြောခဲ့လား"

"တုတ်တုတ်ရော"

"မရှိဘူး၊ ဘလေးနဲ့ အပြင်လိုက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ သိလို့လား၊ မမပိုးရဲ့"

"လျှာရှည်ပြန်ရော၊ နင်ကလည်း ဒါပဲ မေးနေ"

"တော်ကြာ ဗိုက်ကြောဆွဲခံရမှာ သဇင် ကြောက်လို့ပါ"

"လာပါ၊ ငါ့တာဝန်ထားပါ၊ ငါ ပြောပြီးမှ လာတာ"

"သဇင် ငါ ပြောစရာရှိတယ်"

"ပြောလေ မမပိုး၊ ဘာလဲ"

"မာမီ ယောကျ်ားယူမလို့တဲ့"

"သဇင်လည်း ကြားပါတယ်၊ မမပိုးကို မမေးရဲလို့ပါ"

"ငါလေရှက်လိုက်တာဟယ် စိတ်လည်းညစ်တယ်၊ တကယ်ပါ၊ ငါလေ မာမီကိုသိပ်ချစ်တာ၊ မာမီက ငါ့အတွက် မိခင်ကောင်းပါ၊ မာမီ့ဘေးမှာ ဘယ်ယောကျ်ားမှ ငါ မရှိစေချင်ဘူး၊ ပထွေးဆိုတာချည်းလည်း သိပ်စက်ဆုပ်တာပဲ"

"ခက်တာပဲ မမပိုးရေ၊ ခုဟာက လူကြီးတွေ ကိစ္စအားလုံးက အန်တီကို တိုက်တွန်းသလို ဖြစ်နေတာ"

"အဲသလို တိုက်တွန်းလို့ မာမီစိတ်ချမ်းသာရင် ငါကျေနပ်ပါတယ်၊ မာမီ စိတ်ဆင်းရဲရင် ငါလည်း စိတ်ဆင်းရဲမှာ၊ ဟိုလူကြီး ကြည့်ရတာ ရှိုးသမား၊ အဝတ်အစားက ကြော့ကြော့နဲ့ ဆံပင်ကေကလည်း အမောက်နဲ့၊ ငါဖြင့် ကြည့်မရပါဘူးအေ၊ ငါ ညတိုင်း ငိုနေရတယ်၊ မာမီ့ကို နှမြောတယ်"



# အပိုင်း ၃



www.burmeseclassic.com

www.burmeseclassic.com

## “လမ်းကြောင်းတစ်ကွေ့ . . . အချစ်တွေ့”

“ဟာ မမပိုး၊ ရှေ့မှာ စက်ဘီးတစ်စီး လာနေတယ်၊ ဘေးကွေ့ ဘေးကွေ့ဦး”

“အယ် ဒုက္ခပဲ”

စက်ဘီးလက်ကိုင်က ဒယီးဒယိုင်ဖြစ်သွားလျက် လူကလည်း ပုံပန်းမကျစွာနှင့် ပိုးပိုး စိတ်တိုသွားလျက် “ရှင် ဘယ်လိုလူလဲ၊ စက်ဘီးစီး ရမ်းကားလှချည်လား” ပါးစပ်မှလည်း ဒရောသောပါး ရန်လုပ်ရင်း ယိမ်းယိုင်သွားသော စက်ဘီးကို မြေပြင်ပေါ်ထိ လဲကျမသွားရန် ပိုး ကြောက်အားလန့်အား ထိန်းကာ လူကလည်း စက်ဘီးခွကြားတွင် ခြေထောက်နှစ်ဖက်က ကိုးရိုးကားရား ပါးစပ်မှလည်း တစ်ဖက်လူကို လှမ်းရန်တွေ့လျက်ပင် . . .

သို့သော် တစ်ဖက်မှ မင်းညိုခန့်က အရွယ်ငယ်ငယ် ညီမအရွယ် ကောင်မလေး၏ စွာတေးလန် အသံကြားပြီး မခံချင်





စိတ်ဖြင့် ဘုတောပြောမည်အလုပ်တွင် ကောင်မလေး၏ မျက်နှာကို မျက်နှာချင်းဆိုင် မော့ကြည့်လိုက်ရာ အသားဖြူဖြူ ပါးမို့မို့လေးနှစ်ဖက်မှ ပါးကွက်ကြားပါးပါးလေးနှင့် မျက်ဝန်းစိုစက်စက်တို့က ပဉ္စလက်ကင်းသော စူးရှခြင်း ဆွဲဆောင်မှုတစ်မျိုးဖြင့် မင်းညိုခန့် အရှိုက်အတွင်း . . . တစ်စစီ ပျော့ပျောင်း . . . အရှုံးပေးလိုက်ရ၏။

ကြည့်စမ်းပါဦး . . . နှုတ်ခမ်းပုံစံလှလှလေးရဲ့ တိုင်ပင်ခံမယ့် စကားကြွမ်းတချို့က အခြားမိန်းကလေးတွေလို ရန်ယောင်သံ မပေါက်သလို ဝမ်းနည်းစွာ ငိုသံထွက်လျက် သနားစရာ မာယာမဲ့သည့် တကယ့်အဖြူရောင် အလှစစ်၊ တန်ဆာဆင် အလှကင်းတဲ့ အလှစစ်ပိုင်ရှင် ကောင်မလေး။ သူမ၏ပုံစံချခြင်း ကင်းမဲ့တဲ့ သဘာဝအလှတွေရဲ့ ဖမ်းစားမှုကြောင့် မင်းညိုခန့် တစ်ယောက် ဒယာကျိုးတို့ထုံး နှလုံးမူကာ စချင်ချင်၊ ကလိချင်ချင် စိတ်ကို မျိုသိပ်နိုင်တော့ပဲ . . .။

“ကျွန်တော် မမှားပါဘူးဗျာ၊ အမိ မှားတာပါ၊ သေချာ ပြန်ကြည့်ပြီး လာတဲ့လမ်းကြောခြင်း ယှဉ်ကြည့်လေ၊ အမိက ဘာတွေ တွေးနေမှန်းမှ မသိတာ၊ ဧကန္တတော့ အဟဲ”

“ရုပ်ကိုက ပြောင်စပ်စပ်နဲ့ ပါးကွဲမယ်နော်”

“စွာလှချည်လား မျက်နှာလေးက (Baby face) နဲ့ တကယ် စွာပါလား”

“ရှင့်အလုပ်လား”

“ကျွန်တော့်အလုပ်လား လောလောဆယ်တော့ လည်ရှာပြန်စားရေးအလုပ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com

"သဇင် နာသေးလား"

"ဟင့်အင်း"

"ကျွန်တော့်နာမည်ရော မှတ်ထား . . မင်းညိုခန့်တဲ့"

'ကျက်သရေ' ဟု ဆိုကာ ပိုးနှုတ်ခမ်းကို မဲ့ကာ စက်ဘီးကို စီးထွက်လာခဲ့သည်။

"သဇင်၊ မမပိုးတို့ ဘုရားကျောင်းဖက်ဝင်ပြီး ဆုတောင်းမယ်နော်"

"သွားလေ၊ မမပိုး သဘော"

"အေးချမ်းချင်လို့ပါ သဇင်လေးရယ်"

"ပြီးတော့ ဇေရာဖပင်ကြီးအောက် ထိုင်မှာမို့လား မမပိုး"

"အေးပေါ့"

"သိပြီးသားဗျ"

ပိုးတစ်ယောက် စိတ်ညစ်လျှင် အမြဲတမ်း ထိုဇေရာဖပင်ကြီးအောက် ထိုင်လေ့ရှိသည်။ ထို့ကြောင့် ထိုနေရာလေးက သူမရဲ့ ဘဝမှတ်တိုင်လေးတစ်ခုထဲ အပါအဝင်မှာ အရေးပါဆုံး သူမ အနှစ်ခြိုက်ဆုံး နေရာလေးတစ်နေရာပေါ့။

"မမပိုး ဆင်းမယ်နော်"

"အေး အေး ဆင်းလေ"

"မမပိုးဘာသာ ဆုတောင်းတော့နော်၊ သဇင် ဒီကနေ ထိုင်စောင့်မှာ"

"အဝေးတွေ မသွားနဲ့နော် ကြာနေမယ်"

သူမ ဘုရားကျောင်း လှေကားများအတိုင်း တက်လာကာ





ဘုရားကျောင်းအဝင်မှ စတင်ဝတ်ပြုပြီး ရှေ့ဆုံးခုံတန်းရှည်သို့ သွားထိုင်ကာ မာမီကိစ္စများ၊ မာမီ ဟိုလူကြီးနှင့် မယူဖြစ်ပါစေနဲ့ . . . မယူဖြစ်ပါစေနဲ့တော့ မာမီရယ်" ဟုသာ ပါးပြင်နှစ်ဖက်မှလည်း မျက်ရည်စီးကြောင်းတို့နှင့်ပေါ့။ မာမီ ပြောပြောနေတဲ့ စိတ်ခိုင်ဖို့ လောကဓံကို ခံနိုင်ဖို့ဆိုတာ ခုကိစ္စနှင့် မဆိုင်လောက်ပါဘူး၊ နောက်တွင် တိုးရင်း ဆုတောင်းရင်း၊ ဆုတောင်းပြီးသည်နှင့် ဇေရာဖပင်ရှိရာသို့ ထွက်လာခဲ့သည်။ ပိုးမျက်လုံးလေးများ ပြူးကျယ်ဝိုင်းစက်သွားသည်။ ပါးပြင်မှ မျက်ရည်စီးကြောင်းများကို လက်နှစ်ဖက်နှင့် အမြန်သုတ်တင်လိုက်သည်၊ သဇင်နှင့် စကားပြောနေသော စောစောပိုင်းကလူ။

"သဇင် သိလို့လား"

"ဟင့်အင်း" သဇင် စောစောလောက်က မသိပါဘူး၊ ကိုကိုကြီး ပြောပြလို့ သိတာ၊ သဇင်တို့ အိမ်နားမှာတင်နေတာ ဒေါ်လေးကြည်သားတဲ့ တက္ကသိုလ် စာမေးပွဲဖြေပြီး ကျောင်းပိတ်ရက်မို့ ပြန်လာတာတဲ့ ပြောတာပဲ"

"ဟုတ်လား ကိုကိုကြီး၊ ဟုတ်တယ်နော်"

"အင်းပေါ့ သဇင်ရဲ့"

ဟု ပြောလျက် သူ့ကို အတိုင်အဖောက်ညီနေကြသော သဇင်နှင့် ဟိုလူ။

"ကိုကိုကြီး ဘုရားဝတ်ပြုလိုက်ဦးမယ်" ဆိုကာ မချိုမချဉ် မျက်နှာနှင့် ပိုးဖက်လှည့်ကာ (Baby face) လို့ လှောင်သွားပြန်၏။ ယောက်ျားတွေကို အထင်မကြီးတတ်သော ပိုးဘဝမှ



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုယောက်ျားမျိုး ဝင်ရောက်လာမယ်ဆိုတာ ပိုး ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါဘူး။

"သဇင် ယောက်ျားတွေနဲ့ မပတ်သက်နဲ့လေ တော်ကြာ မာမီ သိသွားရင် အခေါက်ခံရဦးမယ်"

"သူ လာမိတ်ဆက်တာ သဇင် သွားပတ်သက်တာမှ မဟုတ်တာ မမပိုးကလည်း"

"မမပိုး ဟိုနေ့က ကိုအောင်ကတောင် မေးနေသေးတယ် သိလား"

"လာပြန်ပြီ ငါမကြိုက်ပါဘူးဆို နင်ကလည်း ဘာတွေ လာပြောနေတာလဲ"

"သိပါတယ်၊ သူက မမပိုးအကြောင်းပဲ မေးနေတာ သဇင့် ကိုလည်း မုန့်တွေ ဝယ်ကျွေးတာ အများကြီးသိလား"

"နင်နော် မာမီပြောသလို မုန့်မက်မနေနဲ့ တော်ကြာမှ ဒုက္ခ ဖြစ်နေမယ်၊ ယောက်ျားတွေက ကောင်းတာမဟုတ်ဘူး။ နင် လည်း ကလေးမဟုတ်ဘူး၊ လာ မြန်မြန်ပြန်မယ်"

ညီမနှစ်ယောက် စကားများကာ ပြန်လာကြသည်။ အိမ် ရှေ့ရောက်တော့ မာမီက ထွက်ကြိုနေသည်။

"ကြာလိုက်တာ ပိုးလေးရယ်. . . မာမီ စိတ်ပူနေတာ ဘယ် တွေ ဝင်နေတာလဲ"

"ဘုရားကျောင်းတက်နေလို့ပါ မာမီ"

"ဟုတ်လား မာမီက အလည်လွန်နေတယ် ထင်တာ၊ ထမင်း စားမယ်လေ၊ မာမီ မစားဘဲ စောင့်နေတာ"





"ဟုတ်ကဲ့"

မာမီနောက်မှ စက်ဘီးသွင်းကာ အိမ်ထဲ ဝင်လာခဲ့သည်။

"မာမီ ချက်ထားတဲ့ ဟင်းတွေက ပိုးအကြိုက်လေ၊ ချဉ်ပေါင် ရွက် မျှစ်ချဉ်ရည်ဟင်း၊ တညင်းသီးနဲ့ ငံပြာရည်ဖျော်၊ ငရုတ်သီး ထောင်း၊ ကြက်သားကာလသားချက်နဲ့ပေါ့"

ခါတိုင်းလိုဆို "ဟေး မာမီကွ" လို့ ထအော်ကာ မာမီခါးကို ဖက်ကာ ပွတ်သပ်ပွတ်သပ်နှင့်ပေါ့။ ယခုမူ တခြားစီ။

"ပိုးလေး လက်ဆေးချေနော်၊ ပြီးရင် မာမီ့ဖို့ သောက်ရေ ရော၊ လက်သုပ်ပုဝါရော ယူခဲ့၊ မာမီ ထမင်းပွဲပြင်ဦးမယ်"

"ဟုတ်ကဲ့၊ မာမီ" ဟု ဖြေရင်း အိမ်နောက်ဖေးသို့ လက်ဆေး ထွက်ခဲ့သည်။ မာမီ့လက်ရာ စားချင်မိသည့်စိတ်နှင့် ဗိုက်က ယခုမှ ပို၍ဆာလာသလို ဖြစ်လာသည်။ မာမီက ပိုးရဲ့မာမီ ပိုးထက်အစစအရာရာ အချက်အပြုတ် အကုန် ပိုးထက် တတ် တာပေါ့၊ ပိုးလည်း မာမီ့ခြေရာမီအောင် ကြိုးစားရမှာပေါ့။ ပိုးကို မာမီက အမြဲတော်စေချင်၊ လိမ္မာစေချင်သည်။ ယခု ပိုးက ဆိုးစပြုနေသည်။

"ပိုး ထိုင်လေ သမီး စားလေ လာ" မာမီ၏ ကြင်နာသော အသံ. . . ယုယုယယ ထည့်ပေးနေသော ဟင်း၊ ထမင်းများကို ကြည့်ရင်း မျက်ရည်ဝဲလာသည်။ မျက်တောင်တို့ကို ပုတ်ခတ် ရင်း မျက်ရည်ထိန်းသောအကျင့်ကို အလျင်အမြန် ပြုလိုက်သည်။

"မာမီ" နှုတ်မှ တိုးညှင်းစွာ ခေါ်လိုက်မိသည်။

"ပြောလေ ပိုးလေး၊ ဘာလိုချင်သေးလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com

ထမင်းနှင့် ဟင်းတို့ကို ရောနယ်ရင်း တစ်လုတ်စားကာ
"သိပ်ကောင်းတာပဲ သိလား၊ မာမီ ဒီနေ့ ပိုလှနေသလိုပဲ"

"အဲဒီမြှောက်သံ မာမီနားထဲမှာ မကြားရ၊ မချိုမြိန်ရတာ ကြာပြီ ကလေးရယ် သိလား၊ တစ်လပြည့်တော့မယ်ထင်ရဲ့"

"မရှိသေးပါဘူး မာမီရာ၊ အခုမှ ရက်နှစ်ဆယ်ကျော်လောက်ပဲ ရှိသေးတာပါနော်"

"မာမီ့လိုပဲ ပိုးလည်း မနေတတ်ပါဘူး၊ ဒါပေမဲ့ ဒီလို ကျင့်ထားမှ ပိုး နောင်ကို နေတတ်မှာလေ"

"ပိုးလေး. . . သမီးရယ်. . . ဆက်မပြောနဲ့တော့နော်၊ သမီး ထမင်းပဲ ဘုရားမှာဆုတောင်းစား"

"အင်း" ဟု ခေါင်းညိတ်ရင်း ထမင်းကို ငုံ့စားကာ သူမ စကားသံတို့ တိတ်ဆိတ်သွားသည်။ မာမီကလည်း ထမင်း စားပြီးသလိုနှင့် ထသွားလေသည်။ "မာမီရယ်" ဟု သူမရင်ထဲ မှာလည်း ဆို့နင့်နေသည်။



# အပိုင်း ( ၄ )



www.burmeseclassic.com

www.burmeseclassic.com

"မြတ်နိုးခင်" "ခင်ရေ"

အိမ်ရှေ့မှ တကြော်ကြော်အော်သံကြောင့် ပိုး အပြေးအလွှား အိမ်ရှေ့ထွက်လာသည်။ ဟိုလူကြီးအသံကို မကျက်မိပေမယ့် ရုပ်ကို အလွတ်ရစွာ အသေမုန်းသော ပိုးအမုန်းဆုံးလူ။

"ခင်ရှိလား ကလေး"

"မာမီ မရှိဘူး၊ အထည်ဆိုင်မှာပေါ့၊ ဈေးမသိမ်းသေးတော့ ဈေးမှာရှိမှာပေါ့"

"ဘကြီးထော် ဟိုဘက်အိမ်မှာရှိလား"

"မရှိဘူး၊ ကြီးလေးပဲရှိတာ၊ ဘကြီး ချောင်းဦး ဘုရားကျောင်း သွားတက်တယ်"

"ဒါဆို ဦး ညနေကျတော့ ပြန်လာမယ်လို့ ဘကြီးထော်ကို ပြောပေးနော် ဟုတ်လား"

"ကြီးလေးရှိသားပဲ၊ ပိုးက မေ့တတ်တယ်၊ ဆော့ရင်း မေ့ရင် ဘယ်လိုလုပ်မလဲ၊ ကိစ္စရှိရင် ကြီးလေး ဝင်ပြောလေ"



"ညည်းကလည်း ကလေးကျလို့ ဆော့တုန်းပဲလား"

"ပိုးက ကလေးပဲ၊ ဦးလေးနဲ့ ဘာဆိုင်လဲ"

"အရေးမကြီးပါဘူး၊ ဦးပြောခိုင်းတာ မေ့လည်း ကိစ္စမရှိဘူး၊ ညည်း ဉာဏ်ကောင်း မကောင်း သိရတာပေါ့ သမီးရာ၊ သွားမယ် နော်"

ပိုင်စိုးပိုင်နင်း သမီးဟု အဆုံးသတ်သွားသော ထိုလူကြီးကို ကြည့်ကာ ပိုး ပို၍ ကြည့်မရ ဖြစ်သွား၏။ ရုပ်က ဘိုကပြား ဆန်သလို ချောသည်လို့ သတိထားမိသည်။ "မာမီက ဒါကြောင့် မငြင်းတာနေမှာ" မာမီကို မဆီမဆိုင် အပြစ်တင်လိုက်သည်။ ခြေဆောင့်ကာ စိတ်တိုမှုဖြင့် အိမ်ရှေ့လသာဆောင်မှ မာမီ တယုတယ စိုက်ထားသော အုန်းပင်ကို ကပ်၍ တွယ်စိုက်ထားသည့် သစ်ခွပန်းများဆီသို့ လက်လှမ်းကာ သစ်ခွအနွယ်အမြစ်များမှ အခြောက်တချို့ကို ယူကာ ချိုးဖဲ့ပစ်လိုက်သည်။ ခုလောက်ဆို ဟိုလူကြီးနှင့် မာမီ စကားပြော ရယ်မောနေလောက်ပြီ။ သူမသာ ဒီမှာတစ်ယောက်တည်း၊ သူမဘဝ မကြာမီ ဒီလိုနှင့် တစ်ယောက်တည်း ဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၅ )



ဝေခွဲလို့အဖြစ် . . . မိခင်ရဲ့အချစ်

"ကြီးလေးရေ" "ကြီးလေး"

"ဟေ. . . ဘာတုန်း ပိုးလား"

"ဟုတ်တယ်၊ သမီး မာမှီဆိုင် လိုက်မလို့"

"သမီး ဒီနေ့မနက်စာ အိမ်တစ်ယောက်တည်း မစားချင်ဘူး။ ပျင်းသွားပြီ၊ ကြီးလေးတို့နဲ့လည်း မစားချင်ဘူး၊ အိမ်ကို ခဏလေး ကြည့်ပေးပါနော်၊ ပိုး မာမီနဲ့ ထမင်းသွားစားချင်လို့ စားပြီး ပြန်လာမှာပါ ကြီးလေးရဲ့၊ နော် ကြီးလေး"

"တော်ကြာ ညည်းအမေက တစ်ယောက်တည်းလွှတ်လိုက်လို့ ကျုပ်ကို အပြစ်တင်နေပါဦးမယ်အေ၊ ညည်းကို သူက သိပ်ချစ်တာ"

"သိပ်ချစ်တာ. . . သိပ်ချစ်တာတဲ့လား ကြီးလေး" ရော မာမိက သူမကို သိပ်ချစ်တယ်ဆို ဘာလို့ အခုလိုဆုံးဖြတ်တာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကြီးလေးတို့ ဘာလို့မတားတာလဲ၊ မေးချင်သော်လည်း မမေး မိရန် စက်ဘီးကို အမြန်စီး၍ အိမ်မှထွက်လာခဲ့သည်။

မာမီ့ဆိုင်ထဲကို သူမ အဝေးမှ လှမ်းကြည့်လိုက်သည်။ ထင်သည့်အတိုင်း ဟိုလူကြီး၊ တွေ့ကြသေးတာပေါ့။

"မာမီရေ" အဝေးမှ ကုန်းအော်လိုက်သည်။

"ဟဲ့ ပိုး အမောတကောနဲ့ မိန်းကလေးလေး ကြွေရမှ မာမီ ကြိုက်တယ်လို့ မှာထားတယ်လေ"

"သိတယ် မာမီ၊ ပိုး ဗိုက်ဆာလို့ မာမီနဲ့အတူ စားချင်စိတ် ရှိလို့ စားချင်စိတ်ပေါ်လာလို့ အိမ်မှာလည်း ကြီးလေးနဲ့ နှစ်ယောက်တည်း မစားချင်လို့"

"ကဲလာ၊ ဒါဆို ဖိနပ်ချွတ်ပြီး ဆိုင်ပေါ်တက်ခဲ့"

"အစ်ကိုသော်ရေ အဲဒါပဲကြည့် သမီးက သိပ်နွဲ့ဆိုး ဆိုးတာ တစ်ယောက်တည်းဆိုတော့ ပိုဆိုးတယ်"

"ကလေးကိုး ခင်ရဲ့"

ပိုးဖက်လှည့်ကာ ခေါင်းကို လာပုတ်သည်။ "ညည်းက ခင့်ရဲ့ အသည်းပါလား၊ ခင့်ရဲ့ တကယ့်အသည်းပဲအေ" တဲ့။

ကြားထဲက မနာလိုဖြစ်နေသော လူကြီး။ ပိုးကလည်း ဘယ်ရမလဲ အစကတည်းက မျက်ကြောမတည့်သော မာမီ၏ ထိုလူကြီး အစ်ကိုသော်ကို ခြေထောက်မှ ဖိနပ်ကို ချွတ်မလို လုပ်ရင်း ငုံ့ကာ ထိုင်ခုံ၏ဘေးအဆင်းတွင် ထိုင်နေသော ထိုလူ၏ ခြေထောက်ကို ပိုးဖိနပ်နှင့် တက်နင်းချလိုက်သည်။ သက်သက်မဲ့ပေါ့။





သို့သော် ထိုလူက မာမီ့မျက်နှာနှင့် ပြုံးလို့ပေါ့။

"နောက်ဆို သမီးရယ်၊ မာမီရယ်၊ ဦးရယ် သုံးယောက်ဆို ထမင်းဝိုင်းက ပျင်းစရာမကောင်းတော့ပါဘူး သမီးရဲ့၊ ပိုစည်ကား လာမှာသိလား" တဲ့ နားထဲမှာ အမှတ်မထင်ကြားရသော ထို စကားက ရင်ထဲမှာ ပူလောင်သွားလျက် စားချင်သောစိတ်တို့ လည်း ပျောက်ပြယ်လွင့်ပြယ်သွားကာ ထမင်းချိုင့်ဆီသို့ လှမ်း နေသော လက်တို့လည်း အလိုလို ပြန်ရုပ်သိမ်းမိတော့သည်။

"သမီး"

နားလည်သဘောပေါက်ပြီးသော မာမီက အကင်းပါးလျက်

"မာမီထင်တယ်၊ သမီး လိုက်လာမယ်လို့ အစ်ကိုသော်က ပြောပြတယ်လေ၊ သမီး ဆာသလို မာမီလည်း ဆာတာပေါ့၊ သမီးနဲ့ စားချင်စိတ်ရှိလို့၊ သမီးလာမယ်ဆိုတာ သိနေလို့ မာမီ မစားသေးဘဲ စောင့်နေတာ၊ သမီးမပါတဲ့နေ့ သမီးမလာရင် မာမီဖြင့် မနက်စာထမင်းကို ဒီမှာစားရတာ ဘယ်တော့မှ မစားနိုင်ဘူး၊ သမီးလာတော့ မာမီထမင်းပိုစားနိုင်တာပေါ့ သမီး မျက်နှာလေးကြည့်ရင်း"

"တကယ်လား မာမီ" မျက်ဝန်းကို ဟိုလူကြီးဖက် ရွှေ့ကာ မေးချလိုက်သည်။

"တကယ်ပေါ့ သမီးရဲ့" ဟု ဆိုကာ မာမီရယ်နေသည်။

လူကြီးရှက်တော့၊ လူကြီးရှက်တော့ ရယ်ဆိုသလိုမျိုး မာမီ ရယ်တာ ပိုးလည်း ရိပ်မိတာပေါ့နော်။ ဟိုလူကြီးရှိတော့ မာမီ ဆာမှာမဟုတ်ပါဘူး။

"ခင် အစ်ကိုသော် ပြန်နားဦးမယ်၊ ညနေကျမှ တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့၊ ဦးလေးတော်လည်း ပြန်ရောက်ရင် ခင်ပြောထားနှင့်လေနော်”

“ကောင်းပြီ၊ အစ်ကိုသော်”

“ဟိတ် ကလေး ပြန်မယ်”

“နာမည်ရှိပါတယ်၊ ကလေးလည်း မဟုတ်ဘူး”

“အေးပါအေ၊ ဦး မှတ်ထားလိုက်ပြီနော်”

“ပိုး သမီးရယ်” လို့သာ မာမီက ပိုးကို အပြစ်မတင်ဘဲ သနားသလို ပြောကာကြည့်ရင်း သားအမိမျက်ဝန်းချင်း စကားပြောကြ၏။

“ခင်ရေ သွားပြီဟေ့နော်” ဟိုလူကြီး၏ စကားသံကြောင့် မာမီမျက်နှာလွှဲသွားသည်။ ထိုလူကြီး၏ မျက်နှာဖက်လှည့်သောအခါတွင် မာမီမျက်နှာတွင် အပြုံးလှလှတို့ မခွဲ၍တော်သေးသည်။

“မာမီ၊ ပိုး မဆာတော့ဘူး၊ အိမ်ပြန်တော့မယ်၊ အိမ်မှာကြီးလေးပဲရှိတာ၊ ဟိုရောက်မှပဲ စားတော့မယ်”

“ပိုး ဘယ်လိုဖြစ်တာလဲ၊ ဘာလို့ ဟိုရောက်မှ စားမှာလဲ၊ အခု မာမီဆီရောက်နေတာပဲ တစ်ခါတည်းစားသွားပေါ့”

“ပိုးမှ မဆာတာ မာမီ့ဆီ ဟိုလူကြီးရှိမယ်ထင်လို့ လာတာ ပိုးပြန်တော့မယ်”

“ခက်ပါလား သမီးပိုးရယ်”

“မခက်ပါဘူး၊ မာမီတစ်ယောက်တည်းဆို ပိုးနဲ့မခက်ဘူး၊ ဘယ်တုန်းကမှ ဘာမှမခက်ခဲ့ပါဘူးနော်။ မာမီသာ ထမင်းဝင်အောင်စားနော်၊ ပိုးနဲ့ညနေကျမှ အတူတူစားမယ်၊ ပိုး





စောင့်နေမှာနော် မာမီ”

“ဖွတ်ပါလား သမီးလေးရယ်၊ ကဲ . . . ဒါဆို သွား သေချာပြန်နော် နေပူတယ်။ မာမီ့ထီးလေး ဆောင်းသွား”

ညနေဖက် အဲဒီညနေဖက် အမှတ်ရဆဲ ညနေလေ။

မာမီနဲ့ ဟိုလူကြီး လက်ထပ်တော့မယ်တဲ့၊ လာမယ့်တနင်္ဂနွေတဲ့၊ ဘာသာအရရော ခမ်းနားစုံလင်စွာ စီစဉ်နေတာတွေ ပိုး နားမခံသာသည့်အဆုံး ညနေ အိမ်မှထွက်လာခဲ့သည်။ ထုံးစံအတိုင်း ဇကရာဖ်ပင်ဆီသို့သာ . . .။ စက်ဘီးမယူဘဲ ခြေလျင် လမ်းလျှောက်ရင်းနှင့်။ စက်ဘီးမပါသော်လည်း သဇင့်ကို ခြေလှမ်းလှမ်းရင်း သတိရကာ ဝင်ခေါ်ရန် ဆုံးဖြတ်လိုက်သည်။ သဇင်ကို လမ်းထိပ်တွင် အသင့်တွေ့လျက်။

“နှင် လိုက်မလား၊ ငါမြစ်ဆိပ်တာရိုးပေါ်ကနေ ကျောက်ဆောင်ဆိပ်ဘက် လမ်းလျှောက်မလို့ အပြန်ကျရင် မုန့်ဝယ်ကျွေးမယ်အေ”

“အန်တီ သိလို့လား မမပိုး၊ ညနေမှောင်တော့မယ်နော်၊ တော်ကြာ အရိုက်ခံရလိမ့်မယ်”

“မာမီ့လူကြီးရောက်နေလို့ ငါလစ်ထွက်လာတာ”

“သဇင် ကြောက်တယ်၊ အန်တီက စိတ်ဆိုးလိမ့်မယ် မမပိုး”

“တော်စမ်းပါဟယ်၊ ငါကတော့ စိတ်မဆိုးရတော့ဘူးလား၊ နှင် မလိုက်ချင် မနေခဲ့လေ၊ ငါဘာသာ သွားရပါတယ်”

“မမပိုးတစ်ယောက်တည်း သဇင်လိုက်မှာပေါ့”

“မမပိုး ငိုမှာလား”

“မျက်ရည်တွေ ခန်းတော့မယ် ထင်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com

"တကယ်လား မမပိုး၊ မငိုပါနဲ့ မမပိုးရယ်၊ အန်တီလည်း သနားပါတယ်။ မမပိုးကို ချစ်လို့ ဆုံးဖြတ်တာနေမှာလို့ အမေ တို့က ပြောတယ်၊ အန်တီက ချောတုန်း၊ လှတုန်းဆိုတော့ အန္တရာယ်က များတယ်တဲ့၊ ဒီကြားထဲ မမပိုးက အန်တီ့ထက် ရုပ်လှတော့ ပိုဆိုးမှာတဲ့၊ အန်တီမှာ အဲဒါတွေ တွေးပြီးလုပ်တာ နေမှာတဲ့"

"ဒါ တွေးစရာလား၊ သဇင်ရယ် အဲဒီလိုတွေးတော့ရော မမပိုးက အပျိုဖြစ်တော့ ဟိုပထွေးနဲ့ တင့်တယ်ပါ့မလား၊ မမပိုး ရုပ်ချောတယ်လို့ ဘေးက ဆုံးဖြတ်မြင်သလို အဲဒီလူကြီးကလည်း မြင်မှာပဲ၊ ပထွေးဆိုတာချည်းနဲ့ မမပိုး မနေရဲဘူး၊ မနေချင်ဘူး၊ စိတ်ကလည်း လုံခြုံတယ် မထင်ပါဘူးအေ"

စကားတပြောပြောနှင့် ချင်းတွင်းမြစ်ကမ်းဘေးသို့ ရောက် လာ၏။



# အပိုင်း ( ၆ )



www.burmeseclassic.com

www.burmeseclassic.com

"စိတ်တဒင်္ဂအပန်းဖြေ ချင်းတွင်းမြစ်ဆည်းဆာနေ"

ပိုးပိုးတစ်ယောက် တာရိုးပေါ်သို့ လှေကားထစ်များမှ ပြေးတက်လိုက်သည်။ ပြီးနောက် လက်နှစ်ဖက်ကို စိတ်လွတ်ကိုယ်လွတ် မြှောက်ကာ မြစ်ပြင်မှ ဖြတ်သန်းလာသော လေကို ရှူရှိုက်ကာ စိတ်တဒင်္ဂကို အပန်းဖြေစေသည်။

"ငါ အစကတော့ ဧကရာဇ်ပင်ဆီ သွားမလို့ပဲ၊ အခု ဒီကို လာလိုက်တာ ပြီးတော့ တင်းကြပ်တာတွေ လျော့သွားတယ် သိလားသဇင်"

"မမပိုး စိတ်ကျေနပ်ရင်ပြီးတာပဲ၊ သဇင် ဘာမှ မစားချင်ဘူး၊ ခဏနေရင် ပြန်ကြမယ်နော်. . . မမပိုး"

"အေးပါဟယ် နင်ကလည်း လောလိုက်တာ နင့်လိုပဲ ငါလည်း မိုးချုပ်ရင် မနေရဲပါဘူး၊ လေညှင်းကလေး ခဏခံပြီး စိတ်ပေါ့သွားရင် ပြန်မှာပါ"





"အန်တီလည်း စိတ်ပူနေပြီး မျှော်နေမှာစိုးလို့လေ မမပိုးရဲ့" မာမီ ဟုတ်ပေသားပဲ၊ သူမ ချစ်တဲ့ မာမီ သူမကို စိုးရိမ်မိမှာပေါ့။ သူမကလည်း မာမီကို၊ မာမီစိတ်ပူအောင်ကို တမင် ဒုက္ခပေးသလို ဖြစ်နေပြီပေါ့၊ ပြန်မယ် သူမ အမြန်ဆုံး အိမ်ပြန်ရန် ဆုံးဖြတ်ကာ "ပြန်စို့ သဇင်" ဆိုကာ ပြန်ရန် သဇင်လက်ကို ဆွဲလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)



## "အကြင်နာပြိုင် မျက်ရည်ဖြိုင်ဖြိုင်"

မာမီ လက်ထပ်သည့်နေ့က သူမ မာမီတို့ အပြင်သွားရန် ပြင်ဆင်နေကြဆဲဆဲ မာမီနှင့် သူမ အိပ်ခဲ့သော အခန်းထဲသို့ ဝင်ကာ. . .။

"မာမီ"

"ဘာလဲသမီး"

သန့်ရှင်းသပ်ရပ်လျက် ထူးခြားသော ပြင်ဆင်ပုံများဖြင့် သူမနှင့် မာမီ အိပ်ရာလေးကို နှမြောတမ်းတစွာ ကြည့်လျက်. . .

"မာမီ ဟိုလူကြီးကို လက်ထပ်ပြီးရင် သူက ဒီမှာလာနေတော့မှာလား"

"အေးလေ၊ မာမီတို့ ဇနီးမောင်နှံဖြစ်တော့မှာ"

"ပိုး ဒီမှာ အဲဒီလူကြီးနဲ့ မနေချင်ဘူး မာမီ၊ ပိုးနေဖြစ်မှာ မဟုတ်ဘူး၊ ပိုးအတွက် မာမီတစ်ခုခု စဉ်းစားပေးပါ။ ပိုး ဒီမှာလည်း ကျောင်းမနေချင်တော့ဘူး၊ ပိုး ရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ စဉ်းစားပေးမှာပါ သမီးရယ်။ သမီး ဘာလို့ မာမို့ ရင်ခွင်က ခွာချင်တာလဲ၊ မာမီ သမီးကို ချစ်လို့ အခုလို ဆုံးဖြတ်တာလေ"

"မာမီ ညာတာ၊ မာမီ သမီးကိုချစ်ရင် ခုလို ဆုံးဖြတ်မှာ မဟုတ်ဘူး၊ သမီး ဒီလိုခံစားရတာ မာမီ ကြည့်ရက်မှာ မဟုတ်ဘူး၊ မာမီ ညာတယ်"

မာမီရော၊ သူမရော မျက်ရည်မိုးတွေ အပြိုင်သွန်းကြရင်း တစ်ဦးကိုတစ်ဦး တင်းကြပ်စွာ ပွေ့ဖက်ထားကြသည်။

"ခင် ပြီးပြီလား"

"သမီးလေးရော လိုက်မှာလား"

သူမ မာမီ၏ ထိုလူကြီးအသံ ကြားလိုက်သဖြင့်

"ဒီမှာ လူကြီး၊ ခင်ဗျား မာမီကိုသာ ရမယ်၊ မာမို့အသည်းနှလုံးက ပိုးဆီမှာ ဟောဒီက ပိုးပါနော်၊ မာမီကိုသာ ပိုးအမေလိုရော အဖေလိုပါ ချစ်တာ၊ အားကိုတာ၊ ခင်ဗျားကို ပိုးဘဝထဲမှာ လုံးဝ စာရင်းမရှိဘူး။ မှတ်ထားပါ၊ မှတ်ထားလိုက်ပါ။ "ပိုး" စိတ်မထိန်းနိုင်တော့ဘဲ စိတ်လွတ်ကိုယ်လွတ် ပြောပစ်လိုက်သည်။

"ပိုး၊ မာမို့သမီးလေးပိုး ဒီလိုမပြောရဘူးလေ၊ လူကြားလို့ မတော်ဘူး၊ မကောင်းဘူးသမီးရဲ့၊ ပိုး သမီး လိမ္မာပါနော်"

"မာမီ ပိုးစိတ်မထိန်းနိုင်လို့ပါ၊ တောင်းပန်ပါတယ်၊ မာမီ စိတ်မထိခိုက်ပါနဲ့နော်"

"ပိုး ဘယ်မှမသွားဘဲ အိမ်ပဲစောင့်နေမယ်၊ မာမီ သွားစရာရှိတာ သွားပါ။ ပိုး မလိုက်ချင်ဘူး၊ ဘယ်မှတော့ မခေါ်ပါနဲ့နော်"

"အေးပါ သမီးရယ်၊ အိမ်မှာပဲနေနော်၊ ဘယ်မှမသွားနဲ့နော်၊ မာမီ စိတ်ချမ်းသာပါရစေနော်"

"သွားမှာသာ သွားပါ မာမီရယ်၊ နောက်ဆို ပိုးမပါလည်း မာမီစိတ်ချမ်းသာတော့မှာပါ. . . စိတ်ချမ်းသာလိုက်ပါလို့" ပိုးရင်ထဲက စကားများကိုတော့ မာမီ ကြားမည်မထင်ပါ။

"မမပိုး၊ မမပိုးရေ တစ်ယောက်တည်းဆို"

"အေး. . . လာဟာ သဇင်၊ နင့်ဘယ်သူပြောလဲ၊ ဦးလေးလား၊ ငါတစ်ယောက်တည်းဆိုတာ သူ ဝင်ပြောတာလား၊ ငါ နင့်ကို မျှော်နေတာ"

"အဖေပြောတာ မဟုတ်ဘူး မမပိုးရဲ့၊ မမပိုးအမေ အန်တီ ဝင်ပြောတာ"

"အန်တီနဲ့ ဦးသော်တို့ ဘထော်တို့ လာသွားကြတယ်"

"ဟုတ်လား သွားကြပြီပေါ့၊ ကိုယ့်ကိစ္စနဲ့ကိုယ် သွားတာများ ငါ့ကို သတိရနေကြသေးတယ်"

"မမပိုးကလည်း ဒီအခြေအနေရောက်မှတော့ သင့်မြတ်အောင် နေပါနော်၊ အန်တီ သနားပါတယ် ကြားထဲက ဗျာများနေမှာလေ"

"နင် ငါ့နေရာက အစားထိုးလာနေကြည့်ပါလား"

"မဖြစ်နိုင်တာ မမပိုးက ပြောရှာမယ်"

"ငါ ဒီမှာ ကျောင်းမနေတော့ဘဲ ရန်ကုန်မှာ သွားကျောင်းအိပ် ကျောင်းစားနေတော့မယ်၊ မာမီ ထား မထားတော့ မသိဘူး







www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟာ"

"ဟာ ဒါဆို သဇင်တို့တော့ ပျင်းကျန်ခဲ့တော့မှာပေါ့"

"ဒီလိုပဲပေါ့ဟာ၊ ဘဝဆိုတာ ဒီလိုပဲပေါ့"

"တော်ပြီ မမပိုးရာ ဒီပြင်အကြောင်းတွေ ပြောကြမယ်၊ တော်ကြာ မမပိုး စိတ်ညစ်လာရင် မျက်ရည်တွေ ထွက်လာလိမ့်မယ်"

"မမပိုး စက်လည်းချုပ်တတ်တယ်နော်၊ ဇာထိုးတော့ မတတ်သေးဘူးမို့လား၊ သဇင်တို့အိမ်နားက မမက ချည်ထိုးဆိုလား တတ်တယ်. . . စာအုပ်တွေထဲက အကျီပုံလေးတွေ ကြည့်ထိုးတယ် သိလား"

"ငါ ဇာထိုးတတ်ပါတယ်၊ မာမီဆီက သင်တာ၊ ချည်ထိုးတော့ မာမီက သင်မပေးသေးဘူး၊ မာမီ မျက်စိအားနည်းနေလို့ထင်တယ်. . . ငါ့ကို သင်မပေးနိုင်တော့တာလား မသိဘူး. . . ငါလည်း မေးမကြည့်မိဘူး. . . ငါလည်း သင်ချင်တယ်. . . မာမီ့ မေးကြည့်ဦးမယ်၊ သူများအိမ် လွှတ်ပါ့မလား မသိဘူး"

"သဇင်ရော ကူပြောမှာပေါ့. . . သဇင်ရော သင်မှာပဲလေ"

"ဒါဆို ငါ အိမ်မှာ ဟိုလူကြီးနဲ့ မျက်ကြောမတည့်စရာနည်းတာပေါ့. . . နင်ရော ထပ်လာပြောလေ. . . ငါလည်း မာမီဆီ ခွင့်တောင်းထားမယ်. . . သူ စိတ်မ ရင် လိုက်ကြည့်ခိုင်းမှာပေါ့. . . ဟုတ်ဘူးလား. . ."

"အန်တီက သဇင့်လည်း ဆူနေမလား မသိဘူး မမပိုးရာ၊ ခုဟာက အိမ်လည်တာမှ မဟုတ်တာဘဲနော် မမပိုး"





"အေးပါ၊ ငါ မာမီ့ ပြောကြည့်ထားမှာပါ"

"အဲဒီ အမကြီးနာမည်က ဘယ်သူလဲ"

"မုံရွာ ညောင်တစ်ပင် ဒေါ်သုသမီး မမလှိုင်ဆို မသိသူ မရှိဘူး. . . အန်တီလည်း သိတယ်. . . မမပိုးလည်း လူမြင်ဖူးမှာပါ၊ နာမည်နဲ့လူ မဟပ်မိလို့. . . အမှတ်မထားလို့နေမှာ"

"အိမ်ကရော"

"အိမ်က တာဒံပင်အဝိုင်းတွေနားက အိမ်လေ. . . အိမ်မြင့်ကြီးနဲ့"

"ဪ အေး. . . ဟုတ်ပြီ၊ ငါသိပြီ သဇင်"

ဒီလိုနှင့် သဇင်ပြောသည့် ထိုအိမ်သို့ ပိုးမာမီဆီမှ ခွင့်တောင်းကာ ချည်ထိုးသင်သွားခဲ့သည်။ မမလှိုင်က ချည်လုံးကို မန္တလေးက မှာပေးသဖြင့် ပိုးတို့စိတ်တိုင်းကျ ချည်ထိုးသင်ယူနိုင်ခဲ့သည်။ တစ်ချောင်းထိုးမှ နှစ်ချောင်းထိုးလည်း ဆက်သင်ပေးမည်ဟု ဆိုသည်။ ပိုးက တစ်ချောင်းထိုး စတင်တတ်သောအခါ မာမီ့အတွက် ဦးထုပ်လေးတစ်လုံး စတင်ထိုးတော့သည်။ အိမ်ရောက်တော့လည်း ထိုဦးထုပ်လေး ထိုးရင်းသာ အချိန်ကုန်စေသဖြင့် ပိုးစိတ်များ အရင်လို ဟိုလူကြီးနှင့် ပတ်သက်လျှင် စိတ်မတိုတော့ဘဲ တဒင်္ဂတော့ စိတ်ကြည်လင်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၈ )



## "ချစ်ခြင်းပြယုဂ် . . . ချည်ထိုးဦးထုပ် . . . သက်သေလုပ်"

"မာမီကတော့ သမီးပိုးရယ် လက်တွေနာပြီး မျက်စိတွေ မှုန်နေမယ်နော်. . . မာမီက ဝယ်ဆောင်းရင် ရတာပဲ. . . သမီး အတွက်ပဲ ထိုးပါလား. . . သမီးက အပျိုအရွယ် မာမီက အသက်ကြီးပြီပဲကွယ်" ဟု သူမ ကြိုးစားပမ်းစား မာမီအတွက် ထိုးနေမှန်းသိသော ထိုဦးထုပ်လေးကို ညွှန်း၍ သူမ မပင်ပန်း စေချင်သဖြင့် တားလေသည်။

"မာမီကလည်း ပိုးလက်ရာ ဦးဦးဖျားဖျား မာမီကို အမြဲ လုပ်ပေးနေကျလေ၊ မာမီဆောင်းရမှာပေါ့. . . ပိုးအတွက် နောက်မှ ထပ်ထိုးရတာပဲ"

"အေးပါ သမီးရယ်၊ ညည်းစိတ်ချမ်းသာရင် မာမီ မပြော တော့ဘူး. . . ညည်းလေးစိတ်ကြိုက်ပေါ့. . . ဒါပေမဲ့ မာမီ့ ကွယ်ရာမှာလည်း အနေအထိုင် ပိရိနော်. . . မာမီ့စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နော်. . .”

သားအမိ မျက်နှာချင်းဆိုင် တွေ့သည့်အချိန်လေးတွင် မဖြစ်ဖြစ်အောင် အမောတကော. . . မာမီ ဆုံးမနေကျ စကား အတိုင်း ပါးစပ်မှ တဖွဖွမှာ၍ မဆုံးချေ။

“မာမီ သမီးအတွက် ပေးစရာရှိတယ်. . . ခဏနေဦး” ဆိုကာ မာမီ အခန်းထဲသို့ဝင်သွားသည်။ ပြီး ပြန်ထွက်လာကာ. . .

“ဒါက မာမို့သမီးအတွက် ဒီနှစ်အတွက် (Birthday Present) တဲ့”

အနီရဲရဲပတ္တမြားနှင့် လုပ်ထားသော ပန်းသီးပုံ ဆွဲသီးလေး တပ်ထားသည့် ဆွဲကြိုးကုံးလေး. . .

“မာမီ”

“လှူလိုက်တာ သမီးအတွက် ဟုတ်လား”

“ဟုတ်တယ်လေ၊ မာမို့သမီး အလှမ်ငွာလေးအတွက်”

“မာမို့ဟိုလူကြီး သိလား. . . မာမီ တော်ကြာဆူနေမှာပေါ့”

“မာမို့မှာ ဆွဲစရာရှိလို့လား. . . မာမီသာဆွဲပါ. . . မာမီ ဘုရားကျောင်းတက်ရင်”

“မာမီက လှူစရာ မလိုပါဘူး သမီးရယ်. . . သမီးအတွက် သာပါ”

“မာမီ ချောင်းဦးဘုရားကျောင်း သွားတက်ရင် ဆွဲသွား လေ. . . ပိုး နောက်မှဆွဲမယ်၊ တော်ကြာ ဟိုလူကြီးက သူ့မိန်းမ ပစ္စည်းကို ပိုးက ပိုင်စိုးပိုင်နင်းလို့ထင်. . .”

“အမလေး သမီးလေးပိုးရယ်. . . ဒါ သူ့ပစ္စည်းမှမဟုတ်





တာ. . . မာမို့ချွေးစာနဲ့ ငါ့သမီးလေးကို ဆင်ချင်လို့ကို တမင် စုဝယ်ထားရတာ. . . သူနဲ့ ဘာမှမဆိုင်ဘူး။ သူလည်း သိပြီး သားပါ သမီးရယ်. . . သူ ဘာမှမပြောဘူး သမီး၊ သမီးကလည်း နောင်ကို အဲသလိုတွေ အတွေးမချော်နဲ့နော် သမီး”

“ပိုး အတွေးချော်တာ မဟုတ်ပါဘူး မာမီရယ်. . . မာမို့ကို သူက ပိုင်ဆိုင်နေတာဥစ္စာ”

“သမီးရယ် မာမီက ကိုယ့်အားကိုးရသူတစ်ယောက်အနေနဲ့ ကာကွယ်ရပ်တည်မှုရအောင် မာမီတို့သားအမိအတွက် အကွယ် အကာရအောင်သာ သူ့ကို မာမီလက်ထပ်ခဲ့တာပါ၊ ကျန်တာတွေ မာမီ ဦးစားမပေးပါဘူး. . . မာမို့ဘဝမှာ သမီးလေးပိုးက အဓိက ပါ. . . ပိုးလောက် ဘာမှအရေးမကြီးဘူးလေ”

“မာမီ ပိုးကို ဒီစကားမျိုးတွေနဲ့ မနှစ်သိမ့်ပါနဲ့လား မာမီ ရယ်. . . ပိုးနဲ့ မာမီ ကြားထဲက ဒီလူကြီးဝင်လာတာ ပိုး ဘယ်လို လုပ် ကျေနပ်မှာလဲ၊ မာမီကျေနပ်အောင် ပိုးက မာမို့ကို ချစ်လို့ သာ နှုတ်က ဘာဆိုဘာမှ မာမို့ကို ရန်မလုပ်တာပါ. . . မာမီ ချစ်သလို ပိုးလည်း မာမို့ကိုချစ်တာပဲ. . . သိပ်ချစ်တာပဲမာမီ. . .

ရင်ထဲက စကားများကို ပိုးမျက်ဝန်းများကနေ မာမို့မျက်ဝန်းများ ဆီကတစ်ဆင့်. . . မာမီအသည်းနှလုံးဆီသို့. . . ရိုက်ခတ်စေရန် မာမို့ကို နှုတ်က “အရမ်းချစ်တာပဲ” ဟု စကားကို မဖြစ် ဖြစ် အောင် ထွက်ခြင်းဖြင့် ကြေကွဲစွာ ပြောလိုက်သည်။

“ပိုး မမလှိုင်တို့ဆီ သွားဦးမယ်၊ မာမီ ထမင်းစား မစောင့် နဲ့နော်၊ ပိုး ဟိုလူကြီးနဲ့ အတူတူ မစားတတ်ဘူး”

“အေးပါ သမီးလေးပိုးရယ်” လို့သာ မာမို့မှာ ပြောနိုင်ရှာ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

မာမီကို ပိုးလည်း စိတ်မကောင်းစွာ လှည့်ကြည့်ရင်း. . .
"မာမီ တာ့တာ့" ဟု ကလေးသဖွယ် အပြုံးနှင့် ပြောင်ကာ လက်ပြလိုက်၏။



## အပိုင်း ( ၉ )



www.burmeseclassic.com

www.burmeseclassic.com

“အမှတ်မထင် . . . အချစ်ရိပ်စဉ်”

“ကေရာဇ်ပင်အောက်သွားရန် ဆုံးဖြတ်ကာ ဘုရားကျောင်းဖက် ဦးတည်လိုက်သည်။ ဆုတောင်းရမယ်လေ၊ မာမီ ကံကောင်းအောင်ပေါ့. . . သူမ မဖြစ်စေချင်ပေမယ့် ဘုရားသခင်က ဖန်တီးသောကံစွကိုတော့ သူမ ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး. . . ဘုရားသခင် စောင့်ရှောက်မစရန် ဆက်ပြီး ကောင်းသော ဆုတောင်းခြင်းတွေ မာမီအတွက် တောင်းရတော့မှာပေါ့. . . မာမီ ကျေနပ်မှာပါ၊ ဒီဆုတောင်းချွေသံတွေသာ ကြားရင် သူမကို မာမီ ဖက်ပွေ့နမ်းရှိုက်မှာ သေချာသည်။

နေခြည်သမ်းစ ဆောင်းနံနက်ခင်း၏ မြူမှုန်နှင်းဖွေးမွှေးတို့ကြား ကေရာဇ်ပင်ကြီးကတော့ အပူအပင်ကင်းစွာ ဝင့်ထည်လျက်ပေါ့။ ရင်တွင်းအပူတို့က မြိုသိပ်ရင်း လေအငွေ့ မွှေးပျံ့သော ဧကရာဇ်ပန်းအနံ့တို့ကို နှစ်ခြိုက်စွာဖြင့် ဆောင်းလေအေး





နှင့် ရောထွေးကာ ခေါင်းကို မော့လျက် တစ်ဝကြီး ရှူရှိုက်ပစ်လိုက်သည်။

“မွှေးမှမွှေး၊ လှမှလှ ဧကရာဇ်ပန်းတွေ ကောက်မယ်ကွ”

ကလေးတစ်ယောက်လို ပါးစပ်မှလည်း အော်ဟစ်ကာ သူမတစ်ယောက်တည်း ဧကရာဇ်ပန်းများကို သူများဦးမှာ ကြောက်သလို အမြန်လိုက်ကောက်နေသည်။ သဇင် မပါတာပင် ကောင်းသလို၊ သဇင်သာပါရင် သဇင်က သူမကို ခွဲပေးချင်မှ ပေးမှာဟု ကလေးတစ်ယောက်လို ကတ်သီးကတ်ဖွဲ့ ကလေးအတွေးက ဝင်သွားပြန်၏။

“ဟိတ် (Baby face)” ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

ဩော်. . . ဟိုလူပါလားဆိုသည့် အသိနှင့် မျက်ဝန်းကို ထိုလူဆီမှ လွှဲဖယ်ရင်း ချက်ချင်း ခေါင်းပြန်ငုံ့လိုက်သည်။

“ပန်း ကူကောက်ပေးမယ် ယူမလား”

“မလိုပါဘူး၊ တစ်ယောက်တည်းကောက် ရပါတယ်”

“ညည်းနဲ့ သိကျွမ်းချင်လို့ပေါ့. . . ဒေါ်မြတ်နိုးခင်သမီးဆို”

“ဟင်! အဲ့ဒါ. . . အဲဒါ ဘာဖြစ်လဲ” ပိုးမျက်နှာလေး ရုတ်တရက် ညှိုးငယ်သွားသည်။ မာမို့ရဲ့ လတ်တလော အကြောင်းတွေ ဒီလူသိပြီး သူမကို လာရောပြီ ထင်လိုက်သည်။

“ဘာမှမဖြစ်ပါဘူး၊ ဒေါ်ဒေါ်ခင်က စည်းကမ်းကြီးတယ်၊ မြန်မာဆန်ပြီး သိမ်မွေ့တယ်၊ သူ့သမီးလေးကိုလည်း သိပ်ပြီး အုပ်ထိန်းကောင်းတယ်. . . ပုံသွင်းကောင်းတယ်လို့ သတင်းမွှေးတယ်. . . ညည်းပုံစံလေးက ဒါကြောင့်. . . သူများနဲ့မတူတဲ့ ဘစ်မူထူးတာကိုး (Baby face) နဲ့ လူကြီးလေးလိုဖြစ်ရိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ သိပ်ကောင်းတာပဲ"

"ခင်ဗျားနော်၊ စကားပြောတာ ကြည့်ပြောပါ"

"ကိုကြီး တကယ်ပြောတာပါ ပိုးလေးရဲ့"

"ခင်ဗျားကို ဘယ်သူက ကိုကြီးလို့ ခေါ်လို့လဲ"

"ညည်းလေးကြည့်ရတာ စိတ်လေပြီထင်တယ် ဟုတ်လား"

"ခင်ဗျားအလုပ်လား"

"ကိုကြီးက ညည်းလေးကို ကောင်းစေချင်လို့ ပြောမလို့ပါ၊ ကိုကြီးလည်း ညည်းတို့နဲ့ အရှေ့ခြမ်း၊ အနောက်ခြမ်းခြားတာ အားလုံးကြားတာပေါ့၊ ကိုကြီး နားစွင့်နေတာ၊ ကိုယ်စိတ်ဝင်စားတဲ့ မိသားစုလေးမို့လေ"

"ခင်ဗျားနော်၊ ခင်ဗျားက ဘာကို စိတ်ဝင်စားတာလဲ၊ မာမီကိုဆို ခင်ဗျားတော့ ဘုရားရိုက်မှာ၊ ခု မာမီက ခင်ဗျားဗျာ. . ."

"ကိုယ်စိတ်ဝင်စားတာ မင်းမာမီမှ မဟုတ်ဘဲ၊ ကိုယ်စိတ်ဝင်စားတာ ပိုးပိုးဆိုတဲ့ . . . ဒီက"

"ပိုးလေး စိတ်မညစ်ပါနဲ့ကွာ. . . လိမ္မာပါ။ မိဘကို အပြစ်မတင်ရဘူး၊ ပိုးလေးဘေးနားမှာ ကိုကြီး အားပေးမယ်လေ၊ စိတ်ညစ်ရင် ကိုကြီးကို ဘာမဆိုပြောပြ၊ ကိုကြီးကို ရင်ဖွင့်ပေါ့. . . အမေလုပ်သူနဲ့ သွားပြီး စကားမများနဲ့နော် ဟုတ်လား"

"ပိုး ဖြေလေ. . . ကိုကြီးပြောတာ နားလည်လား. . . ကိုကြီးစကား နားထောင်နော်"

"ဟိတ် ကြားလားလို့ ပြောတာ" အမိန့်ဆန်သလို ချော့သလို စကားမျိုးနှင့် သူမခေါင်းကို လက်ဖြင့် လှမ်းပုတ်သဖြင့် မျက်ခုံး





နှစ်ဖက်ကို ပင့်ကာ မကြိုက်သလို ပိုး ပြန်ကြည့်လိုက်သည်။ ထိုအကြည့်ကို အကင်းပါးသော မင်းညိုခန့်က. . .

"ရော့ ဒါ ကိုကြီးက ပိုးလေးပန်စေချင်လို့ ဝိုင်းကောက်ထားတဲ့ပန်းတွေ၊ ယူသွား ကောက်ရင်လည်း မိုးမချုပ်ခင် ပြန်နော်" လို့ ပြောကာ သူမလက်ထဲသို့ ပန်းများ အတင်းထည့်ပေးသည်။

ဘယ်ယောကျ်ားနှင့်မှ ယခုလို စကားပြောဖူးခြင်း မရှိသောပိုး၊ နီးကပ်စွာ နှစ်ဦးသား စကားပြောမိသောအခါ သူမအတွက် ရင်ခုန်သံလိုလို ဖြစ်ပေါ်ခံစားရရင် ထိုရင်ခုန်သံသည်. . . ဒါဟာ သူမရဲ့ ပထမဆုံးသော ရင်ခုန်သံပေါ့။ နွေးထွေးသော ထိုသူစိမ်းယောကျ်ားတစ်ယောက်၏ အတွေ့အထိကြောင့် သူမတစ်ကိုယ်လုံး ရှိန်းဖိန်းစွာ ရှက်သွေးမွှန်လျက်။

"ပိုး ပိုး ပြန်တော့မယ် ကိုကြီး"

ထစ်ထစ်အအ. . . သူမ စကားတွေ ဘယ်လိုဖြစ်သွားမှန်းမသိ။ စက်ဘီးဆီသို့ လှမ်းသော ခြေလှမ်းများလည်း ယိုင်နဲ့လျက်။ ဝတ်နေကျ ထမီရှည်ရှည်ပင် တုပ်လဲတော့မလိုလို။ ထိုအဖြစ်ကို မင်းညိုခန့်က သဘောကျစွာ ရယ်မောရင်း

"ဟိတ် ပိုး၊ ဧကရာဇ်ပန်းထုပ်က ကျန်ခဲ့ပြန်ပြီ မယူဘူးလား ဒီမှာလေ"

နောက်မှနေ၍ လိုက်ပေးရင်း

"ကိုကြီးလို့ ထပ်ခေါ်ပါလား၊ အမြဲ ခေါ်ရမှာနော်" တဲ့ ပိုးမျက်နှာက ငိုမဲ့မဲ့ ပြုံတော့မည့်မိုးလို။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၀ )



"ဆယ်ကျော်သက်ပျို ... အချစ်သို့နို"

တစ်လမ်းလုံးလည်း ရင်တွေခုန်စွာ လူကလည်း ကတုန်ကယင်နဲ့ပေါ့။ ပိုးဘဝမှာ ဒါဟာ ပထမဆုံးသော အချစ်ဆိုတာဖြစ်ခဲ့ရင်၊ ပိုးလေ ပိုးဘဝထဲကို ဝင်ရောက်လာတာ အဲဒီအချစ်နဲ့အတူ ကိုကြီးပေါ့. . .။

အိမ်ကိုရောက်တော့ မာမီသိမှာစိုးလို့ မနည်းဣန္ဒြေဆည်ရသည်။ အလွန်အကင်းပါးတဲ့ မာမီကတော့. . .

"ပိုး နေမကောင်းဘူးလား။ မျက်နှာလည်း မကောင်းဘူး၊ မာမို့ကြောင့်လား" တဲ့ မေးသည်။

"ဟင့်အင်း မာမီ၊ ပိုး နေကောင်းပါတယ်။ စောစောအနားယူချင်လို့ပါ" လို့ ပြောလိုက်၏။

အဲဒီနေ့ တစ်နေ့လုံး ပိုး ဘာအလုပ်မှ လုပ်မရအောင်ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေဖက်တွင်လည်း ထမင်းမစားတော့တဲ့ ပိုးကို မာမီက အခန်းထဲထိ ဝင်ကာ ပိုးမျက်နှာကလည်း တစ်ခုခုဖြစ်လာတဲ့ပုံပဲ၊ ဘယ်သူနဲ့ စကားများလာသလဲလို့ မေးကာ မာမီတစ်ယောက် ပိုးအခန်းထဲမှ ထွက်လိုက်ဝင်လိုက်။

"ပိုး ထမင်း မစားတော့ဘူးလား၊ မာမီ မုန့်နဲ့ကော်ဖီ လုပ်ခဲ့မယ် စားမလား။ ကော်ဖီပူပူလေး ဖျော်လိုက်မယ်လေ" ပိုးအတွက် ပျာယာခတ်နေသည်။

"မာမီ့သဘောပဲ" ဟု ပြောကာ မာမီလာပို့သော မုန့်နှင့် ကော်ဖီပူပူကို သောက်ပြီး၊ စားပြီးသွားသည်နှင့် မာမီက ခြင်ထောင်ကို သေချာခုကာ ချပေးရင်း (Good Night) ဂွတ်နိုက်နော်ပိုး. . . နှုတ်ဆက်စကားလေးနှင့်အတူ ပိုးနဖူးပြင် လေးဆီသို့ ရွှတ်ခနဲ နမ်းရှုံ့လေသည်။ ပိုးလည်း မာမီထွက်သွား သည်နှင့် အိပ်ယာမှ ထထိုင်ကာ စာအုပ်စင်နှင့် စာကြည့်စားပွဲ ရှိရာသို့ ထလာခဲ့သည်။ စာအုပ်စင်ပေါ်ရှိ ဘော(လ်)ပင်များ ထည့်ရာ ပန်းအိုးလေးထဲမှ ဘော(လ်)ပင်တစ်ချောင်းကို နှုတ်ယူ ကာ စာကြည့်မီးအိမ်ခလုတ်လေးဖွင့်ပြီး သူမ၏ နေ့စဉ်မှတ်တမ်း ကို ရေးရန် ပြင်ဆင်သည်။ ပိုးရဲ့တစ်ခါမှ မခံစားရဖူးသော ဒီနေ့အတွေ့အကြုံပေါ့. . .

ကိုကြီး. . . ကိုကြီးတဲ့လား၊ ရင်တွေက ခုထိ နွေးထွေး တုန်ယင်စွာ မရပ်နိုင်အောင် ခုန်ဆဲပါလား၊ ယောက်ျားတွေကို အထင်မကြီးခဲ့သော သူမဘဝထဲ ယောက်ျားတွေနဲ့ မပတ်သက် ချင်သော သူမဘဝထဲမှာမှ. . . ဘာလို့ ကိုကြီးက ဝင်လာချင်ရ





တာလဲ။

ကိုကြီး. . . ရုပ်ရည်ချောမောပြီး ပြုံးလိုက်သည့်အပြုံးပွင့် တွေအောက်မှာမှ ဘာလို့ သူမက အဲဒီအပြုံးတွေအောက်က ငြိမ်းချမ်းခြင်း စကားသံတွေကို. . . သာယာချင်သလိုလို၊ နစ်မြောချင်သလိုလို ဖြစ်ခဲ့ရတာလဲ. . .။ မကြိုက်ဘူးဆိုတဲ့ ဟန်ဆောင်မှုမရှိခဲ့တဲ့ အပြုအမူတွေအောက်မှာ. . . သူမ ဘာလို့ တုန်ယင်ကြောက်ရွံ့ခဲ့ရတာလဲ။ ကိုကြီးရယ်. . . ပိုး မခွဲခြားတတ်ဘူး၊ ပိုး ဘာလို့ အားကိုးချင်တာမှန်း မသိပါဘူး။ ကျေနပ်သလို ခံစားရတယ်။ တစ်မျိုးပဲ သိလား ဟု မရေးတတ် ရေးတတ်ခံစားမှု ဒိုင်ယာရီစာစု အပိုင်းအစလေးတွေကို ရေးချ ရင်. . . လက်ချောင်းသွယ်လေးတွေကလည်း တုန်တုန်ချိချိနဲ့ ကိုကြီး မြင်ရင်တော့လေ။ ပိုးရင်ထဲက တွေးကာ. . . ရှက်သလို ဖြစ်သွားပြီး အိပ်တော့မယ် ဆုံးဖြတ်ကာ မီးခလုတ်ကို ပိတ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၁ )



## “အချစ်စိတ်ကွန်းခို . . . နေစဥ်လို”

“ကိုကြီး” နံနက်ခင်း အိပ်ရာထချိန်တွင်လည်း ရေရွတ်ကြည့်မိသည်။ နှစ်ခြိုက်စွာ သဘောကျလျက် တစ်ကိုယ်တည်းပြုံးလျက် . . .။ အိပ်ရာများသိမ်းပြီး မျက်နှာသစ်၊ မီးဖိုချောင်အလုပ်များ လုပ်လျှင်လည်း အရင်လို မသွက်လက်ချင်တော့သလိုပေါ့။ ကိုကြီးက နေရာတိုင်း စိုးမိုးထားပြီလေ။

အဲဒီနေ့က မှတ်မှတ်ရရ သဇင် လာခေါ်သည်။

“အန်တီ မမပိုးရှိလား”

“နောက်ဖေးမယ် ရှိတယ် ဝင်သွား”

“မမပိုး”

“ဘာလဲ”

“သဇင့်မွေးနေ့ မုန့်ကျွေးမလို့ လိုက်ခဲ့နော်။ အန်တီ့လည်းပြောပေးမယ်နော်”

“အန်တီ မမပိုးကို ခေါ်သွားဦးမယ်။ သဇင့်မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



မုန့်ကျွေးမလို့။ အန်တီအတွက်လည်း သဇင် ဝယ်ပေးလိုက်မှာပါ" သဇင်၏ ခွင့်တောင်းခြင်းကို မာမီက ခွင့်ပြုသဖြင့် အိမ်မှ ထွက်ခွင့်ရသည်။

"ပိုး" "ပိုးလေး" "ဟိတ် ဟိတ်" နဲ့ နောက်မှ စက်ဘီးကို ယှဉ်နင်းရင်း ကပ်လာသော သူမဘေးမှ ကိုကြီး

"ကိုကြီး"

"ဘယ်လဲ ဒါက. . ."

"သဇင့်မွေးနေ့ မုန့်စား. . . သဇင်က မာမီ့ပြော ခေါ်လာတာ. . ." ရိုက်မစစ်ဘဲနဲ့ ဖြေချလိုက်သည်။

"ကိုကြီးရော လိုက်မစားရဘူးလား. . . မကျွေးတော့ဘူးလား"

"ဟိတ်! သဇင် မကြားယန်ဆောင်မနေနဲ့လေကွာ"

"ကိုကြီး စားချင်ရင် ရပါတယ်. . . သဇင်ကျွေးမှာပါ. . . ပြီးမှ မွေးနေ့လက်ဆောင်မမေ့နဲ့" တဲ့ သဇင်က သွက်လက်စွာ ပြန်ပြောလိုက်၏။

ထိုစကားကြောင့် ပိုးက. . .

"သဇင် အဲသလို မပြောနဲ့လေ။ နင် လက်ဆောင်ယူရင် အိမ်ကသိမှ ဆူခံရမှာပေါ့. . . ဘယ်လို ပြောမှာလဲလို့" ဆိုကာ တားလိုက်သည်။

"ပိုးလေးက အိမ်တော့ကြောက်သားပဲ၊ မာမီ့စကားကို နားထောင်ကြောင်း အိမ်ပြင်မှာလည်း သက်သေပြလိုက်တာပေါ့ ဟုတ်လား" လို့ မင်းညိုခန့်က မေးလိုက်၏။

ပိုး ငြိမ်နေလိုက်သည်။





"ကိုကြီးက ပေးတာလို့ ပြောလိုက်ကြပေါ့. . . ကိုကြီးရှိသားပဲ၊ ဘာမှကြောက်စရာ မရှိဘူးလေ ပိုးရဲ့" တဲ့ ပိုင်စိုးပိုင်နင်းပါလား ကိုကြီးရယ်. . . ပိုးဘဝထဲ ဖွတ်ကို ဝင်လာရဲတော့တာပါလားရှင်။

"မမပိုး ဘယ်ရေခဲခြစ်အအေးဆိုင် ထိုင်မှာလဲ" သဇင်က မေးသည်။

"မမပိုးမှ မထိုင်ဖူးတာ၊ ဘယ်ဆိုင်ထိုင်မှာလဲ သဇင် ကြိုက်သလို စီစဉ်လေ" ပြောလိုက်သည်။ ကိုကြီးက ကြားထဲမှနေ၍ သဇင် ဟို ဆုံဆည်းရာမှာ ထိုင်ပါလား၊ တို့စက်ဘီးချင်း ဝင်တိုက်မယ်လုပ်တဲ့ လမ်းဘေးက ရေခဲခြစ်ဆိုင် ဆုံဆည်းရာ ဆိုင်လေးလေ" ဆရာကြီးအိုက်တင်နဲ့ပါလား၊ မောက်ကယ့်ကိုကြီးပဲ။

"ပိုးလေး ဘယ်ဆိုင်ထိုင်မှာလဲ"

"အားလုံးသဘောပဲ ပိုးမဖြေတတ်ဘူး" လို့ ဖြေလိုက်သည်။

"ကဲ ဆုံဆည်းရာ ထိုင်မယ်ကွာ။ လာ ပိုးရေ ဟိုရှေ့က ဆိုင်ပဲ ဖြည်းဖြည်းစီး ရောက်တော့မယ်" ဆိုင်ထဲရောက်တော့ လည်း ပိုး ဘာသောက်မလဲ၊ ကျောက်ကျောလား၊ ဖာလူဒါလား၊ ရေခဲသုပ်လား" ဟု မေးပြန်သည်။ မောကယ့်ကလေးတစ်ယောက်ကို ဂရုစိုက်ကြင်နာခြင်း အပြည့်နှင့်ပေါ့။

"ပိုး ဖြေလေ၊ မဖြေတတ်ရင်လည်း ပိုကြိုက်တာ ကြည့်မှာ၊ ကိုကြီးကတော့ ရွေးရင်အေးမှာမယ်လေ"

"ကိုကြီးလိုပဲ. . . အဲဒါပဲ အားလုံးမှာလိုက်ပါလို့" ပိုး ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပိုး ခွေရင်အေးကို ခွေရင်ထဲအေးအောင် စားလိုက်သည်။

"ပိုးပိုးလေး"

"ကိုကြီး ပိုးကို ပေးစရာရှိတယ်. . . ပိုးမာမီတော့ မတွေ့ပါစေနဲ့ ပိုးလေး တော်ကြာ အရိုက်ခံရမှာစိုးလို့. . . ပိုးအတွက် ကိုကြီးရေးထားတဲ့ ကဗျာလေးနဲ့ စာ သေချာဖတ်ပြီးရင် ပိုး ကိုကြီးကို စိတ်မဆိုးနဲ့နော်၊ ကိုကြီးကို စကားနဲ့ပြောရမှာ ရှက်ရင်. . . စာရေးပြောနော် ပိုးလေး"

"ပိုးလေး၊ ပိုး ရော့ သေချာယူသွား"

"ပိုး. . . ပိုးမယူရင် မရဘူးလားကိုကြီးရယ်. . . ကိုကြီးနဲ့ သဇင် ပိုးကို တိုင်ပင်ပြီး ခေါ်နောက်တာလား" လို့ မေးလိုက်မိသည်။

"မဟုတ်ဘူး ပိုး၊ ကိုကြီး အဲသလို မလိမ့်တပတ် မခေါ်တတ်ဘူး၊ သဇင်နဲ့ ဘာမှမဆိုင်ဘူး၊ ပိုးကိုတွေ့ရင်ပေးဖို့ ကိုကြီး ရေးထားပြီး အင်္ကျီအိတ်ထဲမှာ အမြဲဆောင်ထားတာ၊ အထင်မလွဲပါနဲ့ ပိုးရဲ့"

"သဇင် သူပြောတာ ဟုတ်ရဲ့လား ညီမလေး. . ."

"ဟုတ်တယ် မမပိုး၊ သဇင်နဲ့ မဆိုင်ဘူးနော်၊ သဇင် မညာပါဘူး၊ အန်တီ့ကိုတော့ သွားမပြောလိုက်ပါနဲ့၊ ဒီနေ့ကလည်း သဇင့်မွေးနေ့ အစစ်မှ အစစ်ပါ၊ ညီမလေးတုတ်တုတ်နဲ့ ကိုကိုမော်ရော သဇင် မုန့်လိုက်ကျွေးမယ် ပြောထားတာ. . . မမပိုးကို ဦးဆုံးကျွေးနှင့်တာပါ. . ."

"ပိုးလေးက ကိုကြီးပြောတာ မယုံဘူးလား"

"မယုံလို့ မဟုတ်ပါဘူး၊ ပိုးလေ. . . မာမီသိသွားမှာ ကြောက်လို့"





"ပိုးရယ် သိပ်ပြီးတော့ (Simple) စင်းပဲလ် ဖြစ်တာပဲ ကလေးရယ်. . . ဝတ်ပုံစားပုံက အစ. . . စကားပြောပုံ အဆုံးပဲ ကွာ. . ."

"သဇင်ရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ ကိုကြီးရာ. . . သူက ပြန်တိုင်ရင်တော့ ပိုးလေ ရှက်တာနဲ့သေလိမ့်မယ်၊ ဘာတွေမှန်းလည်း မသိဘူး၊ ပိုးပြန်ချင်ပြီ"

"သဇင် ပြန်စို့ မာမီအတွက် မှာပြီးပြီလား"

"အန်တီ့အတွက် ချိုင့်နဲ့ ဖွာလူဒါပဲ ဝယ်ခဲ့မယ်နော် မမပိုး၊ ကောင်းမလားပဲ"

"နှင့်သဘောပဲဟယ်. . . ငါတော့ ပြန်ချင်တာပဲ သိတယ်"

"ပိုး ရှက်သွားလား၊ ကိုကြီး တောင်းပန်တယ်နော်. . . ကိုကြီးက မခံစားနိုင်လို့ပါ"

"ကိုကြီးနော်" လို့ မျက်စောင်းထိုးလိုက်သည်။ ကြာရင် ဆိုင်ရှင်တွေ ရိပ်မိကုန်တော့မည်။ မုံရွာမြို့က ကျဉ်းတော့ မာမီဆီ နားပေါက်သွားလျှင် ခက်ချေမည်ပေါ့။

"သွားတော့မှာလား၊ ကိုကြီးကို နှုတ်မဆက်တော့ဘူးလား၊ ကိုကြီး ပိုးတို့ အိမ်လာလည်ရမလား၊ အခု လိုက်လည်မယ်လေ" ဟု နောက်လိုက်ပြန်သည်။

"အဲဒါဆို ပိုး အသတ်ခံရမှာ. . . မာမီက သတ်မှာပေါ့"

"ဒါဆို ပိုးလေ မာမီ မသိအောင်လာမှာပေါ့၊ မနက်တိုင်း အိမ်ရှေ့လာခဲ့မယ်လေ၊ ပိုးလေးက ခွင့်ပြုမှာလား"

"ဘာလို့လာမှာလဲ မလာပါနဲ့. . . ပိုး၊ ပိုး မလာစေချင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့နဲ့"

"လာမှာပဲကွာ၊ ကိုကြီးလည်း ကျောင်းပြန်မသွားရခင်၊ ပိုးလေးလည်း ကျောင်းပိတ်ထားတုန်း အချိန်လေးမှာ ပိုးကို မြင်ရမှာ၊ ကိုကြီးကတော့ ပိုး ခွင့်မပြုလည်း လာမှာပဲ၊ ကိုကြီးကို ပိုး ဘာမဆိုခံစားရတာတွေ ရင်ဖွင့်ကွာ. . . ပိုးဘေးမှာ ကိုကြီး အမြဲရှိချင်တယ်၊ ပိုးနဲ့ထပ်တူ ခံစားမှုတွေ မျှတယူချင်တယ်၊ ကိုကြီး တကယ်လေးလေးနက်နက် ပြောတာပါ၊ ပိုး ကိုကြီးကို အကြောင်းပြန်ပါ"

"ဒါ. . . ဒါဆိုရင် ပိုးတို့နောက် အခု မလိုက်ခဲ့နဲ့တော့နော် ကိုကြီး၊ ပိုး ပိုး စဉ်းစားပေးမှာပါ။ မာမ့်အသိတွေ မြင်မှာ ပိုး ကြောက်လို့"

"အဲဒီကြောက်တာချည်းကလည်း အတော်ခက်တယ်ကွာ"

"ကောင်းပြီ ကတိနော်၊ ကိုကြီး ညာတာမကြိုက်ဘူး"

"ဟုတ်ကဲ့" လို့ ခေါင်းညိတ်ကာ ထွက်ခဲ့၏။

"မမပိုး ဘယ်လိုလုပ်မလဲ"

"မသိပါဘူး သဇင်ရယ်. . . ငါလည်း စိတ်ညစ်ပါတယ်"

"ကိုကြီးက ချောတယ်နော်. . . လူကြီးပုံနဲ့ တည်ငြိမ်တယ်၊ ကိုအောင်တုန်းကလိုတော့ ပြန်မတိုင်နဲ့နော် မမပိုး၊ အန်တီ့ကို ပြန်တိုင်ရင် သဇင်လည်း အရိုက်ခံရမှာ၊ သဇင်မြှောက်ပေးတာ မဟုတ်ဘူးနော်၊ သဇင်နဲ့မဆိုင်ဘူး၊ ဟိုစာကြီးကော ဘယ်လိုလုပ် ယူမှာတုန်း၊ သဇင်လည်း အန်တီသိမှာ ကြောက်လို့"

"အေးပါဟဲ့၊ ငါ့ကိစ္စပါ၊ နင်နဲ့မဆိုင်ပါဘူး၊ ငါ့ဘာသာ ဆုံးဖြတ်မှာပါ" လို့ ပြောလိုက်တယ်။





မာမီရဲ့ ဟိုလူကြီးနှင့် အိမ်ရှေ့မှာရောက်ရောက်ချင်း မျက်နှာချင်းဆိုင်ရသေးသည်။

"ဦးသော် ဘယ်တုန်းက ပြန်ရောက်တာလဲ၊ ထမင်း စားပြီး ပြီလား၊ မာမီရော"

"သမီးမာမီ နောက်ဖေးဝင်သွားတယ်ကွ၊ ဦးသော်လည်း ဆာတာနဲ့ စားပြီးသွားပြီ၊ သမီးမာမီတော့ မစားသေးဘူး၊ သမီးနဲ့ အတူ စားမယ်ထင်တယ်"

"ဟုတ်ကဲ့၊ ဦးသော်. . . သမီး မာမ့်ဆီ သွားဦးမယ်"

"မာမီ၊ မာမီ"

"လာပြီ သမီးရေ၊ မာမီ ဆူးပုတ်ရွက်ဟင်းချိုလေး နွေးနေတာ၊ သမီးနဲ့အတူ စားရအောင်လို့လေ"

"မာမီ၊ ဦးသော်ဆီက အရက်နံ့ ရသလိုပဲ"

"ဟုတ်တယ် သမီး၊ သူ သောက်လာတယ်၊ မင်္ဂလာဆောင် သွားကူတာတဲ့လေ၊ အပြန်မှာ အရှိန်မသေသေးဘဲ သူငယ်ချင်း တွေနဲ့ ထပ်သောက်လာတာတဲ့"

"မာမီ" ဟု ခေါ်ကာ သူမက နှာခေါင်းလေးရှုံ့ပြလိုက်သည်။

"သမီး ထမင်းစားပြီးရင် အခန်းထဲမှာ ဝင်စာဖတ်နေပေါ့၊ မာမီပဲ ဒီနေ့ အိမ်အလုပ်တွေ လုပ်လိုက်တော့မယ်"

"ရပါတယ် မာမီရယ်. . . သမီး ကူလုပ်မှာပါ။ သမီး ထမင်း လည်း မဆာသေးဘူး၊ သဇင်က မာမ့်အတွက် ဖွာလူဒါ ဝယ်ပေး လိုက်တာ၊ မာမီ ခဏနားရင်း စားလိုက်ပါဦးလား၊ သမီးသည့် ပေးမယ်လေ၊ သမီးပြီးရင် မာမ့်ကို လာကူမယ်၊ အခု မာမီ နားရင်း



www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ပါနော် မာမီ"ပြောရင်း ပြင်ဆင်ထည့်ပေးခဲ့သည်။

ပိုး အိပ်ခန်းထဲရောက်သည်နှင့် ကိုကြီးစာကို ဖွင့်ဖောက်ဖတ်လိုက်သည်။ ကဗျာလေးတစ်ပုဒ်နှင့် အစပြုထားသည်။

'ညီမလေးအတွက်' ဟု ရေးထားသော ကဗျာခေါင်းစဉ်နှင့်အတူ၊ ပိုး အသံကို တိုးတိတ်စွာထွက်ရင်း ဖတ်ကြည့်လိုက်၏။

'ညီမလေး. . . အတွက်'

* ညီမလေးရေ *

မဟူရာမျက်ဝန်းအိမ်ထက်က

လှပတဲ့အိပ်မက်တွေ

သင်္ကေတတွေနဲ့ ခုန်ဆင်း

(ဟော) ဒီကောင် ရင်ခုန်ခြင်းဒုက္ခ

အေးမြပါရစေလားကွယ်

* ညီမလေးရေ *

လှပတဲ့ နှုတ်ခမ်းနှစ်လွှာက

ကဗျာသံစကားတွေအောက်နစ်မျော

အနားသတ်မရှိတဲ့ ပင်လယ်လို

(ဟော) ဒီကောင်နှလုံးသားဒုက္ခ

တဝုန်းဝုန်းအသံတွေကြား

ရူးသွပ်ပါရစေလားကွယ်။

* ကြောက်တတ်တဲ့ ညီမလေးရေ. . . ကိုကြီး ရှိတယ်၊ မကြောက်နဲ့နော်၊ ကိုကြီး ညီမလေးဆီက ပြုံးလိုက်တဲ့ အပြုံး





လှလှတစ်ပွင့်၊ ကိုကြီးစာကို ဖတ်ပြီးရင်း ညီမလေး ပြုံးမယ်ဆိုတာ ကိုကြီးသိတယ်၊ အဲဒီအပြုံးလေး ဘယ်လိုပဲ ပြုံးပြုံးပေါ့၊ ကိုကြီးအတွက် ပြုံးတဲ့အပြုံးလို့ ယူဆမယ်နော်၊ ညီမလေး ပြုံးမှာပါ။ ပြုံးလိုက်နော်. . .

ပိုးလေး

ရဲ့

ကိုကြီး

စာဖတ်ပြီးသွားသည်နှင့် ပိုး မာမီ့ကို ပြရန် ဆုံးဖြတ်မိသေးသည်။ သို့သော် မာမီက သူမကို. တားမှာသေချာသည်။ သူမ. . . မာမီ တားလိုက်ရင်များဟူသော စိတ်ဖြင့် မပြတော့ရန် ဆုံးဖြတ်ချက်ကို ပြင်လိုက်သည်။ မာမီ မသိတာဘဲကောင်းပါတယ်ဟု သဘောထားလိုက်မိ၏။

"ပိုးပိုးရေ. . . ထမင်းစားမယ်လေ သမီး"

"လာပြီ မာမီ"

"မာမီ ဆာပြီလား"

"ဒီထက်နောက်ကျရင် မကောင်းတော့ဘူးလေ သမီးရဲ့"

"ပိုး စားပြီးရင် မမလှိုင်ဆီ သွားမယ်လေ"

"ပိုးလေး မာမီကြောင့် အနေခက်နေပြီ၊ မာမီ ဆုံးဖြတ်ချက်မှားပြီထင်တယ်၊ သမီးလေးရယ်" မျက်ရည်ဝဲစွာ မာမီက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီရယ်. . . ပိုး နေတတ်အောင်နေပါတယ်၊ မာမီ စိတ်မညစ်နဲ့ ပိုးကြောင့် စိတ်မညစ်နဲ့နော်၊ မာမီရဲ့ အိမ်ရှေ့က ပန်းခြံက အခုမှ ပိုလှလာတယ်၊ ဒီနှစ် စံပယ်တွေလည်း အတော် ပွင့်တာပဲနော်၊ မာမီရေ ရောင်းစားရအောင်. . . မာမီ ကြိုးကုံး မသိအားရင် ပိုးကို ခူးရုံခူးပေးလေ၊ ပိုး သဇင်တို့ မလှိုင်တို့နဲ့ ကြိုးကုံးမယ်လေ မာမီ" ပိုးစကားလွှဲပြောလိုက်သည်။

မာမီတစ်ယောက် သူ့ကိုသော်ဆိုသောလူကြီး အရက်သောက်သဖြင့် သမီးပျိုနှင့် အနေကြွပ်သည်ကို မကြိုက်ဘဲ ဖြစ်နေသည်ကို ပိုး အကင်းပါးစွာ ရိပ်မိသည်။

ကိုကြီးထံသွားပြီး ရင်ဖွင့်ပြောပြချင်လိုက်တာ ကိုကြီးရယ်၊ ပိုး ခံစားမှုတွေ ကိုကြီး သိစေချင်လိုက်တာ၊ ပိုးလေ. . . မာမီကို အရင်လို နှစ်သိမ့်စကားတွေ ပြန်ပြောပြီး မာမီ့ရင်ခွင်ထဲမှာ နေချင်သေးပေမယ့် ပိုးအနားမှာ မာမီက အချိန်ပြည့် နေမပေးနိုင်တော့ဘူး၊ ပိုးလေ ရင်နာလိုက်တာ ကိုကြီးရယ်. . . ကိုကြီးရေ ပိုးမှာ အားငယ်မှုတွေနဲ့ မျက်ရည်ကျရတဲ့ အကြိမ်ပေါင်းလည်း လက်ချိုးရေတွက်. . . ဒိုင်ယာရီထက်မှာ. . . ရက်တွေ မှတ်သားထားလည်း မနည်းတော့ပါဘူး ကိုကြီးရယ်. . . ကိုကြီးပြောသလို ရင်ဖွင့်ချင်ပေမယ့်၊ ကိုကြီးနဲ့ပိုးက ဆွေမျိုးသားချင်း၊ မောင်နှမတွေ မဟုတ်ကြဘူးလေ၊ ပိုးကို ကိုကြီးအထင်သေးမှာ ကြောက်တယ်၊ ကိုကြီးစကားသံတွေကြားရင် ပိုးရဲ့အားငယ်စိတ်တွေ ဘယ်ပျောက်၊ ဘယ်လွင့်မှန်းမသိအောင်လည်း ပျော်သလို ခံစားရတယ် ကိုကြီးရယ်. . . ပိုးလေ ကိုကြီးကို စိတ်ချမ်းသာစေ





ချင်တယ်။

သူမ၏ နေ့စဉ်မှတ်တမ်းစာအုပ်လေးထဲမှာ ကိုကြီးအကြောင်းများက နေရာယူမှုများဖြင့် ခန့်ညားလျက်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)



ကလင် ကလင် ဆိုသော ကိုကြီး၏စက်ဘီးဘဲ(လ်)သံတို့က ကိုကြီးရယ် ပိုးဘဝရဲ့ နံနက်ခင်းတွေမှာ နံနက်ခင်းတေးသံလို နားဝင်ချိုသာစွာ။ ပိုး. . . ပိုးကလည်း ပြတင်းတံခါးဘေးမှ လိုက်ကာကို လှစ်ခနဲလှပ်ကာ ခေါင်းရင်းရှိ ပန်းပင်များကို ကြည့်သလိုလိုနှင့် ကိုကြီးအလာကို မျှော်တတ်ခဲ့ပြီ။ တစ်ခါတစ်ရံ ပန်းခြံထဲဆင်းကာ အလုပ်ရှုပ်ရင်း မျက်ဝန်းတွေက ကိုကြီး လာမည့်လမ်းဆီမှာပဲပေါ့။ ကိုကြီးရယ်. . . ပိုးကို နားလည်မှာ ပါနော်၊ ပိုးက မိန်းကလေးလေ၊ ကိုကြီးဆီကို ချက်ချင်းအကြောင်း မပြန်နိုင်သေးတာ၊ စာလွှာမပြန်ပေးတာ၊ ကိုကြီးရေ ပိုးမှာ အပြစ် မရှိပါဘူးနော်။

ပိုးတစ်ယောက် ပန်းခြံရှင်းရင်း တစ်နေ့ ပိုးရှေ့မှာ ကျလာသော အထုပ်တစ်ထုပ်ကို လှမ်းမြင်လိုက်သည်။

ချိုချဉ်ထုပ်လေးနှင့် စာတစ်စောင်ပေါ့။ ပိုး အမြန်ကောက် ယူပြီး ဖတ်ကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



"အိမ်တွင်းပုန်းလေး ရှက်လို့လား၊ စဉ်းစားပြီးပြီလား၊ ကိုကြီး မောလှပြီ၊ လျှောက်ပြန်သပေး၊ ခြေအေးဝမ်းရောင်တဲ့ ကိုကြီးမှာ ဝေဒနာတွေလည်း များနေပြီ၊ အဲဒီကဗျာသာ ဖတ်ကြည့်တော့နော်"

ဘယ်မှာလဲ

* သွားသည့်နေရာ
အခါခါကို
မျက်ဝန်းငွေ့ရမ်း
တွေ့ဖို့မှန်းလည်း
* စိမ်းသူရှောင်ဖယ်
နေရာရယ်က
အသိခက်ခဲစွာ
ဆွေးလျက်အမြဲသာ. . .။

ပိုးကြောက်ရင် ကိုကြီးဆီ လာတွေ့နော် ကိုကြီးရှိတယ်။ မီးထွန်းပွဲသချိုင်း မီးထွန်းပွဲမှာတော့ ကိုကြီးရှိဦးမှာ၊ ပြီးရင် ပြန်မယ်၊ ကျောင်းဖွင့်တော့မယ်လေ။ ပိုးကတော့ ကျောင်း မဖွင့်သေးပေမယ့် ကိုကြီးတို့တက္ကသိုလ်က ဖွင့်တော့မှာမို့ ပိုးရယ်. . . မြန်မြန်စဉ်းစားနော်။

ကိုကြီး

ပိုးရဲ့

(မင်းညိုခန့်)





ပိုးရင်ထဲမှာ မွန်းကြပ်စွာ မခံစားနိုင်တဲ့အဆုံး ပိုးနဲ့ကိုကြီးတို့ ဆုံခဲ့ကြတဲ့ ကေရာဇ်ပင်ဆီ ထွက်ခဲ့သည်။ တိုက်ဆိုင်မှုပင် ကိုကြီး ရောက်နှင့်နေသည်။

"ကိုကြီး" ကိုကြီးက လှည့်မကြည့်သေး။

"ကိုကြီး၊ ကိုကြီး"

"ပိုးခေါ်နေတာ မကြားဘူးလား ကိုကြီးရဲ့၊ ကိုကြီး မကြားရင် ပြန်တော့မယ်၊ ပိုးပြန်တော့မယ်"

"ပိုးက နေစိမ့်တာကိုးကွ. . . ကိုကြီး ဒီမှာ ဘယ်လောက် ခံစားနေရတာ ပိုးသိလား၊ ပိုးသိရဲ့လား"

ပိုးပခုံးနှစ်ဖက်သို့ ကိုကြီးလက်ဖဝါးများဖြင့် ဆုပ်ကိုင်ရင်း လှုပ်လျက် မေးလာသဖြင့်

"ကိုကြီး ပိုးမကြိုက်ဘူးနော်. . . ပိုးကို အဲသလိုမျိုး မလုပ်ပါနဲ့၊ ပိုး ငိုလိုက်မှာနော်ကိုကြီး. . . ပိုး ငိုချင်နေတာ၊ ပိုးမှာလည်း ခံစားမှုတွေ ပြည့်နှက်နေတာပါ. . . ကိုကြီး မညှာမတာ မပြောပါနဲ့"

"ဆောရီးပဲ ပိုးလေးရယ်. . . ကိုကြီးလည်း ခံစားမှုတွေ မခံစားနိုင်တော့တဲ့ ပွင့်ထွက်သွားတယ်"

"ကိုကြီးမှာ နှမချင်း ကိုယ်ချင်းမစာသလိုဖြစ်သွားရင် ခွင့်လွှတ်ကွာနော် ပိုးလေး၊ ပိုး စိတ်မဆိုးရင် ပြုံးပါလား ကလေးရယ် . . . ကိုကြီးကို ပြုံးပြနော်၊ ကိုကြီး ပိုးဆီက ဘာတုန့်ပြန်မှုမှ မရရင်နေပါစေတော့ ပိုးလေးရယ်. . . ကိုကြီးအနားမှာ ပိုး အခုလို လာတွေ့တာတွေ ဖြူစင်စွာ တွေ့ဆုံခြင်းမျိုးကိုပဲ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျေနပ်မယ်. . . ကျေနပ်တော့မယ် ကလေးရယ်. . .”

“ကိုကြီး ပိုးလေ ကိုကြီးနဲ့ စက်ဘီးစီးချင်တယ်. . . ကိုကြီး ပိုးကို အထင်မသေးပါနဲ့နော်. . . ပိုးစိတ်ညစ်လို့ပါ”

“ပိုး. . . ပိုး မငိုနဲ့ကွာ. . . အဲဒီမျက်ရည်တွေနဲ့ ကိုကြီး မကြည့်ချင်ဘူး မကြည့်ရက်ဘူး။ ပိုးလေး စီးချင်ရင် ကိုကြီး လိုက်ပို့မယ်၊ ပြော ပိုးလေးသွားချင်တဲ့နေရာ၊ ၂၃၅ ဒီဂရီ စောင်းတဲ့ ကမ္ဘာကြီးရဲ့ အစွန်းအမှတ်ထိ ကိုကြီးလိုက်ပို့ရမလား၊ လာ ပိုးသာ လိုက်ရဲရင် ကိုကြီးလိုက်ပို့မှာပေါ့”

ကိုကြီး စက်ဘီးကယ်ရီယာနောက်တွင် ထိုင်လျက်၊ စိတ်ညစ်၍ လိုက်စီးမိသော်လည်း လက်ဖဝါးတွေထဲမှာတော့ ချွေးစေးများဖြင့်။

“ပိုးလေး ပျော်လား”

“ကိုကြီး ပျော်တယ်မို့လား”

“ပိုးအရင်ဖြေကွာ”

“အင်း”

“ဖြေပုံကြီးကလည်းကွာ၊ ဥဩဆယ်ဆတော့ သာပါတယ်ကွာ. . .”

“ကိုကြီး ရွဲ့ပြောတာမို့လား”

“တကယ်ေ ်တာပါ မယ်မင်းကြီးမရယ်. . . ရုပ်ရည်က ဒေါင်းမဆယ်ဆသာ၏” တဲ့ ဟဲ ဟဲဟု ရယ်ကာ မင်းညိုခန့်က ပိုးကို ရယ်မောပျော်ရွှင်စေသဖြင့် စနောက်နေသည်။

“ကိုကြီး ပိုးကို တိရစ္ဆာန်တွေနဲ့ နှိုင်းတယ်” လို့ ဆိုကာ





သူများတွေ ချစ်သူရည်စားများလို ဆွဲဆိတ်ခြင်းမရှိဘဲ၊ ကိုကြီး ခါးကိုဖက်ထားသော လက်တစ်ဖက်ကို စက်ဘီးထိုင်ခုံသို့ ရွှေ့ရင်း၊ ထိုလက်နေရာသို့ ခေါင်းကိုင်းကာ ကုန်းကိုက်လိုက်သည်။

“ဟာ ဟ ခုမှ ပါးစပ်က ခွေးမလေးပါပီရဲ့ ပါးစပ်ပါလား”

“အမလေး နာတယ်ဗျ” လို့ အော်ပြုံးမြန်သည်။

နှစ်ဦးသား တဒင်္ဂစိတ်ပျော်ရွှင်မှုများဖြင့်။

“ကိုကြီး ချင်းတွင်းမြစ်ကမ်းဘေးမှာ ဘူးသီးကြော်နဲ့ မန်ကျည်းရည် တို့စားမယ်၊ ပုစွန်ကြော်ရော စားကြည့် အဲဒီဆိုင်က ကောင်းတယ်၊ ကိုကြီး စားဖူးလား ဝင်ရအောင်”

“ပိုးသဘောပေါ့၊ ကိုကြီး နှင်းပေးမယ်”

မြစ်ပြင်ကျယ်ကို ဖြတ်တိုက်လာသော လေနုအေးကို နှစ်ဦးသား အမောပြေ ရှူရှိုက်ရင်း

“ကိုကြီး စားလေ”

“ပိုးအရင်စား၊ ပိုးစားတာ ကိုကြီးထိုင်ကြည့်မယ်”

“မရဘူး၊ ကိုကြီး မကြိုက်ဘူးမို့လား”

“မဟုတ်ပါဘူး ပိုးရယ်၊ ကိုကြီး မဆာသေးလို့၊ ပိုးစားတာ ကြည့်ပြီး ဆာလာရင် ကိုကြီးစားမှာပေါ့”

“တကယ်နော် ကိုကြီး”

“တကယ်ပေါ့”

ပိုးက ကလေးလို ပလုတ်ပလောင်း စားပြသည်။ ဒီလို တျတော့လည်း ပိုးက ကလေးလေးလို ပိုတူပြီး ခါတိုင်း လူကြီးဆန်စွာ ထိန်းထားမှုတွေထက်စာရင် ပို၍ချစ်စရာ ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပိုးလေး ချစ်စရာကောင်းတယ် သိလား"

"ကိုကြီးနော် ရှက်စရာကြီး..."

"မရှက်ပါနဲ့ ချစ်ပိုးလေးရာ ရှက်တာနဲ့ကြောက်တာ နှစ်မျိုးကြီး များနေပါ့မယ်"

"ကိုကြီးရှေ့မှာ မရှက်နဲ့၊ ကိုကြီးမျက်ဝန်းထဲမှာ ပိုးက တကယ်ချစ်စရာလေး"

"ပိုးလေး၊ သိပ်ချစ်တယ်ပိုး"

"ပိုး ဖြေလေ ကိုကြီးအတွက်"

"ပိုး...ဟိုနေ့ မီးထွန်းနေ့မှ ဖြေမယ်လေ"

"ဟာကွာ၊ ရက်တွေက စောင့်ရမှာ ဒီကြားထဲ ပိုးက ထပ်ရှောင်နေရင် ဒီကကောင်က သေမှာ၊ သေလိမ့်မယ်ကွာ ပိုး မရက်စက်နဲ့"

"ပိုးမရှောင်ပါဘူး၊ ဒီကြားထဲမှာလည်း ဘုရားကျောင်းတက်လာမှာပါ၊ ကိုကြီးနဲ့ လာတွေ့မှာပါ"

"ပိုးမာမီကို မကြောက်တော့ဘူးလား"

"သတ္တိတွေရှိပြီပေါ့ ဟုတ်လား"

"မသိပါဘူး၊ ပိုး ခသိဘူး"

"မညာနဲ့ကွာ"

"ပြန်ကြစို့၊ ပြန်ချင်ပြီ၊ ပိုးပြန်တော့မယ်"

"နောက်နေ့ ဘယ်တော့တွေ့မှာလဲ၊ ကိုကြီး မျှော်နေမယ်လေ၊ ပိုးပိုးလေး ပြောသွားဦးကွာ"





"မာမီဈေးထွက်ချိန် ဟိုဘက်က ဘိုးတော်တို့ကိုပြောပြီး ပိုး ဘုရားကျောင်းဆိုပြီး လာမှာပေါ့"

"ဘုရားက မဟုတ်ဘဲ ညာပြောလို့ ရိုက်လိမ့်မယ်လေ"

"မညာပါဘူး၊ ဘုရားကျောင်းလည်း တက်မှာပေါ့"

"ကိုကြီး စောင့်နေမယ်နော်"

"သေချာပေါက်တော့ မစောင့်နဲ့"

"ဟာကွာ... သစ်ကုလားအုပ်ဖြစ်အောင် မလုပ်ပါနဲ့ကွာ"

"ကောင်းတယ်၊ ကိုကြီး တိရစ္ဆာန်ဖြစ်ပြီ"

"ကျွန်တော်မျိုး ဝင့်လည်ပါပြီဗျာ"

သုံ့မနှင့် ကိုကြီးတို့ မာမီ မသိအောင် သံယောဇဉ်များ တစ်စနှင့်တစ်စ ပိုလာကြချေပြီ။ မာမီဈေးထွက်ချိန်ဆိုလျှင် "ရွှတ်ရွှတ်" "ရှီရှီ" ကိုကြီးက ဝင်းထရံဘေးကပ်ကာ အသံပြုလျှင် သုံ့မက ခဏနော်ဟု လက်ပြကာ မာမ့်ဆီ လိုက်သွားမလို့ ဦးသော်လာရင် အိမ်သော့ ပေး ပေးပါဟုမှာ၍ ကိုကြီးနဲ့တွေ့ရန် အရဲစွန့်တတ်၏။

"ပိုးလေး ကိုကြီး သိပ်ချစ်မိပြီ ပိုးရယ်၊ ကိုကြီးကို ဘာလို့ အံဖြေမပေးသေးတာလဲ"

"ကိုကြီးကို ပိုးပြောပြီးပြီပဲ၊ ဟိုနေ့မှလို့ ဆိုတာကို"

"ပိုးလေး မာမီရော ဦးသော်နဲ့ အဆင်ပြေလား"

"ကိုကြီး ကိုကြီး ဘာကြားလို့လဲဟင်၊ မာမီ ဘာဖြစ်လို့လဲ"

"ဘာမှမကြားပါဘူး ပိုးရယ်၊ ပိုးဆီက ရင်ဖွင့်သံတွေ ကိုကြီးဆီ လွင့်စေချင်လို့ပါ၊ ကိုကြီး ထပ်တူခံစားပေးမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်လောက အရက်တွေသောက်လာတာ ပိုးသိတယ်၊ ပိုးလည်း မလှိုင်တို့ဆီ မရောက်တော့ မလှိုင်အမေဆီက စျေးသတင်း ဘယ်ရမလဲ၊ မာမီကတော့ သိပ်အဆင်မပြေတဲ့ပုံတော့ မပြဘူး၊ နည်းနည်းတော့ ညည်းတယ်၊ သူ မှားတယ်လို့"

"ပိုးမာမီတော့ သွားမပြောနဲ့နော်၊ ကိုကြီး ကြားတာကတော့ အဲဒီဦးသော်က ကစားတတ်တယ်လို့လည်း ပြောကြတယ်"

"ဟင် ဒါဆို မာမီတော့ ဒုက္ခပဲ၊ မာမီသနားပါတယ်"

"ပိုး သွားမမေးနဲ့၊ ရန်လည်း မလုပ်နဲ့နော်၊ ဒေါ်ဒေါ်ခင်က ပိုးကို သိပ်ချစ်တာ၊ ပိုးကပြောရင် ငိုလိမ့်မယ်ပိုး"

"ကိုကြီး ပိုး ဘာလုပ်ရမလဲ"

"ဘယ်တတ်နိုင်မလဲ ကလေးရယ်. . . ပိုးလေးရယ်"

"ဒါကြောင့် အဲဒီလူကြီးကို ပိုးကြည့်မရတာ၊ ဟိုနေ့က အရက်သောက်လာတဲ့ သူ့မျက်ဝန်းတွေ ပိုးဖြင့် စိတ်တိုတယ်၊ ဘယ်လိုကြီးမှန်း မသိဘူး၊ တကယ်ပြောတာ"

"ဟုတ်လား ပိုးလေး၊ ဘယ်လိုကြီးလဲ"

"ပိုးမပြောတတ်ပါဘူး"

"ပိုးကို ကိုကြီးလည်း အဲဒါပြောမလို့ ကိုကြီးလည်း ကျောင်းပြီးတော့မှာ ပိုးကို စိတ်မချဘူး၊ ကိုကြီး လက်ထပ်ချင်တယ် သိလား"

"ကိုကြီး လက်ထပ်မယ်ကွာနော်"

"ပိုးကဖြင့် အဖြေလည်း မပေးသေးဘဲနဲ့ ကိုကြီးကလည်း"

"ကိုကြီးဆန္ဒ ပြောတာပဲ ကလေးရယ်"





"ကိုကြီးက ဦးသော်လို အရက်သောက်တတ်ရင်ကော"

"ကိုကြီး အရက်မသောက်တတ်ပါဘူး ပိုးလေးရယ်. . . ဘယ်တုန်းကမှလည်း မသောက်ခဲ့ဘူး၊ ဘယ်တော့မှလည်း သောက်မှာမဟုတ်ဘူး၊ ယုံပါ။ ကိုကြီး ကတိပေးပါတယ်"

"ပိုး ယုံမယ်နော်၊ ယုံလိုက်မယ်. . ." ပိုးက ဖြူးစစအပြောနှင့်။

"ပိုးကို ကိုကြီး အမြဲစိတ်ချမ်းသာစေချင်တယ်၊ အခုလိုလည်း အမြဲတမ်း ဖြူးပျော်စေချင်တယ်. . .။ ပိုးကို ကိုကြီး ဘဝတစ်ခုလုံးအတွက် လက်တွဲဖို့ စဉ်းစားတာပါ။ ပိုးလည်း လေးနက်စွာ စဉ်းစားပါ။ ပိုးမာမီရဲ့ဆန္ဒ၊ ပိုးလက်ထပ်မယ့်သူဟာ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ပုံစံချထားသလဲဆိုတာ ကိုကြီး တစ်ခါတည်း သိချင်တယ်"

"ဟာ ကိုကြီးကလည်း ပိုးတို့က ချစ်သူတွေမှ မဟုတ်ဘဲနဲ့"

"အခု မဟုတ်သေးပေမယ့် မကြာမီ ဟုတ်မှာပဲကွာ ပိုးလေးကလည်း"

"ပိုးက လက်မထပ်နိုင်ဘူးဆိုရင်ရော ကိုကြီးက တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်ပစ်မှာလား"

"ပိုးလေး မမေးကောင်းတာတွေ မမေးရဘူးလေ၊ ကိုကြီးက ပိုးပဲ လက်ထပ်မှာ၊ ပိုးကိုပဲချစ်တာ၊ ပိုင်ဆိုင်ချင်တာ ပိုးလေးရဲ့"

"အဲဒီစကားသံတွေနဲ့ ပိုးကို မချည်နှောင်ပါနဲ့ ကိုကြီးရယ်"

ပိုးက အစွဲအလမ်း ကြီးတတ်တယ်၊ ပိုး ဘယ်လောက်ဟန်ဆောင်ပြီး ပိုးဘဝကို ရင့်ကျက်အောင် စက်ရုပ်တစ်ရုပ်လို အမိန့်တွေပေးပြီး ကြိုးစားပေမယ့် ပိုးလေ ကိုကြီးနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

လာရင် ကိုကြီးရယ်. . . ပိုးရင်ထဲက စကားတွေ ကိုကြီး ကြား လိုက်ပါတော့လား၊ ကိုကြီးရေ ပိုးပြောနေတာတွေ ကြားလိုက် တော့လေ. . . ကြားလိုက်ပါတော့နော်။

"ပိုး ဘာတွေစဉ်းစားနေတာလဲ၊ ကိုကြီးပြောတာတွေ အာရုံ စိုက်ရဲ့လား ပိုးလေး"

"ပိုး ကြားပါတယ်. . . ပိုးလည်း စဉ်းစားမှာပါ၊ မာမီက မှာထားတယ် ဘယ်သူက ချစ်ခွင့်ပန်ပန်၊ လက်ထပ်ခွင့်ပဲ တောင်း တောင်း၊ သူ့ကိုတိုင်ပင်ပါလို့ မာမီ့စိတ်ကြိုက် ပိုးက နေခဲ့တယ်. . . မာမီ့ကို ဘာမဆို ပိုးအသိပေးခဲ့တယ်။ အခု ကိုကြီးအကြောင်း ထိန်ချန်ထားတာကလွဲရင်ပေါ့"

"ကောင်းပြီလေ၊ ဒါဆို ကိုကြီး ကြိုးစားမှာပေါ့၊ ပိုးလေးဆီက တုံ့ပြန်မှုရပြီဆိုတာနဲ့ ကိုကြီးဘဝအတွက် ပြင်ဆင်မယ်လေ"

"ပိုး မီးထွန်းပွဲမှာ ကိုကြီးအတွက် စဉ်းစားခဲ့မယ်။ ပါးစပ်က ဖွင့်မပြောတောင်မှ ပိုးတစ်ခုခု စီစဉ်ခဲ့မယ်"

"ဘယ်လိုစီစဉ်မှာလဲပိုး. . . မာမီ့နားခေါ်ပြီး ကိုကြီးကို တွေ့ပေးမှာလား"

"ဟာ ကိုကြီးကလည်း ပေါက်ကရတွေ"

"ပိုးမေးမယ်၊ ကိုကြီးအရောင်တွေထဲမှာ ဘာအရောင် ကြိုက်လဲ၊ ကိုကြီးအကြိုက် အဲဒီအရောင်နဲ့ အင်္ကျီကို ပိုး ရွေးပြီး ဝတ်ပြမယ်လေ"

"ဟာ အဲဒါကောင်းတာပေါ့. . . ပိုးလည်း မရှက်တော့ဘူး လား"

"အချစ်သင်္ကေတဖြစ်တဲ့ ပန်းရောင်ကို ကိုကြီး ကြိုက်တယ်"



အပိုင်း (၁၃)



www.burmeseclassic.com

www.burmeseclassic.com

"အချစ်ချိုချို . . . အလင်းရောင်ပို"

ဤသို့ဖြင့် မီးထွန်းပွဲရက် ညနေခင်းသို့ ရောက်ရှိလာခဲ့၏။ မှောင်စပျိုးလုလု နေဝင်သွားသော ညနေခင်း၏ အလှတရားကို သူမတို့ဘာသာဝင်အားလုံး၏ မေတ္တာစာတ်များဖြင့် ပေါင်းစပ်၍ အကြည်ဓာတ်သွင်း သက်ရောက်စေခဲ့သည်။ ကိုယ်စီကိုင်ဆောင် ထွန်းညှိနေကြသော ဖယောင်းတိုင်လေးများ အားဖြည့်ရပ်တည် အလှဆင်လျက်။ ကိုယ့်မိသားစု၊ သူ့မိသားစုဆိုင်ရာ အုတ်ဂူလေး များ ရှေ့တွင် ဖယောင်းတိုင်လေးများစိုက်ထူရင်း မတ်တတ်ရပ် ကာ သေဆုံးကွယ်လွန်သူတို့အား မေတ္တာပို့ ဆုကောင်းကြသည်။ ဒေါ်မြတ်နိုးခင်ကလည်း သူ့မိဘများကို တမ်းတလျက် မျက်ရည် များဖြင့် ပိုးကတော့ မာမ့ီဘေးမှ ဖယောင်းတိုင်များ ထွန်းညှိပေး နေသည်။ ပန်းရောင်ဝမ်းဆက်၊ ဇာပဝါဖြူလေး လည်ပင်းမှာ စည်းလျက်။ ကိုကြီးလည်း ခုနေဆို သူမလို အလုပ်ရှုပ်နေမှာပေါ့၊





ဖယောင်းတိုင်တွေရဲ့ အလင်း ရောင်အောက်မှာ ဆုတောင်းနေကြတဲ့ ကက်သလစ်ခရစ်ယာန် ဘာသာဝင်များကြားမှာ ကိုကြီးကို တွေ့နိုးနိုး ရှာသေးတာပေါ့။ ဒီလောက် လူအုပ်တွေကြားထဲမှာ ကိုကြီးပုံစံကိုတော့ အလွတ် ရနေလို့ တွေ့မလားလို့လေ။ ဘယ်မှာလဲ ကိုကြီးရယ် . . .။

"ချွတ် ချောက် ချွတ်"

သူမ၏ နောက်ကျောဖက်မှ သစ်ကိုင်းတစ်ခုကို တစ်စုံ တစ်ဦးက တက်နင်းမိသဖြင့် ကြားရသော သစ်ကိုင်းကျိုးသံ ကြောင့် ပိုးလှည့်ကြည့်မိသည်။

ကိုကြီး၊ ကြည့်စမ်း . . . ပိုးရဲ့ကိုကြီးက ပိုးနောက်မှာ ရပ်နေ တာပါလား။ လက်ထဲက ဖယောင်းတိုင်တစ်တိုင်ရဲ့ အလင်းရောင် အောက်မှာ ကိုကြီးမျက်ဝန်းတွေက ပိုးဆီမှာ စူးစူးစိုက်စိုက်နဲ့ ပိုးရင်တွေ နွေးထွေးပျော်။

ကိုကြီး ခြေလှမ်းတွေကလည်း . . . ပိုးဆီ ဆက်လှမ်းလျက် အမှတ်မထင် လှမ်းမိဆဲ သတိဝင်စွာ ရပ်သွားသည်။ ပြီးမှ ပိုးကို လက်ရပ်ခေါ်နေသည်။

ပိုးလည်း မာမီ မမြင်အောင် ခေါင်းလေးညိတ်ပြလိုက်သည်။

ပိုးနဲ့အနီး ဒုံးထိအောင် ကိုကြီးရှိနေပြီပဲ၊ ပိုး မကြောက်တော့ ဘူး၊ မကြောက်တော့ပါဘူး ကိုကြီးရယ် . . .။

ကိုကြီးရှိရာ လှစ်ခနဲ ခြေလှမ်းတွေ မပြေးရုံတမယ် လှမ်းမိ ပြီလေ။

"ပိုးလေး၊ ဒီလိုပုံစံလေးတွေနဲ့ ယဉ်တယ်ကွာ . . . သိပ်



www.burmeseclassic.com

www.burmeseclassic.com


ချစ်စရာကောင်းတာပဲ. . . ဒီကျစ်ဆံမြီး ဆံပင်ခေါက်လေးမှာ စည်းထားတဲ့ ဖဲကြိုးလေးတွေနဲ့ လည်ပင်းက ပဝါလေး လေလွင့်ပုံကအစ ညနေမမှောင်ခင်ထဲက မြင်ရတာ သိပ်ပြီး ကဗျာဆန်တာပဲကွာ"

"မျက်ဝန်းထဲစွဲတယ် သိလား"

"ကိုကြီးပျော်လိုက်တာ မိုးလေးရယ်"

"ကိုကြီးနော် သိပ်ပျော်ပြမနေနဲ့၊ ဟိုမှာ သူမျှားတွေ ဝမ်းနည်းမှုသင်္ကေတတွေ ပြနေတာ ကိုကြီးက မသိတတ်သလို ကျနေမယ်"

"မိုးရယ် ပျော်လို့ ပျော်တယ်ပြောတာပေါ့၊ မိုးရော မပျော် ဘူးလား"

"မိုးလည်း ကိုကြီးလိုပဲပေါ့"

"ဒါဆို ကိုကြီးနဲ့လိုက်ခဲ့၊ ကိုကြီးတို့ မိသားစုတွေဘက် သွားရအောင်၊ ကြိုတင် ဆွေပြမျိုးပြပေါ့"

"ကိုကြီးကလည်း ပေါက်ကရတွေ ဘာတွေပြောနေတာလဲ"

"မိုး မလိုက်ရဲသေးပါဘူး၊ ပြီးတော့ ဒီချိန်ကြီးမှာလေ"

"ဆောရီးကွာ၊ ကိုကြီးက ပျော်လွန်းလို့ စကားတွေများပြီး ဘာတွေပြောမှန်း မသိပါဘူး"

"မိုးက အပြင်သိပ်မထွက်တော့ ကိုကြီးမိသားစုတွေ ဆုံနေ ချိန်မှာ သူတို့ကို မိုးမြင်သာရုံ အဝေးကနေ ပြမှာပါ လာလိုက်ခဲ့ နော်" မိုးရဲ့လက်ကို ကိုကြီး ဆွဲခေါ်သည်။ ရွှေထွေးခြင်းပြယုဂ် တွေ ကပ်ငြိတဲ့ နူးညံ့သော ချစ်သူရဲ့လက်တစ်စုံအောက်မှာ



ငြင်းပယ်နိုင်စွမ်းမဲ့ ခွန်အားတွေနဲ့ပေါ့ ကိုကြီးရယ်။

"ကိုကြီး"

"ဘာလဲမိုး"

"လွှတ်ပါဦး၊ လက်က တစ်ဘက်တည်းကိုင်ပါလား၊ မိုး လက်တွေ ပြုတ်ထွက်လိမ့်မယ်၊ ကိုကြီးကလည်း မိုးလက်တွေ နာသွားပြီ"

"မိုး ချစ်လား"

"ဘာကိုလဲ ကိုကြီးကိုလား"

"အေးလေ"

"မဖြေတတ်လို့ ဒိပနိုးရောင်ဝတ်လာတဲ့ဥစ္စာ"

"ဖြေပါကွာ၊ ဖြေတတ်သလို၊ ကိုကြီး ကြားချင်တယ်၊ ယုတ်စွ အဆုံး တစ်ခွန်းတည်းကွာ. . . တစ်ခွန်းပဲဖြေ"

"ချစ်တယ်"

"ဟာ သွားပြီကွာ၊ သွားပြီ၊ ကိုကြီးနှလုံးသားတွေထဲမှာ ပွဲတင့်သံထပ်ခြင်းတွေနဲ့အတူ အားပြင်းပြီ၊ မိုးရေ ကယ်ပါဦးကွာ၊ လုပ်ပါဦးကွာ၊ မိုးရေ ကိုကြီးနှလုံးသားနေရာ မင်းလက်နဲ့ မင်းလက်လေးနဲ့ ဖိကြည့်ပါလား၊ ကိုကြီး တကယ်ပြောတာ မိုးရေ. . . လုပ်ပါဦး မိုးရာ"

"ကိုကြီး လူလည် မဟုတ်တာတွေ ပြောရော့မယ်၊ ဘယ်မှာလဲ" သူမက ကိုကြီးနှလုံးသားရှိရာသို့ မှန်းကာ ပြောပြော ဆိုဆို လက်ညှိုးနှင့် ထောက်ကြည့်ကာ ကိုကြီး ကျေနပ်အောင် မှုမူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကြားလား၊ ကိုကြီးနှလုံးသားတော်လဲသံတွေ၊ ကိုကြီး ရင်ဘတ်ထဲမှာ ချစ်ငှက်လေး လှုပ်နေတာ" ဟု ပြောလျက် ပိုးအလစ်တွင် ပိုးခါးကိုဖက်ကာ ပွေ့ထားသည်။

"ကိုကြီး ဟိုမှာလူရှိတယ်"

"ဘယ်မှာလဲ"

"ဒီမှာလေ"

စောစောပိုင်းက သူမနှင့် ကိုကြီး ယူလာခဲ့သော ဖယောင်းတိုင်လေး နှစ်တိုင်ကို ရည်ညွှန်းသည်။

သစ်ကိုင်းပေါ်မှာ တင်ထွန်းထားသော ဖယောင်းတိုင်လေး နှစ်တိုင်ကတော့ သူမတို့ရှေ့မှ သစ်ပင်ပေါ်တွင် ထွန်းလင်း တောက်ပနေဆဲပေါ့။ ကောင်းကင်ပေါ်က လပြည့်ဝန်းကလည်း မျက်နှာရွှန်းပလျက် ရှိနေပုံကို ကိုကြီးက. . .

"ပိုးလေး ဟိုမှာကြည့်စမ်း၊ လဝန်းကြီး၊ ကိုကြီး ကဗျာ ရွတ်ပြမယ် နားထောင်

* လဝန်းအရှင်
ကြယ်စင်မယ်နှင့်
မျက်နှာချင်းယှဉ်
ကြည်နူးစဉ်မို့
* ကောင်းကင်ပျိုမြ
အလိုမကျမျက်နှာ
ညှိုးရိပ်လွှာနှင့်"





ကိုကြီးရဲ့ကဗျာတွေက ရယ်ရတယ်၊ သိပ်ကောင်းတယ်ဟု ပြောခဲ့သည်။ ဒါပေမဲ့ ကိုကြီးရယ်. . . အဲဒီကဗျာဟာ ကိုကြီးရဲ့ ဘေးမှာ တခြားမိန်းကလေးတစ်ယောက်၊ ကိုကြီးရဲ့ဘဝမှာ ဝင် ရောက်မယ်ဆိုတဲ့ နိမိတ်သင်္ကေတမှန်း ပိုးအစကတည်းက မသိခဲ့ ဘူး။ ကိုကြီး. . . ပိုးကတော့ ကိုကြီးစပ်နေကျ ကဗျာလေးတွေ က ကောင်းတယ်ဆိုပြီးတော့ပဲ အားပေးမိ၊ သဘောကျ နှစ်ခြိုက် မိတာပဲ ရှိတယ်လေ. . .။ ချစ်သူရဲ့ကဗျာလေးတွေမို့ တန်ဖိုး ထားစွာ နားထောင်တတ်၊ သိမ်းဆည်းတတ်တာပဲပေါ့။ တကယ် လို့သာ အဲဒီကဗျာအတိုင်း ဖြစ်ခဲ့ရင်. . . ပိုး ကိုကြီးကို အဆုံးစွန် သောအချစ်တွေ ပေးချင်မှ ပေးခဲ့မှာပါ ကိုကြီးရယ်. . .။

"ကိုကြီး ဖယောင်းတိုင်တွေ အတူတူထွန်းကြ ဆုတောင်းကြ စို့လေ၊ တော်ကြာ မာမီ ပိုးပျောက်သွားလို့ ရိပ်မိမယ်"

ကိုကြီးနှင့်အတူ ဖယောင်းတိုင်လေးတွေ ဆုတောင်း ထွန်း ညှိ မေတ္တာပို့ကြသည်။

ပိုး ဟိုးဘေးက အဝါနဲ့က ကိုကြီးမာမီ. . . ဟိုမြင်ရတာက အစ်မ၊ ဘယ်သူဘယ်ဝါဆိုတာ လက်ညှိုးထိုးပြီး ပြသည်။ ပိုး မြင်ဖူးမှာပါဟုလည်း ပြောသည်။

"ဟင့်အင်း၊ ပိုး အခုမှမြင်ဖူးတာ၊ ညဆိုတော့ သိပ်ပြီး မသဲကွဲဘူး၊ ဒါပေမဲ့ ပိုး သေချာမှတ်ထားမယ်နော်"

"ပိုး မာမီ့ဆီ သွားတော့မယ်၊ မာမီရှာနေမှာ"

"(Good Night) နော် ကိုကြီး"

"ပိုး မနက်ဖြန် ဘုရားကျောင်းမှာ ဆုံမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"အင်းပါ ကိုကြီးရဲ့ ပိုးလာမှာပါ" ချစ်သူနှစ်ဦး ခဏသာ ခွဲခွာရချိန်လေးအတွင်းမှာပင် တမ်းခြွေ၍ မဆုံးချေ။

ပိုး မာမီ့အနားပြန်ရောက်ချိန်တွင် "မာမီ"

"ပိုး ဘယ်တွေသွားနေလဲ၊ မာမီ အနီးအနားမှာ ရှိမလားလို့ ရှာတာ မတွေ့ဘူး၊ ဘယ်သွားလဲ" လို့ မေးသည်။

မာမီ့အသံက အနည်းငယ် မာဆတ်ဆတ်ပေ့ါ။

"ပိုး ဟိုဘက်ထိပ်သွားတာ မလှိုင်တို့သူငယ်ချင်းတွေလေ၊ မလှိုင်နဲ့ ပတ်သက်ပြီး သိတာ သူတို့ဆီသွားတာလေ၊ ကြာ သွားတယ်မာမီ" မလိမ်တတ် မညာတတ် ပိုး ညာမိလေပြီ။

"ပြန်မယ်ပိုး၊ မာမီတို့ ပြန်ကြစို့"

"ဟုတ် မာမီ" ဟု ဆိုကာ မာမီ့နောက်မှ ယုန်သူငယ်လို ခပ်ကုတ်ကုပ်နှင့်လေ။ အဲဒီညက ပိုးတော်တော်နှင့် အိပ်မပျော်ပေ။ မာမီ့ကို အကြီးမားဆုံး ညာမိသောလုပ်ရပ်ကို သူမ အတင့်ရဲစွာ ကျူးလွန်ပေသည်။

နောက်တစ်နေ့ နံနက်၊ မုံရွာသချိုင်းမီးထွန်းပွဲတော်ပြီး၊ ဘုရားကျောင်းတွင် သေဆုံးသွားသောသူများကို ဆုတောင်းခြင်းများ၊ အလှူအတန်းပေး၍ အလှူငွေ ပေးအပ်ပွဲများကို ဆိုင်ရာ မိသားစုများနှင့် ဘုရားကျောင်းတက်ကြသည်။ မာမီ့မျက်နှာက ခါတိုင်းထက် ထူးခြားကာ သူမကို အကဲခတ်နေသည်ဟု ပိုး ထင်သည်။ ပိုးဘာသာ မလုံမလဲ ဖြစ်တာလည်း ရှိချင်ရှိမှာပေါ့ ဟုသာ ဖြေသိမ့်ရသည်။ သို့သော် ရင်ထိတ်စွာနှင့် ကိုကြီးကို ဘုရားဝတ်ပြုရင်းမှ ရှာမိသည်။ မာမီ့မျက်နှာလည်း သတိထား





ရင်း မာမီ မရိပ်မိအောင် မျက်ဝန်းများကို တိတ်တခိုး ရှာဖွေရသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၄ )



"အပျော်လွန်အချစ် . . . အလွမ်းဖြစ်"

တစ်နေ့ ကိုကြီးနှင့်ပိုးတို့ ချစ်သူနှစ်ဦး တွေ့ဆုံနေကျ ဒကရာဇ်ပင်ကြီးသို့ ပိုးတစ်ယောက် မင်းညိုခန့်၏ ချိန်းဆိုမှုအရ ရောက်ရှိခဲ့၏။

"ပိုး"

"ဘာလဲကိုကြီး ပြော"

"ကိုကြီးကျောင်းကို ပြန်တော့မယ်"

"ကိုကြီး" ပိုးက ဆက်မပြောစေလို၍ တားသလို အော်ပြောလိုက်သည်။

"မပြောလို့ မဖြစ်ဘူးပိုးရယ် . . . ကိုကြီးလည်း ပိုးနဲ့ တိုင်ပင်စရာရှိတာတွေ တိုင်ပင်ပြီးရင် ရွှေ့အပတ်ထဲမှာ ပြန်မယ် စီစဉ်နေပြီ။ ပိုးနဲ့ ဒီနေ့တစ်နေ့လုံး လည်မယ်လေ . . . ပိုးနော်"

"ကိုကြီးကလည်း . . . ပိုး မလည်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပိုး မလည်ချင်လည်း ကိုကြီးက လည်ချင်တယ်၊ ဆုံဆည်းရာမှာ ရေခဲခြစ်စား၊ ထန်းတောအင်းမှာ ကြာပန်းခူးချင်တယ်ဆို၊ ပြီးရင် ခဏထိုင်မယ်၊ ရုပ်ရှင်ကြည့်မယ်၊ အပြန် ကျောက်ဆောင်ဆိပ်ဖက်ကနေ စက်ဘီးပတ်စီးမယ်၊ ပိုး လိုက်ခဲ့ရမယ်နော်"

"ဟာ အဲဒီလောက်အချိန်အကြာကြီး မာမီသိသွားမှာပေါ့"

"သိတော့လည်း ပြောလိုက်ပေါ့ပိုးရာ ဘယ်တတ်နိုင်မှာလဲ"

"ပိုးက ကိုကြီးကို မချစ်ဘူးမို့လား၊ ပိုးရယ်. . . ကိုကြီးက ရိုးရိုးသားသားနဲ့ ဖြူစင်တဲ့သံယောဇဉ်နှင့် သွားလာတာပါ။ ကိုကြီး တခြားအခွင့်အရေး မယူဘူးဆိုတာ ပိုးလည်း အသိပါ"

"ပိုး မယုံလို့ မဟုတ်ပါဘူး၊ မာမီ ခုတစ်လော ပိုးကို ကြည့်တဲ့ အကြည့်တွေက ပိုးအကြောင်းသိနေသလိုမို့၊ ပိုးဖွင့်ပြောရရင် ကောင်းမလားလို့"

"ပြောလိုက်ပေါ့ပိုးရာ. . . ပိုးမာမီမေးရင်တော့ မညာဘဲ ပြောလိုက်ပေါ့၊ ကိုကြီးနဲ့ပိုး လက်ထပ်ဖို့အထိ ရည်ရွယ်ထားတယ်လို့"

"ပိုး စိုးရိမ်( )က ကိုကြီး ချစ်ခွင့်ပန်တာကို ပို ( ) ဖွင့်မပြောခဲ့တာကို မာမီစိတ်ဆိုးမှာ. . . ပြီးတော့ ပိုးစိတ်နဲ့ ပိုးလုပ်တဲ့ ကိစ္စမှာ မာမီဘယ်လိုမှ ခွင့်ပြုမှာ မဟုတ်ဘူးလေ"

"ပိုးရယ်. . . ဒါကတော့ သူလည်း မိဘပဲ. . . အတိုင်ပင်ခံမယ့် ကိစ္စကို ဘယ်ကျေနပ်မှာလဲ. . . ပိုးလည်း ညာချင်လို့မှ မဟုတ်တာ. . . ကိုကြီးကို သိပ်ချစ်လို့ဆိုတာ ကိုကြီး နားလည်ပါတယ်. . . ကဲ တော်ပြီကွာ၊ စိတ်ညစ်စရာတွေ မပြောနဲ့တော့





ကိုကြီးနဲ့ ခုလျှောက်လည်မယ်၊ ပြီးရင် အိမ်မြန်မြန်ပြန် ဟုတ်ပြီလား၊ ဒီနေ့ တွေ့ပြီးရင် ကိုကြီး ပြန်ခါနီးမှာ တစ်ရက်လောက် ထပ်တွေ့မယ်လေနော်၊ ပိုး အခု စိတ်ညစ်မနေနဲ့ ကိုကြီးရှိတယ်၊ လာကွာ ပိုး"

အဲဒီနောက် မင်းညိုခန့်နှင့် ပိုးတို့ မုံရွာမြို့လေးရှိ ချစ်သူတို့ ကွန်းခိုရာနေရာစုံသို့ စက်ဘီးတစ်စီးဖြင့် ပျော်ရွှင်စွာ လည်ပတ်ကြသည်။ အပြန်တွင် မင်းညိုခန့်က ပိုးတို့အိမ်လမ်းထိပ်ရှိ တမာပင်ကြီးအောက်သို့ ရောက်သည့်တိုင်အောင် လိုက်ပို့၏။

"ပိုး ကိုကြီးမှာတာတွေ မမေ့နဲ့၊ စိတ်မညစ်နဲ့နော် ပိုး"

"အင်းပါ"

"ကိုကြီး ဟိုနေ့ကျရင်လည်း လာတွေ့မယ်နော်၊ ဒီကြားထဲလည်း ပိုးတို့အိမ်ရှေ့ကို အချိန်လုလာခဲ့ဦးမယ် သိလားပိုး"

ပိုး ခေါင်းလေးညိတ်ပြခဲ့ရင်း မင်းညိုခန့်ကို ကျောခိုင်းကာ အဲမြန်ဆုံး ခြေလှမ်းများဖြင့် သူမအိမ်သို့ ကြောက်ရွံ့စွာ ပြန်လာခဲ့သည်။ အိမ်အဝင်ဝတွင်. . .

"ပိုးပိုး သမီး၊ လာဦး မာမီမေးစရာရှိတယ်"

"လာထိုင်ဦး" မာမ့်အသံတွေက စိတ်တိုစွာ မာကျောနေသည်။

"မာမီ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ. . . ငါကတော့ ငါ့သမီးလေးက ငယ်သေးတယ်၊ သူများပြောတာတွေ မဟုတ်လောက်ပါဘူးဆိုပြီး ရန်တွေ့လိုက်ရတာ၊ သူများတွေ ဘယ်လောက်နားလျှံအောင်ပြောပါစေ၊ ငါ ဂရုမစိုက်ခဲ့ဘူး၊ ငါ့သမီးလေးက လိမ္မာတယ်ဆိုပြီး အထင်ကြီး

www.burmeseclassic.com



ခဲ့တယ်၊ အခု ဘာလို့ ထင်ရာစိုင်းခဲ့တာလည်း သမီးရယ်။ မာမီ့ကို မကျေနပ်လို့လား၊ မာမီ့ကို မကျေနပ်လို့ ကလဲ့စားချေလိုက်တာ လား သမီး. . . သမီး မာမီ့ကိုမုန်းလို့ သမီးဘဝရဲ့ ဆုံးဖြတ်ချက်တွေမှာ ဦးမဆောင်စေခဲ့တာလား သမီး"

"သမီး ပြောလေ၊ မာမီမေးတာ"

"မာမီ ပိုးကို ခွင့်လွှတ်ပါမာမီ၊ ပိုးကြောင့် မာမီ စိတ်မညစ်ပါနဲ့၊ ပိုးလေ မာမီ့ကို မုန်းလို့မဟုတ်ဘူး၊ မာမီ့ကို မမုန်းပါဘူး၊ အခု ပိုးမှာ ရင်ဖွင့်ရမယ့်သူ မရှိလို့ ပိုးမာမီ့ကိုယ်စား ပိုး ရည်စားထားမိတာပါ၊ ပိုးကို အမြဲယုယချစ်ခင့်မယ်သူ ရှာမိတာပါ၊ ပိုး အပြစ်ပါ. . . ပိုးအပြစ်ပါ"

"အမလေး. . . မာမီ့သမီးလေးရယ်. . . မာမီ ကိုယ်ကျိုးနည်းတော့မလို့ပါလား၊ မာမီ့ကိုယ်စားချစ်သူထားတယ်. . . သမီးရယ်. . . မာမီ့သမီးက ငယ်သေးတယ်လေ. . . သမီး ဘာတွေ လျှောက်လုပ်တာလဲကွယ်၊ ဒါကြောင့် မာမီ့ကို ဘာမဆိုတိုင်ပင်ပါလို့ ပွင့်လင်းစွာ သူငယ်ချင်းတွေလို မာမီပြောခဲ့တာလေ. . မာမီ့သမီးကို မာမီ စိတ်မဆင်းရဲစေချင်ဘူး၊ ဒါပေမဲ့ ပိုးလေးက ငယ်သေးတယ်၊ ခုမှ ကိုးတန်းရှိသေးတယ်. . . နောင်နှစ်ဆို ဆယ်တန်းဖြေရတော့မယ်၊ ဒီအတိုင်းသာဆို သမီး ပညာရေးတွေ စိတ်လေပြီး ထိခိုက်တော့မှာပေါ့၊ ပြီးတော့ ဟိုကကောင်လေးက သမီးထက်အသက်လည်း ကြီးတယ်၊ ဘွဲ့လည်း ရတော့မယ်၊ နှစ်ယောက်စလုံး ဘွဲ့ရကျောင်းပြီးလို့ အလုပ်ကိုယ်စီ ပြည့်စုံတဲ့ဘဝတွေ ပိုင်ဆိုင်ပြီဆိုရင် မာမီ မတားပါဘူး





ကွယ်၊ ခုချိန်မှာ သမီးရော သူရော လောင်းရိပ်က ပန်းလေးတွေလေ၊ နေပူဒဏ်ဆိုတဲ့ လောကစံကြမ္မာကို သမီးတို့တွေ့ရင်. . . သမီးတို့ဘဝလေးတွေ ပန်းအလှလေးတွေလို ညှိုးခွေပြီး အလှလေးတွေ ချက်ခြင်း ပျက်ပြယ်သွားမှာပေါ့. . . မာမီ စိုးရိမ်တယ်သမီး၊ ငါ့သမီးလေး ပညာရေးကိုပဲ ကြိုးစားပါဦး၊ အဲဒီကောင်လေးနဲ့ သမီး မတွေ့ပါနဲ့တော့၊ ကြိုးစားမေ့ထားလိုက်ပါလို့ မာမီ သမီးကို ပြောပါရစေ၊ အရာအားလုံး ပြည့်စုံတဲ့ နောင်တစ်ချိန်မှာ မာမီ့သမီးလေး ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း မာမီလေ သမီးဘက်က ရှိနေမှာပါ" ဒေါ်မြတ်နိုးခင်၏ အနူးညွှတ်ဆုံး အပျော့ဆွဲမှုကို ပိုး ဘယ်လိုမှ မရိုပ်မိခဲ့ချေ။

ပိုးတစ်ယောက် မာမီ့ကို ကိုကြီးနှင့် သွားမတွေ့ဖို့ ကတိပေးရန် တောင်းဆိုခြင်းကို ပိုး ကတိပေးလိုက်၏။ စိတ်တွေကတော့ ကိုကြီးဆီမှာ. . . မာမီ့မှာလည်း ပိုးကို သူ့ဘက်မှ အသေချာဆုံး လွတ်ထွက်မသွားအောင် စီစဉ်လာသည်။ တင်းကြပ်မှုတွေကြားမှာ ပိုး မနေတတ်မထိုင်တတ်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)



"နှလုံးသားဒဏ်ချက် ... အခံရခက်"

အိပ်ခန်းထဲဝင် အိပ်ရာပေါ်တွင်လည်း လူးလူးလိမ့်လိမ့်။ နေ့စဉ်မှတ်တမ်းတွင် ကိုကြီးအကြောင်း ရေးရာတွင်လည်း စိတ်က မပါချေ။ ကြီးလေးကတော့ မာမီ့ကို စိတ်ညစ်အောင် မလုပ်ရန် ကိုယ်လုပ်ခဲ့သောအပြစ်ကို တောင်းပန်ရန် ဆုံးမသည်။ ပိုးအရွယ်ရောက်လို့ ရည်းစားထားတာအပြစ်တဲ့လား ကိုကြီးရယ်၊ ပိုးအသက် ဆယ့်ခုနစ်နှစ် ငယ်သေးတယ်တဲ့လား၊ ပိုး ဘာလို့ ကိုကြီးကိုမှ သွားချစ်မိတာပါလိမ့်နော်။ ပိုးဘယ်လိုမှ ကြံရာမရတဲ့အဆုံး မာမီဈေးထွက်ချိန်မှာ ကြီးလေးကို မျက်ရည်ခံထိုးပြီး ကိုကြီးကို ပိုးသွားတွေ့ချင်တယ်၊ မောင်နှမလို ဆက်ဆံမှုမျိုးနဲ့ ဆက်ဆံတော့မယ်၊ နေကြမယ်၊ အခွင့်အရေးကို ကြီးလေးဆီမှာ တောင်းမိပါတယ်၊ မရပါဘူး ကိုကြီးရယ်. . . ကိုကြီးသိတဲ့အတိုင်းပဲလေ၊ ကြီးလေးက အမလေးထိ တရင်း အော်ရင်း၊ အရင်က



www.burmeseclassic.com

www.burmeseclassic.com

ဗိုင်းကောင်းကျောက်ပိ လူကြီးဆုံးမရင် ရတဲ့ပိုး. . . လူကြီးတွေစကားကို တစ်သဝေမတိမ်း နားထောင်တတ်တဲ့ပိုးကို ဟိုကယောက်ျားလေး ဘာသားနဲ့ထုထားတာမှတ်လို့ ညည်းကို အခုလိုညည်းအမေက ထိန်းသိမ်းနေတယ်ကြားရင် ကျော်မကောင်းကြားမကောင်းများဖြစ်ရင် ပိုးရယ် ညည်းအမေလေး. . . ညည်းကိုကျောင်းထားကာစ နို့တိုက်လွတ်ခါစအရွယ်လို့ ထင်မှတ်ပြီးသူများထက်ကျောင်းထားနောက်ကျ. . . သူ့ရင်ခွင်ကနေကျောင်းကို ပို့ရတဲ့အချိန်ခဏလေးမှာတောင် မခွဲနိုင်မခွာရက်ခြင်းပလုံးတစ်ဘက်နဲ့ ညည်းကျောင်းရှိရာကို ဆီး၊ ဝမ်းချုပ်ခံပို့တာများ ငဲ့ပါဦး ပိုးရယ်. . . မခင်တော့ ရူးရချေရဲ့တဲ့. . . ပိုးမျက်ရည်တွေ မာမီ့ကို သနားစွာ စို့တက်လာခဲ့တယ်။ ဒါပေမဲ့ကိုကြီးရယ်. . . ပိုးမာမီ့ကို သနားမိပေမယ့်လည်း ပိုးစိတ်တွေကကိုကြီးကို သတိမရဘဲ မနေနိုင်ပါဘူး ကိုကြီးရယ်. . .။

ပိုးတစ်ခုပဲ သတိရမိတယ်. . . သဇင့်ကိုများ ကိုကြီးဆီလွှတ်ရရင်ကောင်းမလားလို့ စဉ်းစားရင်းပေါ့။ သဇင်ကလည်းမလာတော့ အခက်တွေ့ခဲ့တာပေါ့။ ဒီလိုနဲ့ ပိုးမာမီ့ကို မမလှိုင်တို့ဆီ သွားဦးမယ်လို့ပြောပြီး ခွင့်တောင်းမိတယ်။ မာမီက"ပိုးနော်၊ မာမီ့ကွယ်ရာမှာတော့ အခွင့်အရေး မယူပါနဲ့၊ ပေးထားတဲ့ ကတိ တည်ရမယ်၊ မာမီ ယုံချင်တယ်ကွယ်. . . မာမီ ပိုးကိုချုပ်ချယ်တာလည်း မဟုတ်ပါဘူး၊ သွားချင်တဲ့ဆီ သွားပေါ့။ပိုးမာမီ့ကို ထပ်ညာလည်း မာမီ အခုမသိပေမယ့် မာမီ့မှာ နားတွေမျက်စိတွေရှိတော့ တစ်နေ့တော့ ကြားမှာ သိမှာပဲ" တဲ့ "ပြီးတော့





သဇင်နဲ့တော့ မသွားနဲ့၊ သဇင်က အောင်သွယ်တော် လို့မာမီကြားတယ်။ ပိုးသွားချင်ရင် တစ်ယောက်တည်းသာ သွား၊ကြာမယ်ဆို မာမီ့ပြောသွား၊ ဘယ်မှာရှိမယ်ဆိုတာ မာမီသိထားရင် ပြီးတာပဲ" လို့ မာမီက မှာရှာသည်။

"ပိုးအိမ်ထဲက မထွက်တာကြာပြီနော်" လို့ မမလှိုင်ကမေးတော့ ပိုးလည်း ကိုကြီးအကြောင်းကို ရင်ဖွင့်မိသည်။ ကိုကြီးလို တက္ကသိုလ်ကျောင်းသား၊ မြို့လေး ဒီလောက်ကျဉ်းတဲ့ မုံရွာမြို့လေးမှာ အိမ်ထဲက အိမ်ပြင်ထွက်ခဲတဲ့ အိမ်တွင်းပုန်းမလေးပိုးကိုမှ ချစ်တယ်၊ ကြိုက်တယ် ပြောခံရတာကို. . . "မမလှိုင်ကညီမလေးတစ်ယောက်လို ခင်လို့ တားတာနော်ပိုး၊ ဒေါ်ဒေါ်ခင်တားတာမှန်တယ်၊ ညည်းလေးဓာ မြို့အနှံ့ဆိုတာတောင် အရင်က ရောက်ဖူးတာမဟုတ်ဘူး၊ ရောက်ဖူးခဲ့တဲ့ မိန်းကလေး မဟုတ်ဘူး၊ သူ့မှာရော မုံရွာကနေ ကျောင်းပြန်တက်၊ အဲဒီ ရန်ကုန်တက္ကသိုလ်မှာရော ရည်းစားမရှိဘူးလား၊ မဖြစ်နိုင်ဘူးပိုး၊ဒီလောက် ရုပ်ရည်ချောမောတဲ့သူက ပိုးကိုချစ်တယ်ဆိုတာဘာမှမသိတဲ့ ကလေးကို မုန့်ပေးကြိုက်တာ" တဲ့ ကိုကြီးရယ်၊ပိုး. . . ကိုကြီးအတွက် ရင်တွေပူ စိတ်မချဖြစ်လာ၏။ ကိုကြီးကနာမည်ကြီး လူချောတဲ့လား။ ပိုးဘာဖြစ်လို့ မသိခဲ့တာပါလိမ့်။ပိုးမှာ ဘာလို့ အဲဒီအတွေးတွေ မတွေးမိတာလဲ။ ပိုးကိုးကိုကြီးကလေးတစ်ယောက်လို လက်တည့်စမ်းပြီး ရူးသွပ်လို့ မှားပြီထင်တယ်။ ပိုး မှားခဲ့ပြီလား။ မာမီ့စကားတွေ နားမထောင်ခဲ့လို့ မှားပြီထင်တယ်။ ပိုးတော့ အချစ်နွံထဲက သားကောင်


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားပြီ ထင်တယ်။

ကိုကြီးရယ် ပိုးဘယ်လိုလုပ်ပြီး အဲဒီနွံထဲက ရုန်းထွက်ဖို့ ကြိုးစားရမလဲ။ ပိုး ကြိုးစားချင်ပါတယ်။ ဒါပေမဲ့ ပိုး ရတော့မယ် မထင်ပါဘူး ကိုကြီးရယ် . . .။

အဆိပ်တက်လာတဲ့ နှလုံးသားဒဏ်ရာကြောင့် လူတစ်ကိုယ်လုံး ပြာနှမ်းမှန်ဝေစွာ၊ ပိုးလေ . . . မမလှိုင်ကို နှုတ်ဆက်ပြီး ကိုကြီးနဲ့ အတူ ဆုံနေကျ ကေရာဇ်ပင်ကြီးဆီ လာခဲ့တယ်။

ကိုကြီး . . . သူမရှေ့မှာ စက်ဘီးကို ကန့်လန့်ဖြတ်ရပ်လိုက်တဲ့ ကိုကြီး။ ထူထဲတဲ့မျက်ခုံးတွေကို ရှုံ့တွစွာ ကြည့်နေတဲ့ မျက်လုံး အကြည့်တွေကို သုံးသပ်ကြည့်ရင်း ကိုကြီးလည်း သူမလို ခံစား နေရပြီဆိုတာ ပိုးချက်ချင်း သိတာပေါ့။

“ကိုကြီး” တိုးလျှည်သာစွာ အသံကို နှစ်ကိုယ်ကြားသာ ခေါ်လိုက်သည်။

အရပ်ရှည်ရှည် ခေါင်ကောင်းကောင်း ကိုကြီးမျက်နှာဆီသို့ ပိုးဘာစကားမှ ဆက်မပြောနိုင်ဘဲ ငြိမ်သက်စွာ စိုက်ကြည့်လျက်။

“ပိုးလေး . . . ပိုးတစ်ခုခု ဖြစ်ပြီမို့လား”

အလိုက်သင့်စွာ ခေါင်းညိတ်ယုံပဲ ပိုးဖြေနိုင်၏။ ပိုးမျက်ဝန်း စိုတွေက အရည်ကြည်များ လဲ့ခိုလာသဖြင့် ကော့ရွှန်းသော မျက်တောင်လေးများကို တဖျပ်ဖျပ်ပုတ်ရင်း။ နှုတ်ခမ်းနှစ်လွှာ တို့ကလည်း ခြောက်သွေ့ကြေကွဲလျက်နှင့် ပွင့်အန်မလာတော့ချေ။

“ပိုးလေးရယ် . . . ကိုကြီးတော့ ဘာမှနားမလည်ဘူးကွာ။ ပိုးရှင်းပြမှ သိရတော့မှာလေ။ ပိုးစိတ်ကို တည်ငြိမ်အောင်





ထားလေနော်။ ကိုကြီးကို ပြောပြဟုတ်လား။ ပိုးမာမီက ကိုကြီးနဲ့ သဘောမတူလို့ အရင်လို အပြင်မထွက်ရတာမို့လား။ ဟုတ်တယ်မို့လား။ ပိုးပြောလေ ကိုကြီးကို”

“ပိုးလေး မငိုနဲ့နော်ပိုး။ ဟောဒီ ပါးကွက်လှလှလေးတွေ ပေါ်မှာ မျက်ရည်တွေ မစွတ်စေပါနဲ့ပိုးရယ် . . . ကိုကြီး ရှိတယ် လေ။ ပိုးဘက်မှာ ကိုကြီး အမြဲရှိနေသားပဲပိုး . . . ပိုးပြောပြ ကိုကြီးသိအောင် ပြောပြ”

ပိုးရဲ့အေးစက်နေသော လက်ကလေးများ ချစ်သူအားပေး စကားသံနှင့်အတူ နွေးထွေးလာသလို၊ လူတစ်ကိုယ်လုံးလည်း လန်းဆန်းလာသည်။ မျက်နှာပြင်တစ်ခုလုံးလည်း ယခင်ကလို မှိုင်းညို့တော့ခြင်း မရှိဘဲ မိုးစက်ခိုသော ရွက်စိမ်းလေးများပမာ ကြည်လင်လာ၏။

“ကိုကြီး မာမီသိသွားပြီ”

“ပိုးပြောလိုက်ပြီလား”

“ဟင့်အင်း သူ့ဘာသာသူ သိတာ”

“အရိုက်ခံရသေးလား”

“မရိုက်ပါဘူး၊ သူ့ကို ဖွင့်မပြောလို့ သူများနားမဆံ့မှ သိရ တယ်ဆိုပြီး ဆူတယ်၊ ကိုကြီးက ပိုးထက် အသက်ကြီးတယ်လို့ ပြောတယ်၊ ပိုးက ငယ်သေးလို့ ပညာလည်း မပြီးသေးလို့တဲ့ ကိုကြီးက ဘွဲ့ရတော့မှာတဲ့၊ ပိုးတို့ ပညာစုံတဲ့တစ်နေ့မှပဲ စဉ်းစား ကြရမယ်။ ဒီကြားထဲ ပိုးကို ကိုကြီးနဲ့ သွားမတွေ့နဲ့လို့တော့ ပြောတယ်၊ ကတိတောင်းတယ်။ ပိုး ကြိုးစားရမယ်တဲ့။ ပညာ သစ်ဟင်းမှာရိုးလို့ မာမီက သဘောမတူတာ မဟုတ်ဘူးတဲ့ ကိုကြီး”



www.burmeseclassic.com

www.burmeseclassic.com

"ဒါ မဖြစ်နိုင်ဘူး ပိုး၊ ပိုးရဲ့မာမီက ပိုးကို နှစ်သိမ့်တာ၊ ကိုကြီးနဲ့ သဘောမတူတာနဲ့ အကြောင်းပြချက်တွေနဲ့ ဖုံးကွယ်တာ ပိုးရဲ့. . . မင်းလေးဘာမှ မသိပါလား" မင်းညိုခန့် ပိုးရဲ့ အသွားအလာ စကားများအဆုံး ရင်မောစွာ။ ချစ်သူ၏ ဘာမှမသိနားမလည်ရှာသော မျက်နှာလေးကိုသာ စိုက်၍ကြည့်နေစဉ်. . .

"ကိုကြီး ပိုးကိုချစ်ရင် ကြိုးစားနော်။ ကိုကြီး ကြားလား ပိုးပြောတာ"

"ဘယ်လိုပြောလိုက်တာလဲ ပိုးရယ်. . . ကိုကြီး ကြိုးစားနေတယ်။ ပိုးကို ချစ်လွန်းလို့ ကိုကြီးအနားမှာ ပိုးလေးကို အမြဲရှိနေစေချင်တော့တာ။ ပိုးကို မတွေ့ရတဲ့ရက်တွေမှာ စိတ်ပူမိတယ်။ ကိုကြီးကျောင်းပြီးရင် လက်ထပ်ဖို့ ပိုးကို လက်ထပ်ဖို့အတွက် ဘုန်းတော်ကြီး ဂျွန်ဆီမှာ သွားခွင့်တောင်းတယ်"

"ဘုန်းတော်ကြီးက ဘာပြောလဲ ကိုကြီး. . . ဘာတဲ့လဲဟင်။ ပိုးတို့. . . ပိုးတို့ ဒါဆို မာမီခွင့်မပြုဘဲ လက်ထပ်ကြတော့မှာပေါ့ ဟုတ်လား၊ ဘုန်းတော်ကြီးက ပိုးတို့ကို ခွင့်ပြုလိုက်သတဲ့လား။ ကိုကြီး ပိုးတို့ ဘယ်တော့လက်ထပ်မှာလဲ၊ ပိုးလည်း ဘာမှ မသိလိုက်ရပါလား ကိုကြီးရယ်. . ."

"ကိုကြီး သွားပြီး ခွင့်တောင်းနှင့်တာပါ ပိုးရယ်၊ ဒါမှ ကိုကြီး ကျောင်းပြီးရင် ပိုးနဲ့ အရင်လက်ထပ်ထားနှင့်ချင်တာ။ ဒါပေမဲ့ ကွာ. . . ဒါပေမဲ့ ဘုန်းတော်ကြီးက ခွင့်မပြုဘူးတဲ့ ပိုးရဲ့ ခွင့်မပြုဘူးတဲ့။ ပိုးက ငယ်သေးတော့ အိမ်ထောင်ကိစ္စ မနိုင်နင်းမှာတဲ့၊ ပိုးတို့က အမေတစ်ခု သမီးတစ်ခုကို သိလို့ ပိုးနဲ့ကိုကြီး





စိတ်ဆင်းရဲရမယ့် အရေးတဲ့လေ။ ပိုးမာမီ ဒေါ်မြတ်နိုးခင်က ပိုးကို ခုအရွယ်၊ ခုအချိန်မှာ ချစ်လို့ကောင်းတုန်းနေမှာတဲ့။ ပိုးရယ်. . . ကိုကြီးနှလုံးသားတွေလည်း ဗလောင်ဆူကုန်ပြီ ဘာလုပ်ရမှန်း မသိပါဘူး ပိုးရယ်. . .။

"ဒုက္ခပါပဲ၊ အဲဒါမှ ပိုဆိုးမှာ မာမီ့ဆီ ဒီသတင်းရောက်ရင် ပိုးတို့ ဘယ်လိုလုပ်မှာလဲကိုကြီး၊ မာမီ ဒါကြောင့်ပိုးကို အပြင်ပေးမထွက်တာနေမှာ။ ပိုးနဲ့ကိုကြီး နောက်ဆို တွေ့ဖို့ ပိုခက်တော့မှာပါ ကိုကြီးရယ်. . . မာမီသာ ဒီကိစ္စသိရင် ပိုးတော့ ဒုက္ခပါပဲ ကိုကြီးရယ်. . . ကိုကြီးကလည်း ပိုးကို မတိုင်ပင်ဘဲ ဘာတွေလျှောက်လုပ်တာမှန်း မသိဘူး"

"ပိုးရယ် ကိုကြီးလည်း ပိုးလေးနဲ့ မခွဲနိုင်လို့ပေါ့။ ကိုကြီး အလောတကြီး စိစဉ်မိသလို ဖြစ်သွားတယ်။ ပိုးကို ကိုကြီး ဘဝအတွက် ရည်ရွယ်ခဲ့တာပါ။ ကိုကြီးကို နားလည်ပေးပါနော် ပိုး. . . ဒါနဲ့ ပိုးအသက် ဘယ်နှနှစ် ရှိပြီလဲ ပိုး"

"ဘာလုပ်မလို့လဲ ကိုကြီး၊ ပိုးအသက် ဆယ့်ခုနစ်နှစ် ပြည့်ပြီးခဲ့ပြီ။ ဆယ့်ရှစ်နှစ် ပြည့်တော့မယ်လေ. . . လပိုင်းလောက်ပဲ လိုတော့မှာ၊ မြန်မာလဆို လိုသေးတယ်။ အင်္ဂလိပ်လိုဆို ပြည့်ခဲ့ပြီးပေါ့"

"ဟိုး တော်ပြီ ဒါဆိုရပြီ။ ကိစ္စမရှိဘူး ရတယ်. . . ကိုကြီးနဲ့ ပိုး တရားရုံးမှာ လက်ထပ်မယ်။ ပိုးဘယ်လိုလဲ၊ ပိုးက ကိုကြီးကို လက်ထပ်ထားပေးမယ့် ကိုကြီး ပိုးကို မှဲ့တစ်ပေါက်မစွန်း၊ မြူတစ်မှုန် မသမ်းစေရဘူး။ ပိုးလည်း ကိုကြီးကို ယုံရင်၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို ချစ်ရင် မနက်ဖြန် မန္တလေးတရားရုံးမှာ မီးရထားစီးပြီး သွားလက်ထပ်မယ်။ ပိုး ပြီးရင် အိမ်ပြန်ချင်တယ်ဆိုရင်လည်း ပိုးသဘောပေါ့၊ ပိုးအိမ်မှာ ကျောင်းပြန်တက်ပေါ့။ ကိုကြီး အခုလိုစီစဉ်တာ ဒေါ်ဒေါ်ခင်ကို စိတ်မချသလို၊ ပိုးကိုလည်း လက်လွှတ်ရမှာ ကြောက်လို့ပိုး. . .။ ပိုး ကိုကြီးရဲ့ ကိုယ်ကျင့်တရားကိုတော့ ယုံပါ။ ကိုကြီး အခွင့်အရေးသမား မဟုတ်ဘူးဆိုတာ၊ ကိုကြီးသက်သေပြနိုင်အောင် ကြိုးစားမှာပါ"



# အပိုင်း ( ၁၆ )



www.burmeseclassic.com

www.burmeseclassic.com

## "ခွဲနိုင်ဘူးဆို ...အချစ်အလိုသို့"

"ပိုးလေ. . . ကိုကြီးအချစ်ကို ယုံပါတယ်။ ဒီကိစ္စမှာ မာမီ သိသွားရင် ဒီတစ်ခါ ပိုးကို ခွင့်မလွှတ်နိုင်တဲ့ စိတ်ဆိုးခြင်းမျိုးနဲ့ ပိုးကို စိတ်ဆိုးမှာ၊ ကိုကြီးဆန္ဒတွေ ပိုးအတတ်နိုင်ဆုံး ဖြည့်စမ်း ချင်ပါတယ်။ ဒါပေမဲ့ ပိုးလေ. . ."

"ဘာလဲပိုး ပြောလေ၊ ဆက်ပြောပါ၊ ပိုးဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ ဆုံးဖြတ်ချက်မှာ ကိုကြီး ပိုးကို ညာသွားမှာ စိုးရိမ်တာ မို့လား ပိုး"

"ကိုကြီးကို ယုံပါလို့ ထပ်မပြောချင်ပေမယ့် ကိုကြီးကြောင့် ပိုးဘဝမှာ နစ်နာမှုမျိုး၊ နှလုံးသားအနာနဲ့ အဖြူရောင်လွှင့်တဲ့ သန့်စင်ခြင်းမဲ့တဲ့ ဘဝမျိုးကို ကိုကြီးချစ်သူကို ဘယ်တော့မှ မဖြစ်စေရဘူး။ ကိုကြီးတို့ လက်ထပ်လက်စွပ်လည်း လဲကြမယ်။ ကိုကြီး ပိုးလက်မှာ သစ္စာဆိုပြီး စွပ်ပေးမယ်. . ."





ကိုကြီးရယ် ပိုးလည်း ကိုကြီးကို ပိုင်ဆိုင်ချင်တာပေါ့။ ချစ်သူနှစ်ဦးရဲ့ နှစ်ကိုယ်ကြားမှာ လေညင်းတစ်ချက် ရုတ်တရက် ဝှေ့တိုက်ရင်းတောင် ချစ်သူကိုယ်သင်းနံ့လေးတွေပါ ဆောင်သွား နိုင်တဲ့ လေညင်းကို အပြစ်တင် မနာလိုဖြစ်မိတဲ့ ပိုးလေ ကိုကြီး ကို ဘယ်စိတ်ချနိုင်ပါ့မလဲ. . . လစ်လျူရှုထားနိုင်မလဲ။ ပိုးလေ ကိုကြီးကို သိပ်ချစ်ခဲ့မိလို့ ပိုး စက္ကန့်ပိုင်းလေးအတွင်း ပိုး မိန်းမဈေး ဖျက်မိလို့ ကိုကြီးရယ်. . . ကိုကြီးကို လက်ထပ်ပါ့မယ်လို့ ကတိ ပြုမိတာပေါ့။ "ပိုးအန္တရာယ်ကင်းပြီး ကိုကြီးဆီ မနက်ဖြန် လာနိုင်ပါစေ" လို့ ကိုကြီးက ဆုတောင်းပေးသည်။

"ပိုးလေး ခဏနေဦး"

ပိုးလက်ဖမိုးလေးကို ခွင့်တောင်းကာ အနမ်းတစ်ပွင့်ကို မင်းညိုခန့် ရုတ်တရက် ခြွေချလိုက်သည်။

သူမ နဖူးပြင်စပ်မှ ဆံနွယ်စညှင်းနုနုလေးများကိုလည်း မင်းညိုခန့်က ထိုးဖွကစားရင်း ပါးစပ်မှ လေများကို မှုတ်ထုတ် ကာ ဆံနွယ်စများကို လွင့်ပါးစေ၏။

ပြီးတော့မှ ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး အကြင်နာရိပ်များ ကပ်ငြိနေကြသော မျက်ဝန်းများကို ကြည့်ရင်း၊ မခွာချင်ခွာချင် လမ်းခွဲလိုက်ကြသည်။

အိမ်ရောက်တော့ မာမီက ပါးစပ်က တစ်စုံတစ်ရာမှ မေးမြန်းခြင်း မရှိသော်လည်း မျက်ဝန်းဖြင့် စူးစမ်းစွာ. . . ပိုးမျက်နှာကို သေချာကြည့်လေသည်။

"ပိုး မာမို့ပန်းပင်တွေ ရေလောင်းပြီး မြေဆွပေးပါဦးကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မာမိ ခုတစ်လော မအားလို့ပါ၊ ပြီးရင် လက်ဆေးပြီး မာမ့်ဆီလာခဲ့။ မာမိ လိမ္မော်ရည်ဖျော်ထားမယ် ဟုတ်လား"

"ဟုတ်ကဲ့ မာမိ၊ ပိုး အခု လုပ်လိုက်ပါ့မယ်"

သမီးဖြစ်သူ၏ မတည်ငြိမ်သောစိတ်နှင့် လှုပ်ရှားမှုကို ကြည့်ကာ ဒေါ်မြတ်နိုးခင်တစ်ယောက် ငယ်ရာက ကြီးလာသူဖြစ်၍ သိရှိနားလည်ကာ သမီးငယ်အား စိတ်ပြောင်းလဲစေရန် တမင် ခိုင်းလိုက်ခြင်းဖြစ်သည်။ သမီးမိန်းကလေးတစ်ယောက်ကို ကြိုးကိုင်ရာတွင် တင်းကြပ်ခြင်းမဟုတ်ဘဲ ပါးနပ်ပိရိစွာ အသုံးချခြင်းပင် ဖြစ်၏။

ဒေါ်မြတ်နိုးခင်. . . ပိုးဘယ်သို့လှမ်းသည့် ခြေလှမ်းကို မျက်ခြေပြတ်မခံတော့ဘဲ လောင်းရိပ်မှ မလွတ်ကင်းအောင် လိုက်၍ တိတ်ဆိတ်စွာ စုံစမ်းကြည့်ရှုတတ်လေပြီ။

သူမဘဝရဲ့ အစိတ်အပိုင်းအားလုံးက ပိုးနှင့် သက်ဆိုင်တာဆိုတာ ဒေါ်မြတ်နိုးခင် အသိဆုံးပင် ဖြစ်ခဲ့ပြီ။

"ပိုး လိမ္မော်ရည်သောက်ပြီးရင် ခဏနား ရေချိုး၊ မျက်နှာမှာ သနပ်ခါးကို ပါးပြင်ထက် ပိုဖွေးအောင် လိမ်း၊ မာမိ ဆံပင်တွေ ရှင်းပေးပြီး၊ ဆံထုံးလှလှလေး ထုံးပေးမယ်။ ဇွန်ကုံးလေးပတ်ပြီး ပန်ရအောင်နော်။ သနပ်ခါးကို ထူထူဖွေးဖွေးလေး သေချာလိမ်းနော် ပိုး"

"ဘာလို့လဲ မာမိ. . . ပိုးကို ဘာလို့ သနပ်ခါးထူထူကို လိမ်းခိုင်းရတာလဲဟင်"

ပိုး မာမိ့ကို ဘဝင်မကျသောလေသံမျိုးနှင့် အငေါ့တူးနေသည်။





"ခုတစ်လော မာမိ့သမီး ပိုးလေးကို အားလုံးက စိတ်ဝင်စားနေပြီလေ. . . မာမိ့သမီးက ရည်စားပူမိပြီး သနပ်ခါးတောင် မလိမ်းနိုင်ဘူးဆိုတဲ့ အသံတွေ ကြားနေရတယ်။ ဒါကြောင့် မာမိ့သမီးလေးကို သူများတွေ မဟုတ်မဟုတ် အပြောမခံရအောင် မာမိက ပိုးလေးကို မဟုတ်သလို နေစေချင်တာ။ ပိုးလေး မျက်နှာလည်း ခါတိုင်းထက် ရွှင်ပေးပါလို့ မာမိ မှာချင်တယ် ကွယ်၊ သွား ရေသွားချိုးတော့နော်"

မာမိရယ် မဟုတ်သလို နေရမှာလား၊ ပိုးမှ မခံစားနိုင်တာ။ ပိုးအသံတိတ် ညည်းညူရင်း။

ပိုး ရေချိုးပြီးသည်နှင့် မာမိက ဆံပင်များကို ဖြီးသင်၍ ဆံထုံးလှလှလေးမှာ ဇွန်ပန်းကုံးလေးကို ပတ်ခွေ အလှဆင်ပေးသည်။

"လှလိုက်တာ သမီးလေးပိုးရယ်. . . မာမိ့သမီးလေး သိပ်လှ၊ သိပ်ယဉ်တဲ့ သမီးလေး၊ အခုလို ဖူးပွင့်နုနယ်စဉ်မှာ ဘယ်ယောက်ျားနှင့်မှ ချစ်ကြိုက်တာ မာမိမကြည့်ချင်တာ၊ မမြင်ချင်တာ၊ မာမိ အတ္တကြီးတာတော့ မဟုတ်ဘူး ထင်ပါရဲ့ သမီးလေးရယ်. . .။ မာမိ့လို အိမ်ထောင်ရေး ကံမကောင်းမှုတွေလည်း မာမိ့သမီးလေး တွေ့ကြုံခံစားရမှာစိုးလို့ မာမိ့ဘက်က မဖြစ်ဖြစ်တဲ့နည်းနဲ့ ကာကွယ်ပေးရတော့မှာပဲ သမီးလေးရယ်"

ဒေါ်မြတ်နိုးခင်တစ်ယောက် အရွယ်နှင့် မလိုက်အောင် လှပလျက်ရှိသော သူ့နေရာနှင့်သူ ဖွံ့ဖြိုးစိုပြည်စွာ ကြည့်ကောင်းသော သူမ၏သမီးလေးပိုးကို စိတ်မချခြင်းများစွာဖြင့် နှမြော



www.burmeseclassic.com

www.burmeseclassic.com



တွန့်တို ရတက်မအေးကာ ရင်တွင်းသောကတို့ဖြင့် ကြိတ်မှိတ် ခံစားလျက်။

ဒေါ်မြတ်နိုးခင် သမီးကိုကြည့်ရင်း တစ်ခုခုကို သတိရ သွားကာ. . .

"မာမီ သမီးကို ပြောရဦးမယ်. . . မာမီ သမီးလေးအတွက် လွန်ခဲ့တဲ့တစ်ပတ်လောက်က မှာထားတဲ့ ပခုံးတင်ကြိုးလေး တစ်စုံ (ဘော်လီလက်ကိုင်းကြိုး) ပန်းထိမ်မှာတာ ရပြီသိလား ပိုးလေး၊ သမီးသွားစရာရှိရင် မာမီထုတ်ပေးမယ်၊ အခု ယူရင် လည်း ယူထားပေါ့ သမီးသဘောပဲ"

"အဲဒီ ပခုံးတင်ကြိုးက ဇာပါးအကျီနဲ့ ဝတ်ရမှာ ရှက်စရာ နော် မာမီ၊ ကြွားသလိုများ ဖြစ်မလားပဲ"

"သမီးကလည်း ဘာရှက်စရာရှိလို့လဲ၊ သိပ်ရိုင်းတဲ့ပုံ မဖြစ် အောင် ဇာကို ထူအောင် အောက်ခံအတွင်းသား အကျီကို အရောင်ဖျော့ခံပြီး မာမီချုပ်ပေးမှာပေါ့၊ မာမီ သမီးကို ချုပ်ပေး ဖူးတဲ့ ပေဒါရောင်အကျီလေးရှိတယ်လေ၊ အဲဒီအကျီလေးနဲ့ ဆံပင်ကျစ်ဆံမြီး နှစ်ခွလေးခွဲချပြီး ထားလိုက်ရင် မရိုင်းဘဲ ယဉ်ယဉ်လေး ဖြစ်သွားရော"

"ဟုတ်ပြီမာမီ. . . အဲဒါဆို သမီး အဲဒီအကျီပေဒါရောင် လေးကို မနက်ဖြန် မမလှိုင်တို့အိမ်နားက မင်္ဂလာဆောင်သွားမှာ သမီးဝတ်သွားမယ်နော်။ အဲဒီကြိုးလေးနဲ့ ဝတ်ကြည့်သွားမယ်လေ"

"ဟဲ့ မာမီ့လည်း အခါတိုင်းလို ကြိုမပြောပါလား ပိုး"

ထူးခြားနေသော သမီး၏အဖြစ်ကို ဒေါ်မြတ်နိုးခင် တမင်





သိရဲ့နှင့် မေးလိုက်မိ၏။

"မေ့နေလို့ ပိုးမေ့သွားလို့ပါ မာမီ၊ ပိုးအခုပဲ သတိရတာ၊ ပိုး မာမီခွင့်ပြုမှ သွားမှာ၊ ပိုးဘယ်တော့မှ မာမီခွင့်မပြုရင် မသွား ပါဘူး" ပိုး မာမီအမေးကို ဖြေရင်း၊ သူမအတွက် အပြင် ထွက်ခွင့် ရရန် မုသားတွေ ထပ်ဆင့် ထပ်ဆင့် ညာလိုက်ပြန်သည်။

"ကောင်းပြီလေ၊ မာမီ ညဘက်ကျ လက်ဝတ်လက်စားတွေ ထုတ်ပေးမယ်၊ ပိုးကြိုက်တဲ့အစုံ လာရွေးလေ"

"ပိုး အများကြီး မဝတ်ချင်ဘူးမာမီ၊ ပိုး နီလာကြိုးကုံးလေး လောက်တင်ပဲ တော်ပြီ"

"မြီးရင်တော့ မကြာစေနဲ့နော်ပိုး၊ မာမီလည်း အခုရက်ပိုင်း ကျန်းမာရေး သိပ်မကောင်းဘူး၊ ခေါင်းထဲက နောက်ကျိကျိ နဲ့ရယ်၊ မာမီဆိုင်က စောင့်နေမယ်" ဆိုကာ ဒေါ်မြတ်နိုးခင်က မှာရှာသည်။

ပိုးမနက်ဖြန်ကာ လုပ်မယ့်အစီအစဉ်သာ မာမီသိရင် ရင်ကွဲ နာများ ကျလေမလားပဲ မာမီရယ်၊ ပိုးကို ခွင့်မလွှတ်ပါနဲ့တော့၊ ပိုးကို မာမီ မုန်းတော့မှာပဲ။

နောက်ရက်တွင် ပိုးအိပ်ရာမှ နံနက်ခြောက်နာရီတွင် ထကာ မှန်တင်ခုံရှေ့တွင် အလှပြင်လျက် မှန်တကြည့်ကြည့်

သမီးဖြစ်သူ၏ အလှပြင်ဆင်ပုံကို ဒေါ်မြတ်နိုးခင် ကြည့် မဝချင်၊ သို့သော် ယခင်က အခုလို သွားစရာရှိလျှင် မာမီ့ကို လုပ်ပါဦး၊ ပိုးမပြင်တတ်ဘူး၊ ဘာလိုသေးသလဲ ကြည့်ပါဦးနှင့် ကလေးပမာ ဆိုးနွဲ့မေးတတ်သည်။ ယခုတော့ သူမစိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခြယ်သလျက်။

"မာမီ အပြင်မှာ မိုးတွေကလည်း ညိုနေတယ်နော်၊ ပိုး အပေါ်ရုံလေး ဝတ်သွား၊ လွှားသွားရင် ကောင်းမယ်ထင်တယ် နော်"

"ဪ အေး အေး" "အင်း. . . အေး ပေါ့" "ကောင်း တာပေါ့ သမီးလေးရဲ့" အတွေးကို ဖြတ်ရင်း ပိုးအမေးကို မချိပြုံး လေး ပြုံးကာ ဖြေရှာသည်။

"မာမီ. . . ပိုးသွားမယ်နော်"

"သမီး. . . သမီးလေး သူမ သမီးလေး စိတ်မချနိုင်သော သူမစိတ်အလျဉ်အတွေးနှင့်အတူ သမီးဖြစ်သူ ပိုးနောက်ကို တိတ်တဆိတ်လိုက်ရန် ဒေါ်မြတ်နိုးခင် ခြေလှမ်းတို့ ပြင်ဆင် လိုက်၏။ ထိုသို့ နောက်က ထပ်ကြပ်မကွာလိုက်လျှင် သမီးလေး ရုတ်တရက် ရိပ်မိသွားမည်လည်း စိုးသဖြင့် ပုန်းလျှိုးကွယ်လျှိုး ဖြင့် လိုက်လေသည်။

ပိုးကတော့ ကိုကြီးဆီသို့ အပျော်စိတ်ကလေးများဖြင့် စိတ်ကူးယဉ်လျက် စက်ဘီးကိုစီးကာ ကြော့ကြော့. . . မော့မော့။

ပိုး ဦးတည်နေသော စက်ဘီးလမ်းကြောင်းကား မလှိုင်တို့ အိမ်ဆိုတာနှင့် တခြားဆီ။

"ပိုး. . . ပိုးလေး"

"ကိုကြီး"

"လာပိုး. . . လာ"

ဘုရားကျောင်းဝင်းအတွင်းရှိ ကေရာဇ်ပင်အောက်တွင်





ရပ်စောင့်နေသော မင်းညိုခန့်က ပိုးစက်ဘီးကို ရပ်ပြီးပြီးခြင်း ပိုးလက်ကို ဆွဲခေါ်၏။

"လာပိုး. . . လာမြန်မြန်လာ၊ ဒါ ကိုကြီးသူငယ်ချင်း သုံး ယောက်၊ သူက မောင်မောင်တဲ့၊ ပိုးတို့အိမ်နဲ့ နှစ်လမ်းကျော်မှာ နေတာ၊ သူ့ကို စက်ဘီးပေးထားခဲ့၊ သူစီးပြီး ယူလာလိမ့်မယ်"

"ကိုကြီး ဘာနဲ့သွားမှာလဲ၊ ကားနဲ့မို့လား"

"မောင်တို့အိမ်မှာ မြင်းလှည်းရှိတယ်၊ မောင်က သွားယူ နှင့်မှာလေ၊ မြင်းလှည်းနဲ့ ဘုတာရုံသွားမှာပေါ့၊ လက်မှတ် ဖြတ်ပြီး ပြီ၊ ကိုကြီးရဲ့ညီမဝမ်းကွဲတစ်ယောက်၊ အဲ ဟုတ်ပေါင် မှားသွားလို့ အစ်မ. . . အစ်မဝမ်းကွဲလည်း ပါတယ်၊ ပိုးဘက်က သက်သေ အနေနဲ့လေ၊ ပိုးလည်း အဖော်ရတာပေါ့"

"ကိုကြီးလောက်တော့ ဘယ်အဖော်ရမလဲနော် ကိုကြီး"ဟု မင်းညိုခန့်ကို သူ့သူငယ်ချင်းများက အပြန်အလှန် ပြောင်နေကြ သည်။

"ကိုကြီးကြောင့် ရှက်စရာကြီး သူတို့ပြောင်တာ ကိုကြီး ကြောင့် သိလား" ပိုး ရန်လုပ်လိုက်သည်။

"မရှက်ပါနဲ့အမိရယ်. . . သူတို့က ကိုကြီးရဲ့ ငယ်သူငယ် ချင်း အစစ်ကွေလေ. . . ဘာရှက်စရာရှိလဲ"

"ဟုတ်ဘယ် မမပိုးရဲ့" ဟု ထောက်ခံကြ၏။

"ကဲ မောင် သွားကြစို့ကွာ. . . ကြာရင် ငါတို့ ပြဿနာ တက်လိမ့်မယ်၊ ဒီနားမှာ ဆက်နေရင် မကောင်းဘူးကွ"

"လာ မင်းညိုနဲ့ မမပိုး မြန်မြန်သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ တိတ်တဆိတ်လိုက်လာသော ဒေါ်မြတ်နိုးခင် သမီးဖြစ်သူ ပိုးကို မင်းညိုခန့်နှင့် ယှဉ်တွဲ တွေ့လိုက်ရသောအခါ ဒုက္ခပါပဲ သမီးလေး ဘယ်လိုလုပ်ရပါ့မလဲ၊ သူမ လှမ်းခေါ်ရ မလား၊ သမီးလေး ရှက်ရမ်း ရမ်းသွားလျှင် သူမကို မုန်းသွား မလား၊ သူမ ဝင်ပြီး စိတ်တိုစွာ ရိုက်နှက်မိလျှင်လည်း တစ်ဘက် က သူစိမ်းယောကျ်ားလေးက အားကိုးစရာ ဖြစ်သွားပြီး သမီး လေး မာမီ့သမီးလေးရယ်၊ မာမီ ဘယ်လိုလုပ်ရပါ့မလဲ၊ ဟုတ်ပြီ အခုမှပဲ အကြံရပြီ။

အိမ်ပြန်မှ အမြန်အိမ်ပြန်ပြီး ဦးလေးထော်နှင့် သမီးရဲ့ ဦး လေးအချို့နှင့် အဒေါ်များကို ပြေးခေါ်မှ၊ အို ဒါဆို ငါ့သမီးလေး၊ ငါ့သမီးလေးက လင်နောက်လိုက်တာမှ မဟုတ်တာ၊ ရပ်သိရွာသိ ဆို သမီးလေး. . . သမီးလေး အရှက်ရသွားမှာပေါ့။ သမီးလေး က လိမ္မာပြီးသားပဲ၊ သူ သူ စကားပြောပြီးရင် အိမ် ပြန်လာမှာပဲ၊ ငါဘာတွေ လျှောက်တွေးနေတာပါလိမ့်၊ ငါ အိမ်ပြန်ပြီး ဘုရားစာ ရွတ်ရင်း သမီးလေးကို ထိုင်စောင့်မှပဲ၊ သမီးလေးအလာကို ထိုင်စောင့်တာပဲ ကောင်းပါတယ်။ သမီးရယ် မာမီအိမ်ပဲပြန်နှင့် ပြီး သမီးအလာကို စောင့်နေမှာပါ။ ဒေါ်မြတ်နိုးခင်တစ်ယောက် လိုက်လာမိတာ မှားပြီအထင်နှင့် စိတ်လျှော့ကာ အိမ်သို့ပြန် အနားယူရင်း သမီးအလာကိုသာ မျှော်နေ၏။ သူမ၏ သမီး ပိုးကိုလည်း အထင်ကြီးမိလို့ပဲပေါ့။



# အပိုင်း ( ၁၇ )



www.burmeseclassic.com

www.burmeseclassic.com

## “နှလုံးသားချင်းအပ် . . . လက်ချင်းထပ်”

“ကိုကြီး မန္တလေးသွားမှာဆို”

“မဟုတ်တော့ဘူး မမပိုး၊ မမပိုးအတွက် အချိန်ကြာနေမှာ စိုးလို့ ကျွန်တော်တို့ဦးလေးရှိတဲ့ ချောင်းဦးတရားရုံးပဲ သွားကြတော့မှာလေ”

မင်းညိုခန့်သူငယ်ချင်း မိုးအောင်က ကြားမှ ဝင်ပြောလိုက်၏။

“သူ့ဦးလေးက တရားသူကြီး ပိုးရဲ့”

“သူ့နာမည်က မိကျောင်းတဲ့. . . ကိုကြီးတို့က နာမည်ပြောင်ပေးထားတာ ကြည့်လေ. . . အခုပဲ သူ့မမေးဘဲ ဝင်ဖြေတာ”

“ဟိတ်ကောင်တွေ တစ်လမ်းလုံး စကားများမနေနဲ့ ဟိုမှာ ချော်ကြီး အိမ်ရှေ့ရောက်တော့မယ်၊ တော်ကြာ လူကြီးတွေ ရိပ်မိကုန်လိမ့်မယ်”

“ငမောင်နာမည်က ကိုကြီးတို့အခေါ် ချော်ကြီးတဲ့ လုပ်





လိုက်ရင် အလွဲလွဲအချော်ချော် သူ့ဦးနှောက်နဲ့ သူ ထင်ရာလုပ်ပြီး တစ်ခါတစ်လေလည်း မှန်သွားတာတွေက များတယ် သိလား။ ဒီကောင်က မှားတာတော့နည်းတယ်၊ သူ့ကို ကိုကြီး ဒါကြောင့် အားကိုးရတာ”

“သူ့နာမည်ကရော” ပိုးက ကျန်တစ်ယောက်ကို မေးငေါ့ မေးလိုက်သည်။

“သူ့နာမည် အိမ်ဆိုးတဲ့ အိမ်ကလူတွေနဲ့ တည့်တာ နည်းတယ်။ ဂျီကောင်မို့လေ၊ ကိုကြီးတို့ပေးတဲ့နာမည်မဟုတ်ဘူး။ နာမည်ပေးစရာ မလိုအောင်ကို သူ့အမေက ပေးထားတယ်”

“မဟုတ်ပါဘူး မမပိုးရာ. . . မင်းညိုက ရယ်စရာ လျှောက်ပြောတာ. . . ကျွန်တော့်နာမည်က အိမ်စိုးပါ။ အစကတော့ အမေတို့က တစ်အိမ်လုံး စိုးစိုးမိုးမိုး ချစ်ရမယ့်ကလေးဆိုပြီး ငယ်တုန်းကတော့ အိမ်စိုးပေါ့။ ချစ်စနိုးပေါ့။ ကြီးလာတော့ ကျောင်းက သူငယ်ချင်းတွေက နာမည်ဖျက်လိုက်၊ အိမ်က အစ်မတွေနဲ့ရန်ဖြစ်ရင် နာမည်ပျက်ခံလိုက်ရတာနဲ့ပဲ စိုးနဲ့ ဆိုး ပြောင်းသွားတာ မမပိုး”

ပိုးက အိမ်စိုးအပြောကို သဘောကျစွာ ပြုံးလျက်မှ. . .

“ပိုးလို့ပဲ ခေါ်ပါလား၊ ကိုအိမ်စိုးရဲ့ ကျွန်မက ရှင်တို့ထက် ငယ်တယ်လေ”

“မမပိုးလို့ပဲ ခေါ်ကြမယ်ဗျာ၊ ယဉ်ကျေးသိမ်မွေ့ပြီး လူကြီးဆန်တယ်”

“ဟိတ်ကောင်တွေ၊ ဟုတ်တယ်နော်၊ မင်းညို ကံကောင်းတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပိုး၊ တက်လေ" မင်းညိုခန့် ပိုးကို မြင်းလှည်းပေါ်သို့ ဆွဲ၍တင်သည်။ အားလုံး မြင်းလှည်းပေါ်သို့ တက်လိုက်ကြ၏။

"တော်သေးတာပေါ့။ မမလေးက ချော်ကြီးတို့အိမ် ရောက်နှင့်လို့"

မင်းညိုခန့်က သူ့အစ်မဘက်လှည့်ကာ စကားပြောနေသည်။

"ပိုးရေ. . . သူက ကိုကြီးအစ်မ. . . မမမျိုးတဲ့"

"ဟုတ်ကဲ့ပါအစ်မ၊ ပိုး မှတ်ထားပါ့မယ်"

"မောင်လေးခေါ်သလို၊ မမလေးလို့ ခေါ်ရင်ခေါ်ပေါ့ကွယ်၊ ပိုးလေးက ချစ်စရာလေးပဲ၊ အနီးကပ်က ပိုပြီး လှသလိုပဲ သိလား"

ပိုး ရှက်သွေးဖြန်းကာ ခေါင်းငုံ့နေလိုက်

"မမလေးရေ သိပ်ချီးကျူးမနေနဲ့၊ ဟိုကောင်မင်းညို သဘောကျလွန်းလို့ ပါးစပ်ပိတ်မရတော့ဘူး"

မင်းညိုခန့်က ပိုးရဲ့လက်ဖဝါးလေးတစ်ဘက်ကို ဆုပ်ကိုင်ဖိညှစ်လာသည်။ ပိုးကလည်း အားလုံးမမြင်အောင် မင်းညိုခန့်၏ခါးကို ဆွဲဆိတ်ပစ်လိုက်သည်။ မချိတရိနှင့် မင်းညိုခန့် အပြုံးနှင့် မျက်ဝန်းတွေက အကြည့်အရွှန်းကို ပိုးရင်ခုန်မြန်စွာ လွှဲဖယ်ပစ်လိုက်၏။

"ပိုး မကြာမီ ဘုတာရောက်တော့မှာ သိလား" မင်းညိုခန့်က ပိုး၏နားလေးဆီသို့ နှစ်ကိုယ်ကြားစကားလေး တွယ်ငြိကာဆိုလာ၏။

"အင်းပါ"

"ပဝါပါလား၊ ပဝါလေးနဲ့ ခေါင်းစည်းထားပါလား၊ နေက





ပူလာပြန်ပြီ"

"ပါတယ် အိတ်ထဲမှာ" ပြောရင်း ပိုးက ထုတ်ယူလိုက်သည်။

"ပေး ကိုကြီး စည်းပေးမယ်"

အကြင်နာလက်တစ်စုံရဲ့ နွေးထွေးခြင်း ကွန်းခိုရိပ်လေးက ပိုးအတွက် အေးမြချိန်ပေါ့။

"မနက်က ပိုးအိမ်က ထွက်လာချိန်တုန်းက မိုးညိုနေတာ အခု နေပူပြန်ပြီ" ပိုးက ညည်းတွားလျက်။

"မင်းညိုရေ ဘူတာရောက်ပြီ ဆင်းကွာ. . . အဖြစ်သည်း မနေနဲ့ ပြီးမှ ဆက်ကြကွာ"

"ဟုတ်တယ်ဟေ့. . . တစ်ကာဒ်ပြီးမြို့. . . ခဏနားကြရအောင်"

"ဘယ်လိုလဲ အဲဒီကောင်တွေနဲ့ ပိုးပျော်လား"

"ပျော်စရာကောင်းတယ်နော် ကိုကြီး. . . သူတို့နဲ့ အရင်ကတည်းက သိရင် ပိုးတို့ ပိုပျော်မှာ"

"သူတို့က ပိုးကိုသိတယ်. . . ပိုးကသာ မသိတာ။ ဟိုကောင်ချော်ကြီးက ဘုရားကျောင်းထဲမှာ သီချင်းတိုက်တုန်းက ပိုးလာကြည့်တာ၊ သူက လှလို့ဆိုပြီး ကိုကြီးကို လှမ်းပြဖူးတယ်။ ပိုးက ကိုကြီးကို အဲဒီတုန်းက မသိသေးပါဘူး။ ရွှေဝါရောင်ဝမ်းဆက်လေးနဲ့ ရွှေရုပ်လေးလို လှနေတာလေ. . . ကိုကြီးမျက်ဝန်းထဲက မထွက်ခဲ့ဘူး။ ဒါတောင် ပိုးမာမီ ဒေါ်မြတ်နိုးခင်က ဘေးက ပါနေသေးတာ။ ဟိုကောင်ချော်ကြီးက ပိုဆိုးတယ်။ ခဏ ခဏ ပြောတာ။ ကိုကြီးက ပိုးနဲ့ စသိတာတောင် သူတို့ကို အသိမပေးလို့ ဝိုင်းဆဲခံရသေးတယ်။ တော်ကြာ သူတို့ဦးသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနှလုံးသား အမြှောင်းမြှောင်း၊ အချောင်းချောင်းနဲ့နေမှာ”

“ကိုကြီးကလည်း ဘာတွေပြောနေတာလဲ၊ တော်ပြီ ပိုး မကြားချင်ပါဘူး၊ ပိုးကလည်း ကိုကြီးကိုသာ ချစ်မိတာပါနော်”

ဘူတာရုံမှ ရထားဘီး စတင်လိမ့်ခွာလေပြီ။ ပိုးပတ်ဝန်းကျင် ရှုခင်းကို မျက်ဝန်းငွေ့ကြည့်လိုက်သည်။ အိမ်မှာ ကျန်နေခဲ့သော မာမီကို သတိရရင်း မျက်ရည်ကြည်တို့က မျက်ဝန်း ထောင့်စွန်းသို့ အလိုလို တွယ်ငြိရောက်ရှိလာသည်။

“ပိုး ဘာတွေ တွေးနေတာလဲ”

“ဒေါ်ဒေါ်ခင် သတိရလို့လား”

အညင်သာဆုံး ခေါင်းညိတ်ပြလိုက်၏။

“မငိုနဲ့နော်၊ ခေါင်းမူးနေလိမ့်မယ်. . . ပိုး. . . ကိုကြီး ပခုံးပေါ် မှီထားလေ၊ အားငယ်နေလား”

ပိုး မတုန်မလှုပ်၊ ကျောက်ရုပ်လို။

“ပိုးလေး ကိုကြီးကို စကားပြောဦးလေကွာ”

ဘာစကားမှ မဆိုဘဲ၊ မင်းညိုခန့်ပခုံးပေါ် ပိုး မှီနွဲ့လိုက်သည်။ မင်းညိုခန့်က အလိုက်သင့် ပိုးကို ရင်ခွင်တွင်းသို့ ဆွဲသွင်းလေသည်။ ပိုးနဖူးပြင်စပ်နှင့် မင်းညိုခန့် မေးဖျားတို့ ထိစပ်လျက်။

“ပိုးရယ်. . . ကိုကြီးက ပိုးတို့သားအမိချစ်ခြင်းကို ဝင်လုသလိုဖြစ်ပြီထင်တယ်နော်။ ပိုးကို ချစ်လွန်းလို့သာ ကြံရာမရ လက်လွှတ်ရမှာစိုးလို့။ ကိုကြီး လက်ထပ်ထားတာပါ။ ကိုကြီး လေ. . . ပိုးကို ဒေါ်ဒေါ်ခင်ဆီ ပြန်ပို့ပေးမှာပါ။ သိလား ပိုး”





“ပိုးလေး. . . ကိုကြီးတို့ ဒေါ်ဒေါ်ခင်နဲ့ အဆင်ပြေတဲ့ တစ်နေ့၊ ကိုကြီး အလုပ်ရရခြင်း အားလုံးနဲ့ ညှိပြီး။ ပိုးကို (Charch Weeding) ဘုရားကျောင်းမှာ ဘာသာအရ တရားဝင် လက်ထပ်ခြင်းကို တင့်တောင့်တင့်တယ်ဖြစ်အောင်လုပ်ပြီး လက်ထပ်မှာနော် ပိုး. . . ယုံနော်. . . ” မင်းညိုခန့်၏ နှလုံးသား စကားသံများပေ့ါ။

ချောင်းဦးမြို့လေးရှိ တရားရုံးတွင် ပိုးနှင့် မင်းညိုခန့်တို့ နှစ်ဦးသဘောတူလက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ပြီး မြန်မာပြည်ရဲ့အလှဆုံး ဘုရားကျောင်းတစ်ခုထဲမှာ အထက်မြန်မာပြည်ရှိ ချောင်းဦးဘုရားကျောင်းလေးသို့ ချစ်သူနှစ်ဦး ဘာသာအရရော တရားဝင်လက်ထပ်သကဲ့သို့ နှလုံးသားချင်းအပ်. . . အသည်းကဗ္ဗည်းထပ်ကာ. . . လှပသော ခြေလှမ်းတို့ဖြင့်. . . တကယ့်လက်ထပ်ပွဲလေးပမာ။ နှစ်ဦးသားကြည်နူးရှုးသွပ်စွာ လက်ချင်းလည်းချိတ်လျက်။

ပိုး အိမ်ပြန်ရောက်တော့ ပြဿနာတ ဆီးကြိုနေသည်။ မာမီစိတ်ပူ၍ လိုက်လာရာ အားလုံးမြင်တွေ့ခဲ့ကြောင်း၊ ပိုးကို မလိမ်ရန်၊ ဘယ်သွားလဲ၊ ဘာတွေပြောသလဲ၊ ဖွင့်ပြောရန် မေးတော့သည်။ ဒေါ်မြတ်နိုးခင်တစ်ယောက် သမီးအပေါ် စိတ်တိုခြင်း အရိပ်အယောင်ကို လုံးဝ မသုံးဘဲ၊ ချိုသာရသော စကားတို့ဖြင့်သာ မေးမြန်း၏။ ဘုန်းတော်ကြီးဆီမှာ မင်းညိုခန့်၏ လက်ထပ်ခွင့်တောင်းခြင်းနှင့်အတူ ပိုးမျက်ရည်တွေကြားမှ သူနှင့် မင်းညို ဘာသာအရ မဟုတ်ဘဲ တရားရုံးတွင် ယနေ့မှ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ခဲ့ကြပြီဖြစ်ကြောင်း၊ သူမတို့ချစ်ခြင်းအား မခွဲရန် ဒေါ်မြတ်နိုးခင်ထံ အသနားခံလေသည်။

ဒေါ်မြတ်နိုးခင်က ပိုးကို ဘာသာအရ ဘုန်းတော်ကြီးဆီမှ လက်ထပ်ခွင့်ရချိန်တွင် လက်ထပ်ပေးမည် ပြောသည်။ မကြာမီ ရက်ပိုင်းအတွင်း ပိုးကို ရန်ကုန်စိန်ဂျွန်းကွန်ဗင့်သို့ တက်ရောက်ရန် စီစဉ်ထား၍ ပိုးပစ္စည်းများ ပြင်ထားရန်၊ ပိုးအရင်က ကျောင်းပြောင်းချင်သည့်ပူဆာမှုကို ပိုးနှင့် နားလည်မှုလုပ်ကာ ညှိသည်။ သို့နားလည်မှုတွင် ပိုးယုံကြည်မှုများ သက်ရောက်ပါရှိသွားသည်။

သူမ ရန်ကုန်သို့ ကျောင်းတက်ချိန်တွင် မင်းညိုခန့်၊ သူမရှိရာသို့ တစ်နေ့လာတွေ့နိုးနိုး မျှော်မိသည်။ သို့သော် သူမချစ်သော ကိုကြီးမင်းညိုခန့်ကို အရိပ်အယောင်ပင် မတွေ့ရချေ။

ပိုး တနင်္ဂနွေနေ့၊ ဘုရားကျောင်းတက်မည့်ဆဲဆဲ ဘုရားကျောင်းရှေ့တွင် နှစ်ချို့အလွမ်းများ၏ မျှော်လင့်ခြင်းမဲ့ ရက်တစ်ရက်တွင် မင်းညိုခန့် သူမ၏ ကိုကြီး ဟုတ်ပါတယ်၊ ပိုးချစ်သောကိုကြီး သူမ၏ကိုကြီး သူမကို လာတွေ့သည်။

အဝေးမှပြုံး၍ ကြည့်နေရှာသော ချစ်သူလေး၏ အပြုံးကို မြင်သောအခါ မင်းညိုခန့် ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင် လွင့်သွားသကဲ့သို့။

"ပိုးလေး"

"ကိုကြီး ဘာလို့ကြာကြာ ပိုးကို ပစ်ထားရတာလဲ၊ ကျောင်းက ပြီးသွားပြီမို့လား။ ဒီရန်ကုန်မှာ ပိုးနဲ့အတူတူ တစ်မြို့ထဲရှိတာ ဘာလို့ လာမတွေ့တာလဲ၊ ပိုးကို ရှောင်နေပြီလား . . . ကိုကြီး" ပိုးအသံလေး တုန်တုန်ချိချိ မျက်ရည်များက ပိုးပိုးပေါက်ပေါက်





"မဟုတ်ဘူးပိုး၊ မဟုတ်ပါဘူး ပိုးရယ်၊ ပိုး အထင်မလွဲလိုက်ပါနဲ့၊ ကိုကြီး ကျောင်းက ထွက်လိုက်တယ်။ ပိုးအတွက်လေ . . . ပိုးအတွက် ကိုကြီးအလုပ်ရှာနေတာ။ အလုပ်ရလို့ ပိုးသိရင် စိတ်မကောင်းမှာစိုးလို့"

"ကိုကြီးရယ် ဘာလို့ ကျောင်းထွက်တာလဲ၊ ပိုးဆီ လူကြုံနဲ့ စာရေးပါလား၊ မုံရွာကလာတဲ့ လူတွေပြည့်လို့၊ နောက်ကို ပိုးဆီ ခဏ ခဏ လာနော်။ ဘုရားကျောင်းတက်တဲ့နေ့တွေမှာ အပြင်ထွက်လို့ရတယ်၊ ပိုးမာမီတော့ မသိစေနဲ့"

"လာမှာပေါ့ ပိုးလေးရဲ့ . . . ပိုးလေး လွမ်းလား"

"လွမ်းပါဘူး"

"အမလေးဗျာ၊ ကိုယ့်ယောကျ်ားကိုများ မလွမ်းဘူးတဲ့"

"ဘာယောကျ်ားလဲ၊ ပိုးက အပျိုပါနော်။ မဟုတ်တာတွေ မပြောနဲ့ . . . ပိုး မကြိုက်ဘူးနော် ကိုကြီး"

"ပိုးက အပျိုပေမယ့် စာချုပ်အတိုင်းဆို ကိုကြီးမိန်းမပဲ"

"ဒါဆို ကိုကြီးကလည်း လူပျိုပေမယ့် ပိုးယောကျ်ားပေါ့။ စာချုပ်ထဲမှာနော် ကိုကြီး၊ အပြင်မှာ မဟုတ်သေးဘူး"

ချစ်သူနှစ်ဦး အပြန်အလှန် စနောက်လျက်။

"ပိုး တိုးတိုးပြောလေ၊ ကောင်လေးတွေကြားရင် ပိုးကို မကြည့်ဘဲနေလိမ့်မယ် သိလား"

"ပိုးပြောတာဖြင့် တိုးတိုးလေး၊ ကိုကြီးကသာ မဟုတ်သေးဘဲ၊ အာကျယ်ပြီး ကြွားနေတာ။ ကိုကြီးကိုပဲ ကောင်မလေးတွေ မကြည့်ဘဲ လာဘ်ပိတ်မှာ သူများမကောင်းကြံ ကိုယ်ခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"ပိုးကြည့် ပြီးတာပဲ၊ သူများတွေ မကြည့်နေပေါ့"

"တကယ်လား ကိုကြီး"

"တကယ်ပေါ့"

"ပိုးသူငယ်ချင်းတွေကို ကိုကြီး လာတွေ့တာ သိပ်မသိစေနဲ့နော်၊ ဒေါ်ဒေါ်ခင်လာလို့ သိသွားရင် ပိုးကို ကျောင်းနှုတ်လိုက်လိမ့်မယ် သိလား"

"အင်းပါ"

"ကိုကြီး ပြန်မယ်နော်ပိုး၊ အခုလို ကျောင်းပိတ်ရက်တွေမှာ ကိုကြီး လာတွေ့မယ်။ စာကြိုးစား . . . ကျန်းမာရေး ဂရုစိုက်နော် . . . ပိုး၊ ကိုကြီးမှာလည်း အလုပ်က ကြိုးစားရသေးတာ၊ ပိုးအတွက်ပါ။ ဖြစ်နိုင်ရင် ကိုကြီး ပိုးအနားမှာ ရှိနေချင်တာပေါ့ ပိုးရဲ့ ခုတော့ ပြန်ရဦးမှာပေါ့ . . . ခဏပါ။ ပြီး ပြန်လာမယ်လေနော်"

ဤသို့ဖြင့် မင်းညိုခန့် ရန်ကုန်နှင့် မုံရွာ လူးလာခေါက်ပြန်လုပ်သည်။ သောကြာနေ့ ညနေဆို ပိုးရှိရာသို့ အမြဲရောက်တတ်သည်။ ခရစ်စမတ်အချိန်သို့ နီး၍လာသောအခါ

"ကိုကြီး"

"ပြော ပိုး"

"ကားမောင်းသင်ချင်တယ်"

"ဘယ်ကကားနဲ့ သင်မှာလဲ"

"မာမီက ပိုး ကားမောင်းတတ်ရင် ဂျစ်ကားဝယ်ပေးမယ်





ပြောထားတယ်။ ပိုးဒယ်ဒီရဲ့ညီ ဗဟန်းမှာရှိတယ်။ သူတို့ဆီက ကားရှိတယ်။ ဂျစ်စိမ်းလေးလေ။ ပိုးသင်ချင်လို့ ယူဦးမယ် ပြောမှာပေါ့"

"ကိုကြီး လိုက်ယူလို့ဖြစ်ပါ့မလား၊ ပိုးဦးလေးက ဒေါ်ဒေါ်ခင် ပြန်ပြောရင် ဘယ်လိုလုပ်မလဲ"

"သူတို့က ကိုကြီးကို မမြင်ဖူးပါဘူး။ ပိုးသူငယ်ချင်းလို့ ပြောမှာပေါ့။ မော်လီတို့ နေရီတို့လည်း ပါအောင်ခေါ်ခဲ့မှာပေါ့။ ခရစ်စမတ်သီချင်း လည်ဆိုရင်း အလစ်ထွက်ပြီး ဦးလေးအိမ်ကို သွားမှာပေါ့"

"ဖြစ်ပါ့မလား ပိုးရယ်"

"ဖြစ်ပါတယ် . . . ကိုကြီးက မသင်ပေးချင်ဘူးလား၊ ကိုကြီး မသင်ပေးချင်လည်း ရတယ်။ ပိုးမောင်ဝမ်းကွဲလေး အနော်လည်း ဒီမှာကျောင်းတက်တာ သူသင်ခိုင်းရင် ရတယ်နော်။ ပိုးက ကိုကြီးနဲ့သင်ချင်လို့" ပြောပြီး ပိုးက ခြေဆောင့် နှုတ်ခမ်းစူလေသည်။

ချစ်သူခြေဖဝါးနုနုနှင့် ခြေဆောင့်စိတ်ကောက်ခြင်းကို ဥပေက္ခာမပြုရက်သော မင်းညိုခန့်က . . .

"ပိုးသဘောပါ ပိုးရယ် . . . ကိုကြီး သင်ပေးမှာပါ။ တော်ကြာ ပိုးမာမီ သိသွားရင်၊ ကိုကြီးလေ ပိုးနဲ့ဝေးရမှာ ကြောက်လို့ပါ ပိုးရယ်။ ပိုးစာမေးပွဲလည်း နီးတော့မယ်လေ၊ ဒါကြောင့်"

"မဆိုင်တာတွေ လျှောက်မချပါနဲ့နော်။ ပိုးက ကိုကြီးရဲ့ပိုး ဖြစ်နေပြီပဲ။ စာမေးပွဲလည်း ပိုး ကြိုးစားမှာပဲ ဥစ္စာ"

မင်းညိုခန့်၏ ကြင်နာမှုလောင်းရိပ်အောက်တွင် အပြစ်



www.burmeseclassic.com

www.burmeseclassic.com



အနာအဆာ အလွန်ပင်ကင်းသော ပန်းပွင့်လေးတစ်ပွင့်ပမာ ပိုးမျက်နှာလေးက လှပလန်းဆန်းနေ၏။ ချစ်သူမျက်နှာလေးကို ကြည့်၍ သက်ပြင်းအခါခါ ချရသော ရင်မောမှုကိုတော့ မင်းညိုခန့်ကလွဲလျှင် ပိုးလေး ဘာမှသိခဲ့မည် မဟုတ်ပေ။

"ပိုးပိုးက စိတ်ဝင်စားမှုရှိတော့ ကားမောင်းသင်တာ တစ်ပတ်နဲ့ တတ်တယ်နော်။ ပိုးတော်တယ် သိလား"

"မမြှောက်ပါနဲ့ ကိုကြီးသင်ပေးလို့ တတ်တာ"

"မမြှောက်ပါဘူး ပိုးရယ် . . ဘယ်လိုပဲသင်သင်၊ ဘယ်သူပဲသင်ပေးပေး ကိုကြီးရဲ့ပိုးလေး တတ်သွားရင်ပဲ ကိုကြီး ပျော်ပါတယ်"

"ပိုး"

"ဘာလို့ ခဏ ခဏ ခေါ်နေတာလဲ"

"ကိုကြီးကို တကယ်ချစ်တာလား"

"အင်းပါဆိုနော်"

"ဘယ်တော့မှ မမုန်းရဘူးနော်"

"ဘာတွေ မေးနေတာလဲ ကိုကြီးရာ . . . ပိုး စိတ်ဆိုးမှာနော်"

"စိတ်မဆိုးပါနဲ့ပိုးရယ်၊ ကိုကြီးချစ်လို့ ကျီစားတာ"

"လာ ဟိုမှာသွားစို့ နေရီတို့က လက်ဖက်သုတ်တွေ နားရင်း အကုန်စားပစ်လိမ့်မယ်၊ ကိုကြီးက လေရှည်တာနဲ့ ပိုးတို့ စားရတော့မှာ မဟုတ်ဘူး"

"မဆာပါဘူး၊ ကိုကြီးက ပိုးနဲ့စကားပြောနေရရင် မဆာဘူး"

"အစားပုတ်မလေး ပိုး"





"ပိုး လာပြန်ပြီ ဒီပိုးပိုးနဲ့ ကိုကြီး ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ညနေကျရင် ကိုကြီး ပိုးဆီတစ်ခေါက်လာမယ်၊ သနပ်ခါး ပါးကွက်လေးနဲ့ ဖွေးဖွေးလေးလှအောင် လူးထား"

"ဟာ ရှက်စရာတွေ၊ ဘာတွေ လာမှာနေတာလဲ"

"ပိုးရဲ့မျက်နှာလေးမှာ ပါးကွက်ကြားမှုန်မှုန်လေးနဲ့ လှနေတာလေး ကိုကြီး ကြည့်ချင်လို့ပါ ပိုးရဲ့၊ ဒါ ရှက်ဖို့မှာတာ မဟုတ်ပါဘူး"

"ကိုကြီး ပြန်မယ်နော်၊ လက်ဖက်သုတ်မစားတော့ဘူး။ ချော်ကြီးတို့လင်မယားဆီ နေရတာ အားနာလှပြီ။ သူတို့က ချက်ပြုတ်ထားတာ ကိုကြီးက ပိုးနဲ့လျှောက်လည်ပြီး တစ်ခါတစ်လေ စားချင်မှ ပြန်စားနဲ့မို့၊ ဒီနေ့ပြန်စားပြီး ရေချိုးပြီး ညနေ ပြန်လာမယ် လေနော်"

"ပိုးက မနက် ဘုရားကျောင်းတက်ရင်းပဲ ထွက်လို့ရတာ အကြာကြီး ထွက်ခွင့်ရမှာမဟုတ်ဘူး၊ ကျောင်းက စည်းကမ်းတကြပ်တယ်"

"ကိုကြီးလည်း မနက်ဖြန် ပြန်မှာပဲကွာ၊ ခဏပဲ စကားလာပြောမှာပဲ၊ ဘယ်မှထွက်စရာမလိုပါဘူး၊ ခဏလေးပေါ့ အဆောင်အဝင်ဝကနေ ကိုကြီး ခဏလာတွေ့မှာပဲကွာ"

"မနက်ဖြန် ဘယ်နှစ်နာရီပြန်မှာလဲ၊ ပိုး လိုက်ပို့လို့ ရတော့မှာ မဟုတ်ဘူးနော်"

"ဘယ်တတ်နိုင်မလဲ ပိုးရာ၊ နောက်ကြုံဦးမှာပဲ. . . ပိုးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ညနေကျတော့ ကဗျာလေး ရေးလာခဲ့မယ် ဟုတ်လား၊ ကိုကြီးကို လွမ်းရင်ထုတ်ဖတ်ပေါ့။ စာလည်းကြည့်နော်၊ စာလည်းကျက်ဦး၊ ပညာရေးလည်း မလစ်ဟင်းစေနဲ့၊ ဒီနှစ်ဆယ်တန်းက အရေးကြီးတယ်၊ ဂုဏ်ထူးပါအောင် လုပ်နော်"

"ဟုတ်ကဲ့ပါ ဆရာကြီးရဲ့" ပိုးက လက်နှစ်ဖက်ကို ပိုက်ကာ ခေါင်းကို တညိတ်ညိတ်နဲ့ လုပ်ပြသည်။

"ပိုးရယ်. . . ပိုးလေး မသိနိုင်တဲ့အရာတွေ လောကမှာ အများကြီးရှိသေးတယ်၊ ပိုးလေးရယ်. . ." မင်းညိုခန့် နှုတ်ခမ်းသားများကို ရွှေ့သွားချိန်းဖြင့် မသိမသာကိုက်ရင်း ခံစားမှုများ ပေါက်ကွဲလုဖြစ်ပေါ်လာခြင်းကို အန်တုလိုက်နိုင်သည်။

ကဗျာခေါင်းစဉ်က "ဂန္ထဝင်ထဲမှ. . . ညီမလေးသို့" နှင့်အတူ

"ညီမလေးရေ"

* ချစ်ခြင်းဆိုတာနဲ့. . . အစွန်းငြိသူတိုင်းအတွက်
အလွမ်းသွန်းမိုးစွေ
မျက်ဝန်းညိုစေတာ
ဆန်းတော့မဆန်းပါဘူး. . .
(ဒါပေမဲ့ ညီမလေးရယ်)
* အလွမ်းသင့်ပါတယ်ဆိုတဲ့. . . နှလုံးသားကိုမှ
ဝန်းကျင်ဂယက်ရဲ့ လောကကမ်းပါးဒဏ်က
ညင်သာမှု ကင်းခြင်းတွေကိုမှ. . . ရက်ရက်ရောခြွေချလို့
အလွမ်းဘွဲ့တွေသာ ထပ်ဆင့်တိုးရင်း
အမုန်းမဲ့ရလဒ်တွေ ရှိချင်တဲ့
အထီးကျန်မှု ညတွေထဲမှာတော့
မင်းက (ငါ့အတွက်) ဂန္ထဝင်ပါပဲကွယ်။

ပိုး

ရဲ့

ကိုကြီး (မင်းခန့်ညို)





ကိုကြီးဆီက ပိုး. . . အဲဒီကဗျာလေးကို ဘုရားကျောင်းတက်ရင်း ကိုကြီးလာတွေ့စဉ် ခဏလေးမှာ ရရှိခဲ့တယ်။ ကိုကြီးဆီက ပိုးနောက်ဆုံးမှတ်မှတ်ရရ ရရှိခဲ့တဲ့ ကဗျာလေးပေါ့။ ဒီကဗျာလေးကို ကိုကြီးရှေ့မှာ နားလည်မှုကင်းခြင်းနဲ့ ဖောက်ဖတ်မိခဲ့၏။ ပြီးတော့ ခါတိုင်းလိုပဲ ကောင်းတယ်လို့ ပြောမိတာပေါ့။ ကိုကြီး ဘာတွေဖြစ်နေတယ်ဆိုတာ ပိုး အကဲမခတ်မိဘူး။ ကိုကြီး ဒီတစ်ခါလာရင် မုံရွာက ဘာတွေယူခဲ့နော်ဆိုပြီး အလိုက်မသိတဲ့ ကလေးတစ်ယောက်လို မှာချင်တဲ့ပစ္စည်းတွေလည်း အခါတိုင်းထက်ပိုပြီး ပိုးအဆစ်ထည့်မှာလိုက်မိတယ်။ ကိုကြီးရဲ့ကဗျာတွေကလည်း အရင်ကထက် ပိုကောင်းလာသလိုပဲ၊ ကိုကြီး ကဗျာတွေ စာအုပ်ထုတ်ပြီး ကဗျာဆရာ လုပ်တော့လေလို့လည်း မှာမိခဲ့၏။ အသက်မပါတဲ့ ကိုကြီးရဲ့အပြုံးတွေကိုလည်း ပိုးမျက်ဝန်းထဲမှာ အလှဆုံးအပြုံးတွေ ထင်ခဲ့တယ်။ ဒီနောက်မှာ ကိုကြီး ပိုးဆီကို ဘယ်တော့မှ လာမတွေ့တော့ဘူးဆိုတာ ပိုးနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လေးမှုကို မရိမ်မိခဲ့ဘူး ကိုကြီးရယ်. . .။ ရက်စက်တယ်လို့ ကဗ္ဗည်းမတပ်ချင်ပေမယ့် လွှမ်းခဲ့ရတဲ့ ရင်ထဲကဝေဒနာတွေနဲ့ အတူ မာမီ့စကားတွေကို ယုံကြည်လက်ခံရင်း ပေါင်းစပ်မှု ရလဒ် အနေနဲ့ ပိုးနှာကြည်းခြင်းသံစဉ်တစ်ရပ်အဖြစ်နဲ့ နှစ်ခြိုက်ခဲ့ပါ တယ်။ ဒီကြားထဲမှာ ပိုးဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့ကို အောင်မြင်ခဲ့တယ်။ ကံကြမ္မာရဲ့ကောင်းစေချင်တဲ့ ဆန္ဒကြောင့် ထင်ပါရဲ့။ ပိုး. . . ကိုကြီးကို အမုန်းဖွဲ့လို့ လောကကမ်းပါးရဲ့ ဒဏ်တွေကို အလူးအလိမ့် စတေးခဲ့ရတာတွေဟာ ကိုကြီးရယ်. . . ပိုးဒီလောက်တော့ ကောင်းစားမှုအဖြစ် အရာထင်ခဲ့တာ ပိုးဘဝ မှာ အရှုံးတွေထဲက အမြတ်ကလေးပါ။

အဆင်မပြေဖြစ်လာတဲ့ပိုး၊ မာမီ့ရဲ့အိမ်ထောင်ရေးနှင့်အတူ မာမီက ပိုးရဲ့ဘဝရှေ့ရေးကိုကြည့်ပြီး ဦးသော်ရဲ့ နိုင်ငံခြား အလုပ်သွားလုပ်ရင်း ဟိုမှာနေဖို့ လှမ်းခေါ်တဲ့ကိစ္စ လွန်ဆွဲပွဲမှာ ပိုးတို့သားအမိ မခွဲနိုင်တဲ့ ချစ်ခြင်းတွေက အလျှော့ပေးလိုက် ရတာပေါ့။ ပိုး မြန်မာပြည်ကနေ မထွက်ခွာခင် ပိုးရဲ့နာကြည်း စိတ်တွေထဲက တစ်ခါတစ်ရံမှာ ဆိုးရွားစွာ ပေါ်လာတတ်တဲ့ မသိစိတ်တမ်းတခြင်းအတွက် အလျှော့ပေးမှုရဲ့ အဆုံး ကိုကြီး ဆီကို စာလွှာတွေ ပါးခဲ့မိတယ်။ ဒါပေမဲ့ ကိုကြီးဆီက ပိုးကို အဆက်အသွယ်နည်းနည်းလေးမှ မလုပ်ခဲ့ပါဘူးလေ။ မိုက်မဲခြင်း သင်္ကေတတွေကို ထပ်ဆင့်လို့ ကိုကြီးရဲ့မိဘတွေက တစ်ဆင့် ပိုးဆီကို လာတွေ့ဖို့ သနားခံခြင်းတွေနဲ့ ပိုးကို လေယာဉ်ကွင်း မှာ နောက်ဆုံးလာတွေ့ဖို့ မိုက်မိုက်မဲမဲကို မိန်းမတို့ဣန္ဒြေတွေ





ခွာပြီး ပိုး ကြိုးစားခဲ့ပါသေးတယ်။ ပိုး မျှော်လင့်ခဲ့ပါသေးတယ်။ မျှော်သာမျှော်ခဲ့ရပါတယ်။ ကိုကြီး ပေါ်မလာခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)



## "သံယောဇဉ်ကျမ်း ... ပေးအပ်လှမ်းသည်"

ပိုးကို ရန်ကုန်သို့ ချက်ချင်း ကျောင်းရွှေ့ထားလိုက်သည့် ဒေါ်မြတ်နိုးခင်၏အကြောင်းကို မကျေမနပ်ဖြစ်ကာ မင်းညိုခနဲ့က သူ့မိဘများဖြင့် သူတို့မိသားစု စကားဝိုင်းဖြစ်သော ညနေခင်း အိမ်ရှေ့သစ်ပင်ရိပ်အောက်တွင် စကားကောင်း ပြောနေကြချိန်။

"မင်းညို၊ သား ဟိုမှာလာနေပြီ"

"ဘာလဲအဖေ ဘာလာတာလဲ"

"ဟ မင်းပြောနေတဲ့အကြောင်းထဲက ဘယ်သူရှိမလဲ. . .။ ဒေါ်မြတ်နိုးခင်ပေါ့၊ ဟိုမှာ မမခင် လာနေတယ်"

"မဟုတ်တာအဖေရာ. . . သူ မလာပါဘူး။ ကျွန်တော့်ဆီ ဘာလို့လာမှာလဲ"

"ဟိုတ်ကောင် စွပ်မပြောနဲ့ နီးလာပြီ"

မင်းညိုခနဲ့ ဖခင်ဖြစ်သူ၏ အော်ငေါက်သံကြောင့် ပြူးတူးပြဲတဲဖြင့် မယုံနိုင်အောင်ဖြစ်ကာ လှည့်ကြည့်စဉ်

www.burmeseclassic.com



"ဒေါ်ဒေါ်ခင်" နှုတ်မှလည်း ကယောင်ကတမ်း ထအော်သည်။

"မမခင်ပါလား လာထိုင်လေ။ အလိုက်တသင့်ဖြင့် မင်းညို၏ မိခင်နှင့်ဖခင်တို့ ထိုင်ခုံမှထလျက် ယဉ်ကျေးပျူငှာစွာ ကြိုဆိုကြသည်။

"ကိစ္စရှိသလား မမခင်" မင်းညိုမိခင် ဒေါ်မေလွင်က မိန်းမချင်း စကားစကာ အပြောမခက်ရန် အမေးစကားဖြင့် လမ်းကြောင်းလိုက်သည်။

"ကလေးတွေ ကိစ္စပါကွယ်၊ မင်းညိုလေးနဲ့တင် စကားပြောရင် လုံလောက်မှာပါ။ သူနဲ့မမခင် အရင်ပြောချင်တယ်လေ"

"ရပါတယ် . . . မမခင်သဘောပါ"

"မမခင်အတွက် စားစရာ သွားလုပ်ဦးမယ်၊ သားနဲ့ ပြောနှင့်ပေါ့"

ဒေါ်မေလွင် ယောကျ်ားဖြစ်သူ ဦးမင်းသွင်ဘက်သို့ ရှောက်ပေးရန် မျက်ရိပ်မျက်ခြည်ပြကာ အိမ်ထဲသို့ ထဝင်သွားလေ၏။

မင်းညိုခိန့်မိဘများအဖြစ်ကို ကြည့်ကာ ဒေါ်ဒေါ်ခင် စကားများကို ရင်ထဲ၌ အောင့်တောင့်တောင့် ခံစားလိုက်ရသော်လည်း လာရင်းအကြောင်းကိစ္စတို့ကို ပိုသိချင်သဖြင့်

"ဒေါ်ဒေါ်ခင် ဘာကိစ္စ အရေးကြီးလို့လဲ၊ ကျွန်တော့်ဘက်က ဘာအကူအညီ ပေးရမလဲ"

"မင်းနဲ့ သမီးပိုး ကိစ္စပေါ့ကွယ်။ ဘယ်လိုစီစဉ်ရမလဲ





ဆိုတော့"

"ပြောပါ၊ ကျွန်တော်နားထောင်ပါ့မယ် ဒေါ်ဒေါ်ခင်"

"မင်းတို့ တရားရုံးမှာ ဒေါ်ဒေါ်ခင် မသိအောင် လက်ထပ်ပြီး ကြပြီဆို၊ အဲဒါ သမီးပြောပြတယ်။ ဒေါ်ဒေါ်ခင် သိပြီးပြီလေ။ သမီးကို ဒီမှာ ကျောင်းနှုတ်တယ်ဆိုတာ အရင်ကတည်းက သူပူဆာနေတဲ့ သူ့ဆန္ဒကြောင့်ပေါ့။ ခုကိစ္စ မင်းသိတဲ့အတိုင်းပဲလေ။ တို့ဘာသာအရ မင်းတို့နှစ်ယောက်ရဲ့ လက်ထပ်ခြင်းဟာ တရားမဝင်ဘူးဆိုတာ၊ မင်းညို ဒေါ်ဒေါ်ခင် ဖြစ်စေချင်တာက မင်းတို့နှစ်ယောက်ကို ဘုရားကျောင်းမှာ တင့်တောင့်တင့်တယ်နဲ့ မင်းလည်း ပညာတတ်တစ်ယောက်ပဲ၊ ဒေါ်ဒေါ်ခင် အဆင့်အတန်းနဲ့ သမီးကို မျက်နှာမငယ်အောင် မင်္ဂလာပွဲကို ကျင်းပချင်တယ်။ အတွေးအခေါ် ရင့်ကျက်စေချင်တဲ့ ဆန္ဒ၊ ပညာတတ်ပြီး အရာရာပိုင်းဖြတ်အောင်ပေါ့ . . . မင်းညို"

"ဒေါ်ဒေါ်ခင် ဘာကိုဆိုလိုတာလဲ၊ ဘာကို ပြောချင်သလဲဆိုတာ ပြောပါ"

"မင်းညို မင်း . . . ပိုးကို တကယ်ချစ်တယ်ဆိုရင် ဒီနှစ်သူစာမေးပွဲအပြီးမှာ လာမယ့်နှစ်မှာ ဘုရားကျောင်းမှာ လက်ထပ်နိုင်အောင် ကြိုးစားပါ။ မင်းမိဘရဲ့ကျောထောက် နောက်ခံလွတ်တဲ့ ဘဝတစ်ခုကိုရပ်တည်နိုင်မယ့် ယောကျ်ားကောင်းတစ်ယောက် အနေနဲ့ပေါ့"

"ကျွန်တော် အစကတည်းက ပိုးကို ကြိုမေးခဲ့တယ်၊ ဒေါ်ဒေါ်ခင် မသိခဲ့ရလို့ပါ။ ကျွန်တော့်ဘက်က ဖြစ်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုးဘဝက မင်းအပေါ် မူတည်မှာပဲ မင်းညို၊ ဒေါ်ဒေါ် အခုလို ပြောရတာ ပိုးကို မင်းချစ်တာထက် ပိုတဲ့ချစ်ခြင်းတွေနဲ့ ပေါ့ကွာ။ မင်း နားလည်ပေးပါ"

"ဒေါ်ဒေါ်ခင် ဆိုလိုတဲ့ ကျောထောက်နောက်ခံလွတ် ဘဝဆိုတာ ကျွန်တော် ရပ်တည်နိုင်အောင် ကြိုးစားနိုင်ပါတယ်။ အချစ်ခြင်း ပြိုင်တယ်ဆိုတာတော့ တစ်မျိုးစီဖြစ်ပေမယ့် ကျွန်တော့်အပေါ်မှာ မူတည်နေတဲ့ ပိုးဘဝမှာ ကျွန်တော့်ဘက်က အစွမ်းကုန်ကြိုးစားမှာပါ။ ဒေါ်ဒေါ်ခင်ထားတဲ့ ပိုးဘဝ၊ ဒေါ်ဒေါ်ခင်လောက် ကျွန်တော် တန်းတူထားနိုင်တဲ့အခြေအနေ၊ အခု ဒေါ်ဒေါ်ခင်ထက် မသာနိုင်သေးတဲ့ ရပ်တည်မှုနဲ့တော့ ရပ်တည်နိုင်ပါတယ်။ ကျွန်တော် ဒေါ်ဒေါ်ခင်ကို မခံချင်လို့ ပြောတာ မဟုတ်ဘူးနော်။ ပိုးကို ဒေါ်ဒေါ်ခင်လို မထားနိုင် သေးတဲ့ အခြေအနေမှာ (Church Wedding) မလုပ်သေး ပါဘူး။ ဒေါ်ဒေါ်ခင် ပိုးကို ကျွန်တော် တကယ်မြတ်နိုးတာပါ။ ကျွန်တော် မိကောင်းဖခင် သားသမီးပါ။ ကိုယ့်ဘက်က မပြည့်စုံ တဲ့ဘဝမှာ သူများ သမီးပျိုကို လက်ဖျားနဲ့ မထိသလို၊ သူ့ အသိုင်း အဝိုင်းမှာ သူကိုယ်တိုင် မျက်နှာငယ်၊ မျက်နှာမပြရဲတဲ့အဖြစ်၊ ဘယ်တော့မှ မရောက်စေရဘူး ဒေါ်ဒေါ်ခင်။ ပြီးတော့ ဒေါ်ဒေါ်ခင်နဲ့ ပိုးအကြားမှာ ကျွန်တော့်ကြောင့် မပြေလည်စရာ အဖုအထစ်၊ ဒေါ်ဒေါ်ခင့် သံယောဇဉ် ပိုးဘဝလေး အကျည်းမတန် စေရဘူးဆိုတာ ကတိပေးရဲပါတယ်"

"အေးလေ. . . ဒေါ်ဒေါ်ခင် ယုံပါတယ်။ မင်းမှ အခုလို





ညှိနှိုင်းလိုမယ့် စိတ်ထားမျိုးရှိတယ်ဆိုတာ သိပြီးလို့ လာခဲ့တာ ပေါ့။ မင်းဆီမှာ မလိုအပ်တော့တဲ့ လက်ထပ်စာချုပ်လည်း ဒေါ်ဒေါ်ခင်ကို ပေးလိုက်ပေါ့။ မင်းလည်း ပိုးလေးဘဝအတွက် အစစအရာရာ ကြိုးစားပါလို့ ဒေါ်ဒေါ်ခင် ထပ်တိုက်တွန်းချင် တယ်။ မင်းမိဘတွေရှေ့မှာ ပြောတဲ့စကားတွေကို အခု မင်း ယုံလိုက်ပါ။ ဒါတွေအားလုံး ဒေါ်ဒေါ်ခင်အတွက် မဟုတ်ဘူး နော်"

"ကျွန်တော် အားလုံးကို ယုံပါတယ်ဒေါ်ဒေါ်ခင်၊ စိတ်ချပါ။ ကျွန်တော့်မိဘတွေကို သက်သေထားပြီး ပြောရလောက်အောင် ကျွန်တော် စိတ်ထားမသေးတတ်ပါဘူး။ လက်ထပ်စာချုပ်လည်း ဒေါ်ဒေါ်ခင် ယူသွားချင်ရင် ကျွန်တော်ပေးလိုက်မှာ။ ဒီစာချုပ် ကျွန်တော့်လက်ထဲမှာ ရှိပေမယ့်လည်း ပိုးဘဝအတွက် ကျွန်တော် ဘာမှအရှက်ရစေမယ့်ကိစ္စ စကားတစ်ခွန်း လေသံ မလွင့်စေရ ဘူး။ ကျွန်တော် သွားယူလိုက်ပါ့မယ်"

"မေမေ၊ ဒေါ်ဒေါ်ခင်နဲ့ စကားပြောလိုက်ပါဦးနော်" မိခင် ကို မှာရင်း မင်းညိုခန့် အိမ်ထဲသို့ ဝင်သွားသည်။

"ညီမလွင်ရေ. . . သူလေးက သဘောပြည့်တယ် ကလေး တွေဆိုတော့ ဒီလိုပဲပေါ့။ ပိုးလို ကလေးမဆန်လို့ တော်သေး တယ်နော်။ ခုလိုဆိုတော့ သူတို့နှစ်ယောက်လုံးဘဝလေးတွေ တည့်မတ်ပေးနိုင်သေးတယ်လေ။ မိဘချင်းလည်း ညှိလို့ ရတာပေါ့"

"မေလွင် နားလည်ပါတယ် မမခင်၊ စိတ်ချပါ၊ မေလွင့်



www.burmeseclassic.com

www.burmeseclassic.com



သားကြောင့် ဘယ်သူမှ စိတ်မဆင်းရဲစေရပါဘူး"

"ဒေါ်ဒေါ်ခင် ဒါ ကျွန်တော်နဲ့ ပိုးရဲ့ လက်ထပ်စာချုပ်၊ ဒီစာချုပ်ပေးလိုက်တာ ပိုးတော့ မသိပါစေနဲ့"

"စိတ်ချပါကွယ်၊ ပိုးကို မင်းမပြောစေချင်ရင် မပြောပါဘူး။ မင်းလည်း သူရှိတဲ့ကျောင်းကို သွားတွေ့ပေါ့။ စာမေးပွဲနီးချိန်သာ မသွားပါနဲ့ကွယ်။ သူ အပြင်ထွက်ခွင့်ရတဲ့ ဘုရားကျောင်းတက်တဲ့နေ့တွေမှာ တွေ့လို့ရမှာပါ။ ကျောင်းက စည်းကမ်းကြီးတယ်၊ မိဘခွင့်ပြုပေးထားတဲ့ သူကလွဲပြီး ကျန်တဲ့လူတွေ့ခွင့်မရဘူး"

"သူ့ကို မင်းလည်း ထိန်းသိမ်းပေးပါဦး၊ မင်းမိဘတွေလည်း ဒေါ်ဒေါ် ပြောစရာရှိတာတွေ ပြောခဲ့ပြီမို့ ပြန်တော့မယ်နော်"

"လွင်ရေ . . မမခင် သွားတော့မယ်နော်"

"ဟုတ်ကဲ့ မမခင်၊ သားရေ . . ဒေါ်ဒေါ့်ကို ခြံဝအထိ လိုက်ပို့လိုက်ပါကွယ်"

"ဒေါ်ဒေါ်ခင်"

"ပြောလေ မောင်မင်းညို"

"ကျွန်တော် ပိုးကို မြတ်မြတ်နိုးနိုး ချစ်တာပါ။ ကျွန်တော် သူ့ကို ကျောင်းမှာလည်း သွားတွေ့မှာပါ။ ကျွန်တော်တို့ ချစ်ခြင်းကိုတော့ မခွဲပါနဲ့ဗျာ။ ကျွန်တော့်မိဘတွေ ကျွန်တော့်ကို ထားနိုင်တဲ့ အခြေအနေနဲ့ ဒေါ်ဒေါ်ခင် ပိုးကို ထားနိုင်တဲ့အခြေအနေ လုံးဝ မယှဉ်နိုင်တဲ့ကိစ္စ၊ ကျွန်တော် နားလည်ပါတယ်။ ခုအချိန်မှာ ကျွန်တော်ပိုင်ဆိုင်တာဆိုလို့ သူ့အမေ ဒေါ်ဒေါ်ခင် ပိုးကို





ချစ်တဲ့အချစ်ထက် သာနိုင်တဲ့အဆင့်မှာ ထားနိုင်ရမယ်တဲ့ မာနအဲဒါတစ်ခုပဲပေါ့။ ကျွန်တော်ပိုင်ဆိုင်တာ သေချာတယ်။ ကျွန်တော့်မှာ လော်လောဆယ်ပိုင်တဲ့ အဲဒီစိတ်တစ်ခုနဲ့ စိတ်တန်ခိုးအစွမ်းကြောင့် တစ်နေ့မှာ ဖြစ်လာမှယ်လို့လည်း ယုံကြည်တယ်လေ"

"ကောင်းပြီလေ . . . မင်းဘက်က ယုံကြည်တယ်ဆိုတဲ့စိတ်၊ ဒေါ်ဒေါ်ခင် နားလည်ပေးလိုက်မယ်။ တစ်သက်လုံး အပူအပင် ကင်းစွာနေလာတဲ့ သမီးလေးက မင်းပိုင်ဆိုင်မယ့်စိတ်တန်ခိုးစွမ်းထက်နေ့ကို လောကဓံပေါင်းစုံ ခါးစည်းခံရမယ့်အဖြစ်မှာ မင်းကို သူက ချစ်တယ်ဆိုတဲ့ စိတ်လေးတစ်ခုနဲ့ပေါ့ကွာ။ ရေရှည်မှာ သူ သည်းခံနိုင်မယ်လို့ မင်းထင်သလား . . . ဒေါ်ဒေါ်ခင်ဆိုတဲ့ အမေတစ်ယောက်အနေနဲ့တော့ ကိုယ့်သမီးလေးရဲ့ ဒုက္ခတွေကို ကြည့်ရက်မှာ မဟုတ်ဘူးလေ။ မင်းမိဘတွေလည်း ပြန်မေးကြည့်ပေါ့။ ဘယ်မိဘမဆို ကိုယ့်သားသမီး ဆင်းရဲမှာ ကြောက်ကြတာချည်းပဲ၊ အချစ်ဆိုတာ ချိုမြိန်ပါတယ်လို့ မင်းတို့လူငယ်တွေ တင်စားတာကို ဒေါ်ဒေါ်ခင် ကန့်လန့်မတိုက်ဘူးနော်၊ လက်ခံလိုက်မယ်၊ ဒီ ချိုမြိန်ပါတယ်ဆိုတဲ့ အရသာအောက်မှာ မင်းနဲ့ပိုး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နေ့ဝက်ကလေး ထိုင်ကြည့်နေစမ်းပါ။ မင်းတို့နှစ်ယောက်ရဲ့ ဗိုက်အတွင်းက အစာအိမ်ရဲ့ အစာတောင်းခံရတဲ့ ဆာလောင်မွတ်သိပ်တဲ့ ပူလောင်ခြင်း ဒုက္ခကိုတော့ မင်းတို့ လက်တွေ့ကြုံကို ကြုံရမယ်လေ။ ဒီတော့ ချိုမြိန်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အချစ်ဆိုတာ ဘယ်မလဲပေါ့။ ဒေါ်ဒေါ်ခင်ပြောတာ. . . သဘာဝကျမယ် ထင်ပါတယ်နော်။ မင်းလည်း ပညာတတ် တစ်ယောက်ပဲလေ"

"ဘာကြောင့် ဒေါ်ဒေါ်ခင်မှုချိန်မှာ ဒီလိုလုပ်တယ်ဆိုတာ မင်းလည်း ဘယ်လိုမှ ကိုယ်ချင်းစာတတ်ဦးမှာ မဟုတ်ဘူးလေ။ မင်းတို့လေးတွေ သားသမီးရလို့ မိဘဖြစ်ရင်တော့ ကိုယ်ချင်းစာတတ်မှာပါ။ မင်းကို ဒေါ်ဒေါ်ခင် နှိမ်ချတာ မဟုတ်ဘူးနော်။ မင်းပြောသလို မင်း ယုံကြည်ချက်တွေ အမြန်ဆုံး အောင်မြင်ပါစေလို့တော့ ဆုတောင်းပေးပါ့မယ်၊ ခုလို လိုက်ပို့တာ ကျေးဇူးတင်ပါတယ်၊ မင်း နေရစ်တော့လေ" ဒေါ်မြတ်နိုးခင် မင်းညိုခန့်ကို နောက်တွင် ချန်ထားရစ်ခဲ့ကာ ခြေလှမ်းခပ်သုတ်သုတ်ဖြင့် မင်းညိုခန့်တို့ ခြံဝင်းအကျယ်ကြီးမှ ထွက်ခွာသွားတော့သည်။



# အပိုင်း ( ၁၉ )

www.burmeseclassic.com

www.burmeseclassic.com

## "ခွဲခဲ့ရပြီ … မြန်မာပြည်"

မြန်မာပြည်မှာ ပိုးရဲ့နောက်ဆုံးကျခဲ့သော မျက်ရည်တွေကို မာန်တင်းကာ ပိုး ဆတ်ခနဲသုတ်ရင်း၊ လေယာဉ်လှေကားတွေပေါ်မှာ စိတ်ခိုင်ခြင်း သင်္ကေတတွေအဖြစ်နဲ့ ပိုးဘဝရဲ့ အချိုးအကွေ့ လမ်းသွယ်တစ်ခုကို ကူးဖြတ်နိုင်ခဲ့၏။

ပိုး ဩစတြေးလျကို ရောက်ပြီး တစ်နှစ်လောက်အကြာမှာပဲ ကိုကြီးမင်္ဂလာဆောင်တဲ့ သတင်းကို ကြားသိလိုက်ရတယ်။ ပိုး မျက်ရည်မကျအောင် ထိန်းခဲ့ပေမယ့် လုံးဝ ပြီးဆုံးသွားပြီဖြစ်တဲ့ ပိုးနဲ့ကိုကြီးရဲ့ အချစ်အတွက် ခံပြင်းမှု မျက်ရည်တွေက မကျေနပ်ခြင်းနှင့်အတူ လက်တွေ့မှာတော့ တရဟော အတားအဆီးမဲ့ပေါ့။ တဒင်္ဂအတွင်းတော့ ဖယ်သုတ်နိုင်အောင် ကြိုးစားနိုင်ခဲ့၏။

ဒေါ်မြတ်နိုးခင်တို့ မိသားစုလေး ဩစတြေးလျနိုင်ငံ၊ ဘရစ်စ္စဘိန်းမြို့သို့ ပြောင်းရွှေ့လာပြီး မြန်မာအစားအစာများ တမ်းတမှု



ချဉ်ခြင်းနှင့်တကွ များစွာသော အခက်အခဲများကို တွေ့ရှိရ၏။ ဦးသော် အလုပ်သွားလျှင်လည်း အိမ်တွင် ဒေါ်မြတ်နိုးခင် တစ်ယောက်တည်း ယောင်ချာချာ ပျင်းရိနေမိသည်။ သမီးဖြစ်သူ ပိုးက တစ်အိမ်ကျော်တွင် သီးသန့်အိမ်တစ်အိမ်နှင့် နေလျက် အလုပ်လုပ်သည်။

"ကိုသော်"

"ဘာလဲ ခင်"

"ကိုသော် အလုပ်သွားရင် ခင်တစ်ယောက်တည်း ဖြစ်ဖြစ်နေတာ၊ ပိုးကလည်း နေ့ဆို သူ့နှစ်အလုပ်နဲ့ ဆေးရုံသွားနေ၊ ခင်မှာ ခြံထဲဆင်းလိုက်နဲ့ပဲ အချိန်ကုန်နေရတာ၊ ဟိုမှာလို အရှေ့အိမ်က ဘယ်သူ့ရေ အိမ်ခဏလာခဲ့ပါဆိုပြီး ကိုယ့်အဒေါ်တွေရဲ့ နာမည်တလို့ ကိုယ့်တူမတွေရဲ့ နာမည်တလို့လည်း မရနဲ့နော်။ ပိုးအိမ်ထောင်ကျလို့ သားလေးမွေးရင်တော့ ကိုသော် အပြင်သွားဦး အဖော် မြေးလေးချီလို့ ရပါသေးတယ်။ ခုတော့ ပိုးကလည်း အိမ်ထောင်မပြုသေး"

"ခင့် ဆိုလိုရင်းက ဘာလဲ"

"အမလေး ခင်ရယ်. . . ဘာများလဲလို့၊ ဒီမှာက အလုပ်တွေ ဇယ်ဆက်နဲ့ ခင်ကတော့ ကြံဖန်ကြင်နာတတ်ပါ့၊ ကလေးမွေးစားဖို့ဆိုတာ မလွယ်ဘူး ခင်ရဲ့"

"မလွယ်လည်း ခင်မွေးစားချင်တာ ကိုသော် ရှာပေး၊ စုံစမ်းပေး ခင်ပူဆာတာ အဲဒါပဲရှိတာ"

"ကဲ! သဘောကွာ၊ ကိုသော် မိဘမဲ့ကလေးဂေဟာတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းပေးမယ်"

ဒေါ်မြတ်နိုးခင်၏ ပူဆာမှုဖြင့် ချစ်ကိုပိုလေးအား မိဘမဲ့လေးဘဝမှ မိရင်းဖရင်းပမာ မွေးစားလျက် အချစ်ပိုမိကြသည်။

ဘိုသွေး၊ ဘိုသားစစ်စစ်ဖြစ်သော ချစ်ကိုပိုလေး ဒေါ်မြတ်နိုးခင်၏ ပုံစံချ ထိန်းချုပ်မှုအောက်တွင် မြန်မာဆန်စွာ သိမ်မွေ့မှုလေးများဖြင့် အချိုးကျလျက်. . .။

ဒေါ်မြတ်နိုးခင်ကို ချစ်ကိုပိုက မာမီဟု ခေါ်လျှင် မေမေလို့လေ၊ မေမေလို့ ပြင်ခေါ်ရမယ်လို့ဆိုကာ မြန်မာအခေါ်ကိုသာ နှစ်ခြိုက်လျက် ပြင်ခေါ်ခိုင်းသည်။

ပိုးက ကြားမှနေ၍

"မာမီကတော့ လုပ်ပြီ၊ ကလေးကို ပိုးခေါ်သလို သူကလည်း ကြားနေတော့ နှုတ်ကျိုးမှာပေါ့ မာမီရဲ့၊ ကျန်တဲ့သူ့အဖော်တွေ ခေါ်နေတဲ့ ကြားနေကျစကားတွေကလည်း ကျောင်းမှာဆို မာမီ၊ ဒယ်ဒီတွေ ဆိုတော့လေ"

"ငါ သူ့ကိုခေါ်နှိပ်စက်နေတာ မဟုတ်ပါဘူး ပိုးရယ်၊ သူလေးလို အရွယ် ညည်းမွေးမယ့် ငါ့မြေးလေးတွေရလာရင် ငါ့သား သူ့လိုဘိုအစစ်တောင် ငါဘယ်လို ယဉ်ကျေးသိမ်မွေ့အောင် ပုံစံချထားတယ်ဆိုတာ ကလေးတွေ အတုယူနိုင်အောင်လို့ပါ"

"မာမီကတော့လေ စိတ်ကူးတွေ ယဉ်နေလိုက်တာ၊ ပိုးကဖြင့် အိမ်ထောင်တောင် မပြုရသေးဘူး"

"ချစ်ကိုပိုလေးကိုလည်း ပိုးကို ခေါ်ခိုင်းရာတွင် "မမ မမ" လို့ မပီကလာနှင့် ခေါ်စေ၏။





ပိုး သူနာပြုဆရာမအဖြစ် (MT. OLIVET HOSPITAL) တွင် အလုပ် ဝင်လုပ်ခဲ့တယ်။ ပိုးမာမီနဲ့ ဦးသော်ရဲ့ မပြေလည်တဲ့ အိမ်ထောင်ရေးကြောင့် ပိုးအလုပ်ကို ကြိုးစားလို့ ပိုးဘဝကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် အဖက်ဖက်က ထိန်းသိမ်းစွာ နေထိုင်ခဲ့သည်။ ပိုးကို သိပ်ချစ်ခဲ့ပါတယ်လို့ အခါခါပြောခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အိမ်ထောင်ပြုသက်တမ်း ခုနစ်နှစ်ပြည့်တဲ့အထိ ပိုးအပျိုစင်ဘဝနဲ့ တိုင်းတစ်ပါးမှာ မြန်မာမလေးတစ်ယောက်ရဲ့ တွေ့ကြုံရတဲ့ ဒုက္ခတွေကို ခါးစည်းခံရင်း ဘဝကို နွံမနစ်အောင်လည်း ရှောင်တိမ်းနိုင်ခဲ့၏။ ခုနစ်နှစ်ဆိုတဲ့ အချိန်အတောအတွင်းမှာပဲ ပိုးကို မေတ္တာစစ်နဲ့ လက်ထပ်ချင်ပါတယ်ဆိုပြီး တောင်းဆိုလာတဲ့သူ၊ ပိုးအခေါ် မောင်၊ နေဇင်လတ်နဲ့ ပိုး တွေ့ဆုံခဲ့သည်။ ပိုးနဲ့မောင် တွေ့ဆုံမှုက အချစ်ဆိုတာချည်းကိုတော့ ရှုမိုက်စွာအခြေခံပြီး ဖြစ်ပေါ်လာခဲ့တာတော့ မဟုတ်ဘူးပေါ့လေ။ ဦးသော်နဲ့ လမ်းခွဲလိုက်တဲ့ မာမီဟာ ခြောက်သွေ့မှုများစွာနဲ့အတူ သနားစရာကောင်းလောက်အောင်ပဲ မြန်မာပြည်ကို လွမ်းနာကျတဲ့ဒဏ်ကို မချိမဆံ့အောင် ခံခဲ့ရတယ်။

မြန်မာပြည်ကနေ ဩစတြေးလျကို ပညာတော်သင် လွှတ်ခြင်းခံရတဲ့ ထူးချွန်ကျောင်းသူကျောင်းသာအချို့ကို သူ့သားသမီးလေးတွေပမာ စိတ်ထားရှိပြီး မာမီတစ်ယောက် ဩစတြေးလျလေယာဉ်ကွင်းမှာ ထွက်ခလုတ်၊ ဝင်ခလုတ် ဆင်းကြိုနေခဲ့သည်။ မာမီရဲ့လွမ်းနာ၊ မြန်မာပြည်လွမ်းနာကို ဖြေဆည်မှုတစ်ရပ်က ပညာတော်သင်လာကြတဲ့ ကျောင်းသား ကျောင်းသူမှန်



www.burmeseclassic.com

www.burmeseclassic.com

သမျှ မြန်မာဟော့နော်ဆိုပြီး ချီးကျူးဂုဏ်ယူလျက် အိမ်မှာ ဆွေမျိုးလို ဖိတ်ခေါ်ထမင်းကျွေးခဲ့သည်။ ၎င်းအပြီး မြို့ထဲသို့ အပျင်းပြေကစားပွဲများရှိရာ အဆောက်အဦးများ ကာဆီနိုခေါ်သည့် နေရာများသို့လည်း သွားရင်းလာရင်း မျက်စိဖွင့် နားစွင့်လျက် မြန်မာစကားပြောကြားသံများ ကြားရလို ကြားရငြား၊ သွားရသည်ကလည်း အမော။ "ဟေး. . . ဟား သွားပြီကွ"နှင့် မြန်မာစကားသံ ကြားလိုက်ရလျှင်တော့ ထိုနေရာသို့ မာမီရောက်အောင် အပြေးသွားပြီး "မင်းမြန်မာလားဟင်၊ ခုနက မြန်မာလို ပြောလိုက်တာ မင်းလား"နှင့် အတင်းဆွဲခေါ်ပြီး အိမ်အလည်ခေါ်တော့သည်။ မာမီ့အိမ်မှာ တကယ့်ပွဲလမ်း အလှူလို အမြဲစည်ကား၍ ပျော်ရွှင်စရာ ကောင်းနေ၏။



အပိုင်း ( ၂၀ )



www.burmeseclassic.com

www.burmeseclassic.com

## "အရောင်လက်လာသော ပတ္တမြားတစ်ပွင့်နှင့် ဘဝပိုင်ရှင်"

အဲဒီအထဲမှာ တစ်နေ့. . . မောင်နေဇင်လတ်တို့အဖွဲ့နှင့် ပိုးကို မာမီ မိတ်ဆက်ပေးခဲ့သည်။

"သမီး လာဦး"

"ဟုတ်ကဲ့၊ ပြောပါ မာမီ"

အလုပ်ကနေ အပြန်မှ ပိုး. . . မာမီ့အိမ်လေးအတွင်းမှာ ရောက်ရှိနေကြတဲ့ ဧည့်သည်အချို့ကို အပြုံးဖြင့် အသိအမှတ်ပြုလျက်. . . သူတို့အားလုံးက ပိုးကို မြင်၍ ထရပ်ကာ. . .

"အို မလိုပါဘူးကွယ်၊ ဒါတွေ မလိုပါဘူး၊ ထိုင်ပါ အားလုံး ပြန်ထိုင်ကြ၊ ပိုးတို့အားလုံး မောင်နှမတွေပေါ့၊ ကဲ ထိုင်ရင်းသာ နာမည်တွေ ဖလှယ် မိတ်ဆက်ကြတာပေါ့"

ပိုးကပင် စတင်ပြီး အနေမခက်ရန် အားလုံးကို ပြောလိုက်သည်။ ဒေါ်မြတ်နိုးခင်က ပိုးဘေးမှထိုင်ခုံတွင် ထိုင်ကာ သမီး





ဖြစ်သူ ပိုး၏ စကားများကို ကျေနပ်ကာ ပြုံးပြုံးကြီး ကြည့်နေ၏။ နေဇင်လတ်က မတ်တတ်ထရပ်ကာ. . .

"ကျွန်တော့်နာမည် နေဇင်လတ်ပါ မပိုးပိုး၊ ပျဉ်းမနားရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကပေါ့။ ထူးချွန်ပညာတော်သင် လွှတ်ခံရခြင်းပါ။ သူငယ်ချင်းဖြစ်သွားခဲ့တဲ့ သူငယ်ချင်းတွေလေ၊ ဟိုက ကျန်သုံးယောက်က ကျွန်တော်နဲ့ မေဂျာတူတစ်ယောက် ပဲပါတယ်။ ကျန်တာ ဆရာဝန်တွေလေ၊ ဒီမှာမှ ဆုံတာ၊ ဒီနေ့မှပဲ ဒေါ်ဒေါ်ခင်နဲ့တွေ့တာပေါ့။ ကျွန်တော်တို့ အုပ်စုက ရောက်တာ မကြာသေးဘူး။ ဒီမှာ မြန်မာဆိုတာ မရှိသလောက် ဆိုတော့ အားတော့ငယ်တာပေါ့ဗျာ၊ ယောက်ျားရင့်မတွေလည်း လူပဲ ခံစားရတာပေါ"

ဗလုံးပထွေးနှင့် စကားကို အားရပါးရပြောသော နေဇင်လတ်ကို ပိုးကြည့်ကာ မရယ်ဘဲ မနေနိုင်ဖြစ်ခဲ့၏။

"ကျွန်မ တွေ့ရတာ ဝမ်းသာပါတယ်. . . အားလုံးအတွက် ဂုဏ်ယူပါတယ်"

မာမီ ကြားမှနေပြီး "သူက အရင်က မာမီနဲ့ တစ်အိမ်ခြားမှာ နေတာလေ၊ မာမီအိမ်ထောင်ရေး ပြတ်စဲပြီးမှ သူ မာမီ့ဆီ နေ့စဉ် ပြန်လာနေတာ၊ ဒီဘရစ်စ္စဘိန်းမြို့ (Brisbane) မှာ မြန်မာဆိုတာ နည်းနည်းပဲရှိတာ၊ ဒီလိုပဲပေါ့ ခင်ရာဆွေမျိုးပေါ့ ကွယ်၊ တို့တော့ ပျော်ရာမှာ မနေရပါဘူး" ဒေါ်မြတ်နိုးခင်က ဝမ်းနည်းစွာ ညည်းတွားလေ၏။

မကြာမီ ပိုး အလုပ်မှအပြန် မာမီ၏အိမ်လေးမှာ နေဇင်လတ်



www.burmeseclassic.com

www.burmeseclassic.com



တို့အဖွဲ့နှင့် ညီကာ ချက်ပြုတ်စားသောက်ကြသည်။ ပိုးကို မြို့ထဲသို့ ဈေးဝယ်ထွက်ခြင်း တာဝန်ကိုပေးလျက် နေဇင်လတ်တို့က ချက်ပြုတ်ရာတွင် တာဝန်ယူကြသည်။ ဒေါ်မြတ်နိုးခင်ကိုတော့ သူတို့လက်ရာဟင်းများကို မြည်းခိုင်းရင်း

"မာမီ ဘာမှမလုပ်နဲ့နော်. . . ဘယ်ပန်းကန်တစ်ချပ်မှ ဝမထိနဲ့နော်၊ အားလုံး သားတွေ သမီးတွေ လုပ်သွားမှာ၊ မာမီ အနားယူလို့ရပြီနော်" လို့ မှာကြားကာ သူတို့အဖွဲ့မှာ ပြောင်လိုက် စလိုက်နှင့် တဟေးဟေး ပွဲကျနေကြစမြဲ။

ပိုးအကြောင်းတွေအားလုံးကို ပိုးအလုပ်သွားချိန်မှာ နေဇင်လတ်က ဒေါ်မြတ်နိုးခင်ကို မေးမြန်းလေ့ရှိတတ်သည်။ သူ့သားလို အချိန်ခဏလေးအတွင်းမှာ ဖြစ်သွားတဲ့ နေဇင်လတ်ကို ပိုးအကြောင်းအားလုံးကို ဒေါ်မြတ်နိုးခင်က ပြောပြခဲ့သည်။ ပိုးကို နေဇင်လတ် သနားချစ်မဟုတ်ဘဲ မြတ်မြတ်နိုးနိုးနဲ့ သေတပန်သက်တဆုံး လက်ထပ်ယူဖို့ ခွင့်တောင်းခဲ့၏။ ဒေါ်မြတ်နိုးခင်၏ သဘောတူခြင်းခံရတဲ့ နေဇင်လတ်ကို ပိုးဒီတစ်ခါ မိခင်စိတ်ချမ်းသာရန် ခေါင်းညိတ်ခဲ့သည်။ မိခင်ဖြစ်သူ ဒေါ်မြတ်နိုးခင်မှ ပိုးကို နေဇင်လတ်နှင့် လက်ထပ်ရန် သဘောတူရာတွင် နေဇင်လတ် မြန်မာပြည်သို့ ပြန်ရာတွင် သူမနှင့် သမီးဖြစ်သူ ပိုးပါ ပြန်လည်အခြေချလိုက်ပါရန် မျှော်လင့်မိ၏။

ပိုးနဲ့ နေဇင်လတ်တို့ ဘုရားကျောင်း လက်ထပ်ခြင်း (Church Wedding) ဖြင့် ခမ်းနားစွာ လက်ထပ်ပွဲကျင်းပရန် ဒေါ်မြတ်နိုးခင်မှာ မမောနိုင်အောင် ဖြစ်ခဲ့သည်။ ဘုရားကျောင်း





ခန်းမအတွင်းသို့ လှမ်းဝင်လာသော ပိုးခြေလှမ်းများကို မမှား အောင် နေဇင်လတ်က ဘေးမှ အတတ်နိုင်ဆုံး ဖေးမထိန်းပေးသည်။ ဘယ်သူမှမသိနိုင်သော ပိုးအပြုအမူ ပျက်ခြင်းကိုတော့ နေဇင်လတ် အသိဆုံးပေါ့။

"ပိုးစိတ်တွေ လှုပ်ရှားနေလား. . . အတိတ်ကို အတိတ်မှာပဲ ထားခဲ့နော်၊ ပိုးစိတ်ထိခိုက်မှာပဲ မောင်စိုးရိမ်တာပါကွာ၊ ပိုးရယ် ကံကြမ္မာဆိုတာ ချစ်တိုင်းမညားတာလည်း ရှိတာပါပဲ၊ ပိုး မောင့်ကို အခုမချစ်လည်း နောင်ချစ်ရင် ကျေနပ်ပါတယ်။ မိန်းမတစ်ယောက်ရဲ့ ပထမဆုံးလက်ထပ်ခြင်းဟာ သူတို့ရည်ရွယ်ထားတဲ့ ချစ်သူနဲ့သာ နှလုံးသားချင်းအပ်. . . လက်ချင်းထပ်ချင်ကြတာပဲမို့လား၊ လိပ်ပြာလွင့်မတတ် ခံစားနေရတဲ့ ပိုးနှလုံးသားတွေ လိပ်ပြာသန့်လိုက်ပါ ပိုးရယ်၊ ပြီးတော့ ပိုးက အပျိုစင်ပဲ၊ ဒါပေမဲ့ မောင်စွဲလန်းတာ ပိုးရုပ်ခန္ဓာကို စွဲလန်းတာ မဟုတ်ဘူးနော် ပိုး"

"ပိုး၊ မောင် ပိုးကိုချစ်တဲ့အချစ်. . . အချစ်ဆိုတာ လူနှစ်ဦးပေါင်းစပ်မှု ပြည့်စုံခြင်းတွေပါလို့ ကဗ္ဗည်းတပ်လို့၊ ပိုးရယ် သတ်မှတ်ထားတာမှ မဟုတ်တာ၊ အချစ်မပါဘဲ လက်ထပ်လို့ သံယောဇဉ်ကြိုးတွေနဲ့ ဖြေမလျှော့ဘဲ တင်းကြပ်နေတဲ့ အိမ်ထောင်ရှင်တွေ ဒီလိုပါပဲ ရှိကြတာပဲပိုး၊ အဓိကကတော့ မေတ္တာစစ်နဲ့ ရင်းပြီး နှလုံးသားချင်း နားလည်လို့ တစ်ယောက်ရဲ့ ရှင်သန်ခြင်း၊ နှလုံးသားစစ်စစ်ကိုမှ တစ်ယောက်က အချိန်ကြာကြာ စိတ်ရှည်ရှည် စောင့်စားပေါက်ဖွားလာမယ့် တစ်နေ့ကို သည်းခံမယ့်သူ၊



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ မောင် ပိုးကိုချစ်တဲ့အချစ်ပေါ့ ပိုးရယ်၊ မောင်တော့ အဲဒါကမှ တကယ့်ကို အချိုမြိန်ဆုံး နှလုံးသားစစ်စစ်နဲ့ ရင်းတည်ပြီးမှ ဖြစ်လာမယ့် အချစ်လို့ ထင်တာပဲ၊ ဘယ်သူတွေ ဘာပြောပြော ပိုးရယ်၊ မောင်ကျေနပ်စွာ စောင့်စားနေမှာ ပိုးကို သိပ်ချစ်တဲ့ အချစ်တွေနဲ့လေ၊ သနားသဖြင့်တော့ ပိုးရယ်. . . မောင့်ကို နှလုံးသားစစ်မဟုတ်တဲ့ တစ်ရှိန်ထိုးချစ်တဲ့ တဒင်္ဂခံစားခြင်းတွေ အခြေခံမယ့် ယာယီချစ်ခြင်းထက် အချစ်တွေတော့ မောင် မလိုချင်ဘူး ပိုး. . . မောင့်ကို မပေးလိုက်ပါနဲ့နော်၊ ပိုးကို ပိုင်ဆိုင်ရတယ်ဆိုတဲ့ ပိုင်ဆိုင်ခြင်း ပြယုဂ်တွေနဲ့ ကပ်ငြိလိုက်မယ့် နှလုံးသားစစ်စစ်နဲ့အချစ်ကို မောင့်ဘဝရဲ့ အဖိုးတန် အမြတ်လေး ပိုးအဖြစ် မောင့်လက်ဝယ်မှာ ပိုးရယ်. . . မောင်ပိုင်ဆိုင်ပါရစေ"

နေဇင်လတ်. . . အနူးညွတ်ဆုံးသော ညင်သာခြင်းဖြင့် အလှဆုံးသော ပိုး၏မျက်နှာလေးပေါ်မှာ လွှားထားသော သတ္တိသမီးဇာပဝါဖြူလွလွလေးကို ဖွင့်ကာ ရင်တထိတ်ထိတ်. . . ပိုးမျက်နှာကိုလည်း မကြည့်ရဲစွာ ပိုးကို သူကြည့်လိုက်လျှင်လည်း ပိုး သူ့ကို အလှပဆုံးအပြုံးဖြင့် သူတမ်းတသော အပြုံးမျိုး ခုချိန်မှာ သူ မျှော်လင့်၍ ပိုးမပေးလျှင် သူ့ကိုယ်သူသာ အတည်ငြိမ်ဆုံး စိတ်တို့နှင့် လှုပ်ရှားနိုင်ရန် ကြိုးစား၍ ပိုး၏အေးစက်နေသော လက်ကလေးများအား နွေးထွေးခြင်းပြယုဂ်တွေ ကပ်ငြိနေသော သူ့လက်ဖဝါးတစ်ဖက်ဖြင့်သာ ယုယုယယ အုပ်မိုးလျက်။

မောင့်ကို ပိုးချစ်တဲ့အချစ်တွေဟာ ရှုရှုမိုက်မိုက် ဆယ်ကျော်သက်အရွယ်တုန်းကလို စိတ်တဒင်္ဂသာယာမှုတွေနဲ့ အခြေခံပြီး





ဖြစ်ပေါ်လာမယ့် အချစ်မျိုးနဲ့လည်း ပေါင်းစပ်ပေးဆပ်ချင်တာ မဟုတ်ဘူးဆိုတာ သိလိုက်စမ်းပါတော့လားမောင် . . . ကအျာ မဆန်ဘူးလို့ သမုတ်ခံရင်ခံရပါစေ။ ပိုးရဲ့နှလုံးသားတွေရဲ့ မြတ်နိုးခြင်းဆိုတာနဲ့အတူ နွေးထွေးတဲ့ မောင့်ရင်ခွင်မှာ ဘဝတစ်ခုလုံးရဲ့ အဖော်မွန်အဖြစ်နဲ့ မောင်ရယ်. . . လက်တွဲခွင့် တောင်းခြင်းခံရတဲ့ပိုး မောင့်ရဲ့အဖြူစင်ဆုံးရင်ခွင်ရိပ်မှာ နားခို လိုက်တော့မှာပါ။

ပိုး. . . ရင်ထဲက စကားများကို နှုတ်ခမ်းဆေးရောင် ခြယ်ထားတဲ့ ပိုးနှုတ်ခမ်းလှလှလေးတွေမှ တုန်ခါခြင်းမဲ့ ဘယ်လောက်ပဲ တိုးညှင်းလှပေမယ့် နေဇင်လတ် သိစေချင်သော်လည်း ဆတ်ဆတ်ခါအောင် နာကျင်လျက် ပြန်လည် ဝင်ရောက်လာတဲ့ အတိတ်ရဲ့ အရိပ်စွန်းလေးအောက်မှာ မရုန်းသာတဲ့စိတ်ရဲ့ ထွက်ပေါက်မဲ့ကို ဆန့်ကျင်ခြင်းမဲ့ မပြုနိုင်တဲ့အဆုံး နေဇင်လတ်အတွက် စိတ်ချမ်းမြေ့စရာ ပျော်ရွှင်မှု စကားသံတွေနဲ့ ဆိတ်သုဉ်းခဲ့ရ၏။

"မောင် တန်ဖိုးထားတဲ့ ပိုးရဲ့အဖြူစင်ဆုံးစိတ်နဲ့ ပိုးချည်မျှင်လေးလို လွလွလေး သွယ်တန်းနေတဲ့ မောင့်နှလုံးသားသံယောဇဉ် ဒါပဲ ဒါဟာ မောင်တန်ဖိုးထားဆုံးအရာပဲ၊ ပိုး. . . ပိုးငိုချင်တယ် ဆိုရင် ငိုလိုက်၊ အားရအောင် ငိုပါ၊ မောင့်ရှေ့မှာ ပိုးလွတ်လပ် စွာ ပြုမူပါ။ မောင် ခွင့်လွှတ်တယ်၊ အရာအားလုံး အဆုံးစွန်ထိ မောင်ကျေနပ်ပေးမယ်နော်"

ပိုး ခေါင်းကို ခါယမ်းရင်း နေဇင်လတ်အပြောကို ငြင်းပယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ပိုး. . . ပိုး မောင့်ကို အားမနာနဲ့နော်၊ ပိုးရင်ထဲရှိတာတွေ ပေါ့သွားအောင် ငိုလိုက်လေ၊ ပိုးမာမီသိသွားရင် စိတ်မကောင်းဖြစ်လိမ့်မယ်။ ပိုးမာမီ မသိအောင် မောင်ကွယ်ထားမယ်နော်. . . ပိုး ငိုလိုက်"

"ပိုး မငိုပါဘူး မောင်၊ ဘာလို့ ငိုရမှာလဲ၊ ဒီလို သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်အတွက် ပိုးဘဝမှာ အချိန်တွေ အများကြီး အကုန်ခံခဲ့ပြီးပြီလေ၊ ပိုးကို အခုလို လက်ထပ်ခွင့်တောင်းတဲ့ ကြင်နာတတ်တဲ့ ယောကျ်ားတစ်ယောက် ပိုးဘေးမှာ မားမားမတ်မတ် ရှိနေပြီပဲ၊ ပိုးလေ မောင့်ကို အသက်ထက်ဆုံး"

"ပိုး. . . မောင့်ကို မောင်လို့ပဲ သုံးတယ်၊ ပိုးရယ် မောင်လေ. . . ပိုးကို ကျမ်းသစ္စဆိုခြင်းထက် လေးနက်တဲ့ သစ္စာတွေနဲ့ ခိုင်မြဲတဲ့ မောင်နဲ့ ပိုးရဲ့အချစ်အိမ်လေး တည်ဆောက်မှာပါ။ လာပိုး၊ ဘုန်းတော်ကြီးရှေ့ရောက်တော့မှာ စကားမပြောနဲ့တော့နော်"

ဘုန်းတော်ကြီးက နေဇင်လတ်ကို ကျမ်းသစ္စာဆိုခြင်း၊ မေးခွန်းကို ချီးမြှောက်သောအခါ ကျွန်တော် မောင်နေဇင်လတ်သည် မပိုးပိုးအပေါ် သစ္စာရှိစွာ အကြင်လင်မယားအဖြစ် အသက်ထက်ဆုံး ပေါင်းသင်းပါမည်ဟု ရဲဝံ့စွာ အင်္ဂလိပ်လို အထစ်အငေါ့မရှိ ပြောကြားသွားသည်။

ပိုးအလှည့်ရောက်သောအခါ နေဇင်လတ်က ပိုးကို သူ့လို ကောင်းစွာ ဖြေနိုင်ရန် မျက်စပစ် ပြုံးပြသည် ယနေ့မှ အားလုံး





သောအပြုံးကို အပြုံးအရယ်နည်း၍ တွေ့ရခဲသော နေဇင်လတ် မျက်နှာပေါ်တွင် အထင်းသား၊ အသားမဖြူ မညို ရုပ်ရည် အချောစား မဟုတ်သော်လည်း မိန်းမတိုင်းမြင်ရုံဖြင့် ကျလောက်သည်။ သို့သော် နေဇင်လတ်၏ တည်ကြည်လွန်းသော မျက်နှာထားကြောင့် မိန်းကလေးများက စတင်အရောဝင်ခြင်း ခံရသော်လည်း တိုင်းတစ်ပါးတွင် နေလင့်ကစား မိန်းမကိစ္စ အတွက် သူ့ဘဝတွင် စိတ်မကူးမိချေ။ ပိုးနှင့်တွေ့မှသာ သူ့မာန အားလုံး ပိုးရှေ့မှာ နေဇင်လတ် ခဝါချ ဆက်သလိုက်ရ၏။

ပိုးမျက်နှာရှေ့တွင် အုပ်ထားသော ဇာပဝါလေးကို တယုတယ လှစ်ဟပေးနေသော နေဇင်လတ် အပြုအမူတို့ကို ပိုးမျက်တောင်မခတ် ကြည့်မိသည်နှင့် တစ်ချိန်က ပိုးယောကျ်ားတစ်ယောက်အပေါ် မလိုအပ်ဘဲ ပေးဆပ်မိသော ချစ်ခြင်းတွေကို နာကျင်စွာ နှမြောတမ်းတမိသလိုနှင့် ရှက်ရွံ့ဝမ်းနည်းလာကာ ခေါင်းကို ငုံ့လိုက်သည်။ လက်ထပ်လက်စွပ်ချင်း လဲလှယ်ဝတ်ဆင်ပြီး လက်ထပ်မင်္ဂလာပွဲသို့ ကြွရောက်လာကြသော ဧည့်ပရိသတ်များကလည်း ကောင်းချီးပေးကြသည်။

အဆိုးဆုံးက ပိုးရဲ့မာမီ ဒေါ်မြတ်နိုးခင်ပေါ့။

ပိုး၏ပါးကို မျက်ရည်များ အဝဲသားဖြင့် နမ်းရှုံ့ရင်း

"ပိုး. . . မာမ့်သမီးလေး၊ ပတ္တမြားခဲလေး၊ အဖိုးထိုက်တန်တဲ့ ပတ္တမြားခဲလေးကို မာမီလေ ဟောဒီက သား နေဇင်လတ်ဆီမှာ အပ်နှံရတာ မာမီ စိတ်ချပါပြီ သမီးရယ်. . . ပတ္တမြားဆိုတာ နွံနစ်တတ်တာ မဆန်းပါဘူး သမီးရယ်၊ ငါ့သမီးလေးဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားဖို့ အဖိုးတန်ဖို့ သဘာဝကပေးတဲ့ ချီးမြှောက်ခြင်းနဲ့ အတူ အရောင်လက် အဖိုးတန်တဲ့ ဘဝပိုင်ရှင်လက်ထဲကို ဘုရားသခင် ကောင်းချီးပေးခဲ့တာ၊ မာမီ ဝမ်းသာတယ်" လို့ ထပ်ကာထပ်ကာနှင့်။

နေဇင်လတ်နှင့် ပိုးတို့ လက်ထပ်ပွဲလေး ကျင်းပပြီးနောက် နေဇင်လတ်တစ်ယောက် မြန်မာပြည်သို့ ပြန်ရန် ပြင်ဆင်ကာ မိတ်ဆွေများအိမ်သို့ ကားတစ်စီးဖြင့် သွားရောက် နှုတ်ဆက်၏။ နေဇင်လတ်တစ်ယောက် မြန်မာပြည်ရှိ မိဘများထံသို့ ပညာတော်သင်ရက် ကုန်၍ ပြန်ရတော့မည်ဆိုသောအခါ ပိုးကိုပါ ခေါ်မည်ဟု ဆုံးဖြတ်ကာ ပျော်ရွှင်နေသည်။ သို့သော် ပိုး မလိုက်ဖြစ်ဘဲ ဩစတြေးလျတွင်သာ ကျန်နေခဲ့သည်။

သို့သော် လပိုင်းအတွင်းတွင် နေဇင်လတ် ဩစတြေးလျသို့ ပြန်ရောက်လာ၏။ အမိမြန်မာပြည်၏ အကျိုးဖြစ်ထွန်းမှုအတွက် နေဇင်လတ် ဩစတြေးလျနှင့် မြန်မာပြည် ကူးလူး၍ တိုင်းပြည်တာဝန်ဖြင့် ထပ်လာရကြောင်း ပိုးနှင့် ဒေါ်မြတ်နိုးခင် နေဇင်လတ်အတွက် ဝမ်းသာမဆုံး။

ဒေါ်မြတ်နိုးခင်ကတော့ သားမက်ဖြစ်သူ နေဇင်လတ်နှင့် သမီးဖြစ်သူ ပိုးတို့နှစ်ယောက်ကို သီးသန့်အိမ်ခွဲမနေစေဘဲ သူမ၏အိမ်တွင် သုံးဦးသား နေထိုင်ကြသည်။ သူမဘဝတွင် တွေ့ကြုံခဲ့ရသော အိမ်ထောင်ပြုခြင်း ကံခေမှုသည် သူမ သမီးလေးဘဝတွင် လွတ်ကင်းပြီအသိနှင့် စိတ်ချရသော နေဇင်လတ်၏စိတ်ထား၊ နေဇင်လတ်၏ အပြုအမူတို့အတွက်





သူမ သမီးလေးပိုး၏ဘဝကို သူမ မေတ္တာရိပ်အောက်တွင် မျက်ဝါးထင်စွာ ကွန်းခိုစေခဲ့သည်။

ပိုးအလုပ်ပိတ်ရက်များတွင် မိသားစုသုံးယောက် တစ်ပတ်စာ ဟင်းအစီအစဉ်မှ ကြားဖြတ်ကာ သီးသန့်အစီအစဉ်အဖြစ် ခံတွင်းတောင်းမှုချဉ်ခြင်း၊ ဟင်းအမယ်များကို ဝုန်းဒိုင်းကြဲ ချက်ပြုတ်စားသောက်ကြ၏။ နေဇင်လတ်နှင့် ပိုး လက်ထပ်ခြင်း အထိမ်းအမှတ် တစ်နှစ်ပြည့်နေ့က တိုက်ဆိုင်လျက် အားလပ်ရက်ဖြင့် သွားကြုံသည်။ ထိုနေ့က နေဇင်လတ်က

"ပိုးရေ မောင် ဒီနေ့လေ မိုးကလည်းအုံ့နဲ့ဆိုတော့ မာမီ့ ဥယျာဉ်ထဲက ဆူးပုတ်ပင်က ဆူးပုတ်ရွက် ဟင်းချိုသောက်ချင်တယ်။ အဲဒီအရွက် ခူးရအောင်ကွာ၊ ပြီးတော့ မန်ကျည်းရွက်တို့ ထောင်း၊ ကြက်သွန်ဖြူနဲ့ ငရုတ်ကြမ်းလေးရောထည့် ဆတူ ထောင်းထည့်နဲ့ကွာ ချဉ်စပ်လေးစားချင်တယ် သိလား၊ ပိုးတို့က ငရုတ်သီးမကြိုက်လည်း ဒီအတိုင်းအချိုပေါ့ကွာ၊ ငပိသေးသေး လေးလေး ထည့်နဲ့ပေါ့ကွာ၊ ခက်တာက မန်ကျည်းပင်က မရှိဘူး ပိုးရာ၊ လူ့ပါးစပ်ကလည်း မရတာမှ တမ်းတ၊ မရှိတာမှ စားချင်နဲ့ကွာ ခက်ပါတယ်"

"ကြံကြံဖန်ဖန် မရနိုင်တဲ့ဟင်းကို မောင်ပြောတာနဲ့တင်ပဲ ပိုးတောင် စားချင်စိတ်ပေါ်လာပြီ" လို့ ပိုးက ပြောလျက် မန်ကျည်းပင် ရှာပုံတော်အတွက် ခေါင်းကိုကုတ်ကာ စဉ်းစားနေ၏။

"ဟဲ့ နင်တို့ပြောတာတွေ ငါကြားတယ်။ မောင်နေဇင်ရေ



www.burmeseclassic.com

www.burmeseclassic.com



မင်းမိန်းမကို ကူပြီး ဟင်းချက်တို့ ဘာတို့ သင်ပေးလိုက်၊ ငါ မန်ကျည်းပင်တွေ့ထားတာ ရှိတယ်ဟေ့၊ စိတ်ချ ဒီဟင်းတွေ ဒီရာသီမှာ စားချင်နေတာ၊ ငါသွားခူးမယ်" ပြောပြောဆိုဆို ဒေါ်မြတ်နိုးခင် ခြံထဲသို့ဆင်းကာ ခြံထောင့်ရှိ ဝါးလုံးရှည်တစ်လုံးကို ဆွဲယူ၍ အိမ်မှထွက်သွားသည်။

အိမ်သို့ပြန်ရောက်သောအခါ နေဇင်လတ်နှင့် ပိုးတို့က သူမကို ကျန်ဟင်းများ ချက်ပြုတ်ထား၍ ကြိုဆိုနေကြ၏။

"မာမီရယ် ကြာလိုက်တာ၊ ပိုးဖြင့် စိတ်တောင်ပူမိတယ်၊ အပင်ပေါ်မှာတက်ပြီး ဆင်းမရဖြစ်နေသလားလို့၊ မောင့်ကို ရန်လုပ်နေတာ သူက စ စားချင်တယ်ပြောလို့ မာမီ ကြာသွားတာ"

"ဘာမှမဖြစ်ပါဘူးအေ၊ ကြံဖန်စိုးရိမ်ရန်ကော အပင်ပေါ် လည်း မတက်ပါဘူး၊ မာမီကိုယ်တိုင် ဒီဟင်းစားချင်လို့ သွားခူး တာပဲ၊ ခြံပိုင်ရှင်အမျိုးသမီးကို ဒီအရွက်စားလို့ကောင်းတယ်လို့ ရှင်းပြနေတာနဲ့ ကြာသွားတာ၊ မောင်နေဇင်လတ်လည်း ရန်လုပ် မနေနဲ့တော့"

"မောင် မပြောဘူးလား၊ ပိုးက မောင့်ပဲ ရန်လုပ်ချင်နေတာ မာမီရေ. . . မာမီ့သမီး အစွာမက နေရာတကာ သူ အနိုင်ရမှ ကျေနပ်တာရယ်၊ ပြောပါစေဗျာ၊ သူကျေနပ်ရင် ပြီးတာပဲ၊ ကဲ မာမီ့လက်ထဲက မန်ကျည်းရွက်ထုတ်ပေးလေ၊ ကျွန်တော် သင်ပြီး ရင် ထောင်းလိုက်မယ်၊ မာမီလက်သာဆေးပြီး ထမင်းဝိုင်းသာ ဝင်နှင့်နော် မာမီ"





ပိုး နေဇင်လတ်ကို မျက်စောင်းလှမ်းထိုးကာ

"ပေးပါ ပိုးရော ကူချက်နေတာများ၊ သူတစ်ယောက်တည်း လုပ်နေတဲ့အတိုင်းပဲ၊ ပိုးပဲ ဒီအရွက်တွေ ထောင်းတော့မယ်"

"ပိုးကလည်းကွာ၊ မောင်က ဘာတွေများ ပြောမိလို့လဲ စိတ်ပဲ ဆိုးနေတာ"

"စိတ်မဆိုးပါဘူးနော်"

"ဒါဆို နှုတ်ခမ်းကြီး မစူနဲ့ကွာ"

"ဟဲ့ မိပိုး. . . အမလေး စိတ်ဆိုးနေပြန်ပြီလား၊ မာမီ လာကူသင်ပေးရမလား"

"မဆိုးပါဘူး၊ မာမီရေ. . . ခဏနေ ပိုးတို့လာခဲ့မယ်၊ မာမီ လာမသင်ပေးနဲ့တော့နော် သမီးတို့ ခဏလေးနေ လာမှာပါ"

ထိုနေ့က သူမတို့အိမ်ထမင်းဝိုင်းလေးသည် ရာသီစာ ထမင်းဝိုင်းလေးအဖြစ် မိုးအုံ့အုံ့နေ့လေးတွင် မိုးရိပ်အငွေ့အသက်တို့ ကျရောက်ခြင်းဖြင့် အေးစက်ခိုစွာ။

ပိုးတို့မိသားစုဟာ ဩစတြေးလျနိုင်ငံ ဘရစ်စ္စဘိန်းမြို့လေး မှာ အေးချမ်းစွာ နေထိုင်ပြီး မြန်မာထမင်း မြန်မာဟင်းများနှင့် မြန်မာ့အဝတ်အစားတွေပဲ မက်မက်မောမော ဝတ်ဆင်လေ့ ရှိခဲ့ ကြ၏။ ဦးဆောင်မှုတွေနဲ့ အစစအရာရာမှာ ပွဲပြင်ဆုံးမခြင်း ကောင်းတဲ့ ပိုးရဲ့ဘဝမှ မောင်ဟာ မာမီရဲ့လက်ဖျားခါလောက် အောင် ချီးကျူးခံရတဲ့ ပိုးဘဝရဲ့လမ်းပြကြယ်လေးတစ်ပွင့် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရ၏။

ပိုးနှင့် နေဇင်လတ်တို့ အိမ်ထောင်မပြုခင်ကပင် ဒေါ်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင့် ဦးသော်တို့ လမ်းခွဲလိုက်ကြပြီး ဒေါ်မြတ်နိုးခင် ပိုင်ဆိုင်သော အိမ်များမှ အိမ်သုံးလုံးလောက်ကို ဦးသော် မြင်းလောင်းပွဲ အကြီးအကျယ်ရှုံးကာ အကြွေးများ ဆပ်လိုက်ရသည်။ ချစ်ကိုပို လေး၏ဘဝ မိခင်နှင့် ဖခင်အဖြစ် သံယောဇဉ် ကြီးလျက်ရှိနေ ကာ ဖခင်ကဲ့သို့ပင်ရှိသော ဦးသော်ကို မေးတိုင်း ဒေါ်မြတ်နိုးခင် က "နင့်မလည်း ဒီဖအေ၊ မကောင်းတဲ့ကောင်ပဲ မေးနေ ငါ့ဖြင့် လေ၊ နင့်ကြည့်ပြီးငိုရတာ မျက်လုံးအိမ်တွေလည်း မို့လှပါပြီ သွား ရယ်. . . နောက်မမေးနဲ့နော်၊ နင်ကသာ သံယောဇဉ်ကြီးတာဟဲ့ သူက တို့မိသားစုကို ထည့်မတွက်ဘူး"

အော်ရင်း ပြောရင်း အမြဲငိုရသော ဒေါ်မြတ်နိုးခင်အဖြစ်ကို ကြည့်ကာ

"မာမီရယ် မငိုပါနဲ့၊ မောင်လေးက မသိလို့ မေးရှာတာပါ၊ ပိုး ချော့ပြောပါ့မယ်"

"လာ ချစ်ကို၊ မမနဲ့ချဉ်ပေါင်ရွက် ခူးရအောင်၊ ပြီးရင် ချဉ် ရည်ချက်ဖို့ ငပိသွားဝယ်မယ် မမနဲ့လိုက်ခဲ့နော်"

"နပိ နပိလား မမ၊ ချစ်ကိုကြိုက်တယ် လိုက်ခဲ့မယ်" ငပိကို နပိလို့ ခေါ်တတ်၏။ ငပိ ဝယ်လိုက်ရလျှင် ငပိကြိုက်သော ချစ်ကိုပို ငပိထုတ်ကို ဖောက်စားလာတတ်မြဲ။

ပိုးနှင့် နေဇင်လတ်တို့ အိမ်ထောင်ကျ၍ သားကြီး တွယ်တာ ခ မွေးဖွားသောအခါ သားကြီးက သိပ်အသက်အရွယ် မကွာ သောချစ်ကိုပိုက ထိန်းတတ်စမြဲ။ နေဇင်လတ်က ပိုးဆီမှ အချစ် တွေကို မြတ်နိုးတွယ်တာစွာ ခံယယ ယူခဲ့ရခြင်းကြောင့် တွယ်





တာခလို့ နာမည်ပေးခဲ့သော သားကြီးကို အလိုလိုက်သဖြင့် တွယ် တာခက ဆိုးချင်ချင်။

"ဘွားဘွား၊ မြန်မာဟင်းချက်ရင် ငပိ မထည့်နဲ့ နံတယ်၊ သား မကြိုက်ဘူး"

"ဟဲ့ လူစုတ်လေး၊ နင်ကတော့ မြန်မာအစားအစာ ကြဲဖန် ချေးများတယ်၊ ငါ မရိုက်ရက်လို့နော်၊ ချစ်ကိုနဲ့ တခြားစီပဲ"

"နေဇင်၊ နင့်သားကို ခေါ် ဦးဟဲ့၊ ငါ ဟင်းချက်တာ လာရှုပ် နေတယ်"

"ဖိုးခ လာ ဒယ်ဒီဆီ၊ ဘာတွေ သွားပြောနေတာလဲ၊ ဘွား ဘွားအကြိုက် ဟင်းတွေချက်တာ၊ မင်းမကြိုက် မစားနဲ့ပေါ့၊ အဲဒါ တွေက ရှားပါးဟင်းတွေ၊ ဒါတွေက သေချာ တရုတ်ဆိုင်မှာ မှာထားရတာ၊ တို့မြန်မာတွေကြိုက်တဲ့ ဒညင်းသီးနဲ့ ငပိရည်ဖျော် မင်းဘွားဘွားက သူ့အကြိုက်တွေ နံတယ် သွားလုပ်လို့ ရိုက်ပါ လိမ့်ဗျာ"

ကဂျိုကကျောင်နှင့် ဟင်းရွေးတတ်သော တွယ်တာခကို နေဇင်လတ်နှင့် ဒေါ်မြတ်နိုးခင် မနည်းပုံစံချရသည်။ သမီး ငယ်လေး ဝိုင်းအုံချစ် မွေးလာပြန်တော့လည်း ဒေါ်မြတ်နိုးခင် မှာ ဝိုင်းအုံကို သည်းသည်းလှုပ် လက်ဆွဲပုံးလေးပမာ။ နံနက် အိပ်ယာထ၍ မျက်နှာသစ် ထမင်းဝိုင်းဝင်လျှင်ပဲ

"မင်္ဂလာပါ ဘွားဘွား၊ မင်္ဂလာပါဖေဖေ၊ မင်္ဂလာပါ မေမေ" မြန်မာလို အားလုံး နှုတ်ဆက်ပြီးမှ ထိုင်ရ၏။ ပိုးက မာမီလို့ ဒေါ်မြတ်နိုးခင်ကို ခေါ်သလို ဝိုင်းအုံက ပိုးကို မာမီလို့ ပိုးကို



www.burmeseclassic.com

www.burmeseclassic.com

အခေါ် မခံရ၊ ဝိုင်းအုံလေးက မိန်းကလေးဖြစ်၍ တင်းကြပ်သော အနားသတ်ခြင်းဖြင့် ပုံစံချခံရ၏။ မြန်မာပြည်ကို အလွန်ချစ်ခဲ့သော မြန်မာပြည်ကို သံယောဇဉ်ကြီးရှာသော ဒေါ်မြတ်နိုးခင်ယခုလို ဩစတြေးလျနိုင်ငံသို့ ရောက်ရှိကာ မြန်မာပြည်လွမ်းနာဖြင့် မပြန်ရရှာတိုင်း ဦးသော်ကို အပြစ်တင်လျက်နှင့်။

သင်းနဲ့ လိုက်လာလို့သာ ငါ့သမီးလေးတွေ၊ ငါ့မြေးလေးတွေ မြန်မာပြည် မပြန်ရသေးတာ၊ ငါသွားချင်လိုက်တာလို့ အကြိမ်ကြိမ်တလျက် မြေးဖြစ်သူ ဝိုင်းအုံအား မြန်မာပြည်အကြောင်း ပုံတိုပတ်စ အပ်ကြောင်းထပ်ကာ ဆုံးမရင်း နားစွဲအောင် သံယောဇဉ်ကြီး ရစ်ပတ်အောင် ချည်နှောင်ပေးခဲ့သည်။ သူမ မသေခင် ခရစ်တော်တွင်အိပ်ပျော်လျှင် မြန်မာပြည်သို့ သူ့ အရိုးပြာအိုးအား ပို့ဆောင်ပေးရန်ကအစ သမီးဖြစ်သူ ပိုးတို့မိသားစုလေးနှင့် မြန်မာပြည် ပြန်လည်ဆုံတွေ့ရန် လမ်းကြောင်းလေးတစ်ကြောင်းကို ခင်းခွင့်ရအောင်လည်း ခင်းခဲ့စေ၏။



# အပိုင်း ( ၂၁ )

www.burmeseclassic.com

www.burmeseclassic.com

## "မိခင်ဆန္ဒ အံပြည့်အဝ"

ဒေါ်ပိုးပိုး စီးလာသော ကားလေးသည် မုံရွာမြို့သို့ နေ့လယ်ခင်းပိုင်းတွင် ရောက်ရှိလာခဲ့သည်။

"မမပိုး မုံရွာဝင်ပြီလေ၊ မမပိုးရဲ့ မြန်မာပြည်ပထမဆုံး ခရီးစဉ်ပေါ့နော်၊ မာမီသိရင် ဝမ်းသာရှာမှာနော်"

ပိုးကိုဖက်ကာ ငိုရင်း လာကြိုသော သဇင်က ပြောလိုက်သည်။

ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံသို့ ပထမအကြိမ်ရောက်ရှိခဲ့သော ဒေါ်ပိုးပိုး၏ နှစ်ပတ်သော နေထိုင်ခွင့်လေးအတွင်း ဒေါ်ပိုးပိုးတစ်ယောက် မိခင်ဖြစ်သူ ဒေါ်မြတ်နိုးခင်၏ နောက်ဆုံးဆန္ဒများအရ သူမ၏အရိုးပြာအိုးလေးအား သူမ ချစ်သော မြန်မာပြည်ရှိ မွေးဖွားရာဇာတိမြို့လေး ချောင်းဦး မြို့လေးတွင် မြှုပ်နှံခဲ့ရာသို့ သွားရောက်စီမံ၍ သုံးရက်ခန့် အချိန် ကုန်ကာနေခဲ့၏။





ချောင်းဦးမြို့လေးမှ ဆွေမျိုးများနှင့် မရှိဆင်းရဲသော ချို့တဲ့သော သူအချို့အားလည်း ပေးကမ်းလှူဒါန်းထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် မိခင် ဒေါ်မြတ်နိုးခင် နောက်ဆုံး နေထိုင်ခဲ့ရာ မုံရွာမြို့မှ မိတ်ဆွေမိသားစုအိမ်လေးတွင် ပြန်လည်နားခိုခဲ့သည်။

မြန်မာမှန်လျှင် ပုဂံရောက်ဆိုခဲ့သည့် မိခင် ပြောဖူးခဲ့သော စကားအတိုင်း ယခင်ကနှင့်မတူအောင် ပြုပြင်မှုများဖြင့် လှပကာ ကျက်သရေဆောင် ရွှေရောင်ဝင်းလက်မှုတို့ဖြင့် ပုဂံနယ်မြေတစ်ဝိုက်သို့လည်း ရောက်ရှိခဲ့၏။

ရရှိခဲ့သော အချိန်တိုရက်လေးအတွင်းမှာ သူမ ချစ်သော မိခင်ဒေါ်မြတ်နိုးခင်ကဲ့သို့ ယခင်ကလို ခဏ ခဏ မလာနိုင်၊ လာဖူးခြင်း လုံးဝ မရှိခဲ့သော၊ ပိုး နောင်ကို အမြဲလာဖို့ ဆုံးဖြတ်ထားသော ကြေညာမှုကို မာမီချစ်သော မိသားစု ဆွေမျိုးများကြားတွင် ကြေညာရင်း ပြန်လာခဲ့၏။

ပိုး ဩစတြေးလျ ပြန်ရောက်တော့ ပိုးလှုပ်ရှားခဲ့သမျှ မြန်မာပြည်ရဲ့ လှုပ်ရှားမှု အသေးစိတ်ကို ဗွီဒီယိုဖြင့် မှတ်တမ်းတင်ခြင်းမှန်သမျှ မောင့်ကို ဗွီဒီယိုခွေဖွင့်ပြရင်း ရှင်းပြခဲ့သည်။ ဒေါ်မြတ်နိုးခင် ဆန္ဒအားလုံးအတိုင်း ပိုးလုပ်ခဲ့သမျှကို

"ပိုး နောက်နှစ်ဆိုလည်း သွားပါလား။ မောင် လိုက်ချင်တာ ပိုးရယ် . . . ခုတော့ မောင်က ဒုက္ခိတ လာဖြစ်နေသလိုပဲ"

"အို မောင်ရယ် . . . ဘာတွေ လျှောက်ပြောနေတာပဲ၊ မပြောကောင်းတာတွေ၊ မောင့်မှာ နှလုံးရောဂါက ခရီးရှည် ထွက်



www.burmeseclassic.com

www.burmeseclassic.com

လို့မရတာမို့ပါ မောင်ရယ်၊ နောင်ကျတော့ မောင်သွားပေါ့"

"ပိုး ဟိုမှာ နည်းနည်းပျော်သွားမှာပေါ့နော်. . . မောင်လည်း အရင်လို ကူးသန်းနေချင်တာကွာ၊ ဒီအခွေတွေ ကြည့်ပြီး မောင့်မိဘတွေ မရှိတော့တဲ့ သူတို့တွေကိုလည်း တမ်းတ မြန်မာပြည်လည်း လွမ်းတာ ပိုးရယ်. . . အပြီး ပြန်ရရင် ကောင်းမှာကွာနော် ပိုး၊ မောင်တော့ မာမီလို ခံစားနေရပြီ ပိုးရယ်"

"ပိုး နောက်နှစ်ကိုလည်း သွားနော်၊ မောင့်ကိုယ်စား မာမီတို့အတွက် မီးထွန်းပွဲ သွားရင်းလေ၊ သွားပေးနော်ပိုး. . . ပိုးမှာ ဘယ်လောက်ပဲ အတိတ်က နာကျည်းမှုတွေ ရှိပါစေ၊ မြန်မာပြည် တဒင်္ဂခရီးလေးမှာ ပိုးပျော်တော့ ပျော်ခဲ့မှာပါ"

"ဘယ်လိုကြီး ခံစားရမှန်းတော့ မသိပါဘူး မောင်ရယ်. . . ထူးဆန်းတဲ့ သွက်လက်မှုတွေတော့ ဖြစ်ခဲ့တယ်" လို့ ပိုးက မောင့်ကို ပြန်ပြောတဲ့အခါ

"ရည်းစားဟောင်းတွေရော မတွေ့ခဲ့ဘူးလား" လို့မောင်က အရွှန်းဖောက်မေးလိုက်သည့် စကားကြောင့်

"မောင်နော်. . . ဒါ စ စရာ မဟုတ်ဘူး" လို့ ပြောခဲ့၏။

ပိုးရိုက်လာတဲ့ ဗွီဒီယိုခွေတွေကို နေဇင်လတ်က မပျင်းမရိ ထိုင်ကြည့်ရင်း လာသမျှ ဧည့်သည်များကို မြန်မာပြည်အလွမ်း ပြေဟု ဖွင့်ပြတတ်သည်။

နေဇင်လတ်ကိုတော့ ဖိုးခ. . . သားကြီးတွယ်တာခ အိမ်တွင် အကြောက်ဆုံးဖြစ်၏။

"ဖိုးခ"





"လာပြီ ဒယ်ဒီ"

"ဝိုင်းအုံရော. . ."

"ညီမလေး ပန်းခြံထဲမှာ"

"ခေါ်လိုက် ဒီမှာ မိသားစုအားလပ်ရက်လေးမှာ ဆုံရတာ၊ မင်းမာမီ ရိုက်လာတဲ့ မြန်မာပြည်က ဗွီဒီယိုခွေ ကြည့်ရအောင်လို့ ဒယ်ဒီခေါ်နေတယ်လို့၊ သွားခေါ်"

"သူ့ဘာသာသူ လွတ်လွတ်လပ်လပ် နေပါစေ ဒယ်ဒီရယ်"

"ဟိတ်ကောင်. . . ငါ့မင်းအဖေ. . . ငါ သူများမိသားစုတွေလို နေချင်သလို နေဖို့ လွတ်လပ်ခွင့် နေရာတကာ ငါမပေးနိုင်ဘူး၊ အထူးသဖြင့် ငါ့သမီးလေး ဝိုင်းအုံ၊ မိန်းကလေး မင်းနဲ့မ ငါ့စည်းကမ်းတွေ မင်းအဘွား မင်းအမေအပေါ် ထိန်းသိမ်းခဲ့တဲ့ စည်းကမ်းတွေထက် ငါ တင်းတယ်။ ငါ့မိသားစု စည်းကမ်း မင်းလည်း နားထောင်ရမယ်၊ မြန်မာစကား သိပ်မကျွမ်းကျင်တဲ့ ဟိုကောင် ချစ်ကိုပိုတောင် မင်းအဘွားမရှိတဲ့နောက် ငါ့စကား အားလုံး နားထောင်သေးတာ၊ မင်း ဘာလို့ နားမထောင်နိုင်ရမလဲ ပြောစမ်း"

"ဒယ်ဒီ့ စည်းကမ်းက ကြပ်တယ်"

"ဒါ မင်းတို့အတွက်၊ ငါ့အတွက် မဟုတ်ဘူး၊ ငါ ကြပ်တာ၊ မင်းတို့ရဲ့ မျိုးဆက်တွေ၊ ငါ့နောက်မျိုးဆက်တွေအထိ ကြပ်တာ၊ မင်းမနေနိုင်ရင် မင်းရဲ့လွတ်လပ်ခြင်းအဘိဓမ္မာယူသွား ရတယ်၊ ငါ့အိမ်မှာတော့ မရှိစေရဘူးနော်"

"သွားခေါ် ဝိုင်းအုံကို. . . လှမ်းခေါ်"

"အုံရေ. . . ဒယ်ဒီခေါ်နေတယ် လာဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခ သူ့ဒယ်ဒီ နေဇင်လတ်ကို ကြောက်ရွံ့စွာ ဧည့်ခန်းတွင် ထိုင်ကာ လှမ်းကြည့်ရင်း ဝိုင်းအုံကို ပါးစပ်မှလည်း လှမ်းအော်လျက်နှင့်။

"ဝိုင်းအုံ လာထိုင်၊ ဒယ်ဒီဆုံးမတာတွေ ကြားတယ်နော်"

"ဟုတ် ဒယ်ဒီ"

"ညည်း ဘွားဘွားကို ချစ်တယ်မို့လား၊ ဘွားဘွားမရှိတဲ့နောက် တိတ်ဆိတ်သွားတဲ့ ဘွားဘွားဆုံးမခြင်း စကားသံတွေ ညည်း ဘယ်လိုထင်လဲ"

"ပြောလေ. . . ဝိုင်းအုံ ဘယ်လိုထင်လဲ ပြော"

"အုံ မဖြေတတ်ဘူး ဒယ်ဒီ၊ ဘွားဘွားမရှိတော့ဘူးဆိုတော့ အုံ အနေအထိုင်မကြပ်ဘူးဆိုပြီး သွားချင်ရာ နည်းနည်းသွားတယ်"

"အေး. . . ဒယ်ဒီ သိချင်တာ ဒါပဲ အုံ"

"အုံမှာ အထိန်းမရှိရင် စိတ်က နည်းနည်းအတင့်ရဲတယ်။ ဟိုကောင် ဖိုးခ သိပ်ကြိုက်တဲ့ (Free Style) လွတ်လပ်ခြင်းနော်၊ အဲသလိုနဲ့ တိုင်းပြည်ဆိုတာနဲ့ လူမျိုးဆိုတာ၊ သိပ် နေရာတကာ လွတ်လပ်ခြင်းတွေနဲ့ နေခွင့်ရရင် ဘယ်လိုနေမလဲ၊ အားလုံး အတင့်ရဲလာတယ်။ လူ့ဘောင်စည်းကမ်းနဲ့ ဂါရဝတရား၊ မိဘ စကားနားမဝင်ရင် လူနေမှုအဆင့်အတန်း အသုံးအဆောင် ပစ္စည်းတွေ ဘယ်လောက် တိုးတက်ပါစေ အုံ ယဉ်ကျေးမှုဆိုတာ ဘယ်မှာမှ ရှာတွေ့မှာမဟုတ်ဘူး သမီး၊ သမီး ရှာကြည့်. . . သမီးတို့ နေထိုင်တဲ့ ဒယ်ဒီရဲ့အရိပ်အောက်က လက္ခဏာမျိုး





ဒီဩစတြေးလျမှာရှိတဲ့ မြန်မာအသိုင်းအဝိုင်းက အိမ်တွေ ဘယ်မှာလဲ ရှိလား အုံ"

"အုံထားတဲ့ ဆံပင်ရှည်ရှည်၊ အုံဝတ်တဲ့ အဝတ်အစား အားလုံး မြန်မာပြည်မှာ တွေ့နိုင်တယ်။ အုံလို သမီးပျို မြန်မာမလေးကို ဒယ်ဒီ ဒီစကားတွေ ပြောတာ အုံ့အဘွား မာမီ မရှိတော့လို့ ပြောရတာ၊ အုံ့မာမီ ပိုးက သမီးအဘွားလို နားလည်အောင် တစ်လုံးချင်း နားမသွင်းတတ်ဘူးအုံ. . . မှတ်ထားပါ၊ သမီးစိတ်ထဲမှာ အမြဲ စွဲမှတ်ထားပါ၊ တို့မြန်မာမိန်းမ အမျိုးသမီးဆိုတာ အပျိုစင်ဘဝမှာ ဘယ်ယောကျ်ားပျိုကိုမှ လွတ်လပ်စွာ သိက္ခာမဲ့ တွဲသွားတွဲလာ နေချင်သလိုနေ၊ ဘယ်ခေတ် ဘယ်ကာလမှာမှ မရှိခဲ့ဘူးဆိုတာပဲ၊ သမီးကို မာမီမရှိခင် ဒယ်ဒီ ဆူတာမျိုး နောင်ဘယ်တော့မှ မဖြစ်စေပါနဲ့၊ အကယ်၍ အုံ အိမ်ထောင်ပြုမယ်ဆိုရင်လည်း ဒယ်ဒီ့ကို မပြောရဲရင် သမီး မာမီကို ပြောပါ။ သမီး ရွေးချယ်မယ့်သူ ဒယ်ဒီ သိချင်တယ်၊ တွေ့ချင်တယ်၊ လက်မထပ်ဘဲ တွဲသွားတွဲလာဆိုတဲ့ အပြုအမူမျိုးတော့ ဘယ်တော့မှ မဖြစ်ပါစေနဲ့အုံ၊ အတူမနေပါနဲ့၊ ဒယ်ဒီတို့ မြန်မာပြည်မှာဆို နားနဲ့တောင် မအပ်စပ်တဲ့အရာ မိဘဘိုးဘွား စဉ်ဆက် လက်မခံတဲ့ကိစ္စပါ။ လှပယဉ်ကျေးပြီး ချစ်စရာဓလေ့တွေနဲ့ မြန်မာတွေရဲ့ ရိုးရာအမွေတွေ အုံတို့လို သမီးလေးဆီမှာ ရှိတဲ့ မြန်မာမလေးရဲ့ အလှတရားတွေ ဆက်ထိန်းသိမ်းပါအုံ၊ သမီးကို ဒယ်ဒီ ယုံကြည်တယ် မပြောပေမယ့်၊ ယုံလိုက်ချင်ပါတယ်လို့ ပြောပါရစေ"

"သမီး မာမီ. . . ပိုးကို ဒယ်ဒီ့ကွယ်ရာမှာ မရှင်းတာရှိ

www.burmeseclassic.com



မြန်မာပြည်သွားချင်တဲ့စိတ်လေးတွေ ပေါ်လာတာ၊ သူတို့လိုက်ချင်တဲ့ ဆန္ဒရှိလာတယ်ဆိုတာလည်း ပထမဆုံး မာမီ့ကျေးဇူးပေါ့၊ မာမီဆန္ဒတွေအရ ပိုးလုပ်ခဲ့သမျှတွေ အမှတ်တရအဖြစ် နေရာတိုင်းမှတ်တမ်းတင်ခဲ့တော့ အခုလို အကျိုးကျေးဇူးရတာ ပိုးကြောင့်လည်းပါတယ် သိလား"

ဒေါ်ပိုးပိုး သူမ၏ယောက်ျားနေဇင်လတ်၏ သားသမီးများအား ဆုံးမခြင်းကို ကြည့်ကာ မိခင်ဖြစ်သူ ဒေါ်မြတ်နိုးခင်တစ်ယောက် သူမအပေါ် နားဝင်အောင် ဖျောင်းဖျဆုံးမမှုနှင့်ပတ်သက်၍ ချက်ချင်းသတိရမိကာ နောင်တများနှင့် မျက်ရည်အဝိုင်းသား မိခင်ကို စိတ်ထဲမှကြိတ်၍ တမ်းတ ရင်ထဲမှာလည်းတစို့စို့ဖြစ်လာသဖြင့် တံတွေးကို မျိုချကာ အံလေးတင်းကြိတ်လိုက်ကာ ဂဏာမငြိမ် မျက်တောင်တခတ်ခတ်။

နေဇင်လတ်က ပိုးအဖြစ်ကို ရိပ်မိကာ

"ဘယ်လိုလဲ ဒေါ်ပိုးပိုး၊ ခင်ဗျားတုန်းကဆို သူတို့နဲ့ ဘယ်လိုကွာလဲလို့" ကလေးတွေ မကြားအောင် ဖေ့မေးလာ၏။

"မာမီ့ကို သတိရလိုက်တာ မောင်ရယ်"

"ပိုးက မအေစိတ်ဆင်းရဲအောင် လုပ်ခဲ့လို့၊ ဖိုးခလည်း အခုလို အပြောရကြပ်၊ ဂျစ်ကပ်ကပ်နဲ့ မောင်နဲ့ပိုး ဝင်ရှုလည်တာ သိလား"

"ပိုး အခုလို တိုက်ဆိုင်မှုတွေ တွေ့ခလေ မာမီ့ကို သတိရလေပေါ့၊ မိဘကျေးဇူးဆိုတာ ဒါပဲပိုး၊ နောင်မှ နောင်တမရဖို့ မောင်ဆုံးမနေတာ၊ ဒါပဲပေါ့ သူတို့ကို တင်းတာလည်း စည်းကမ်းနဲ့





မေးပါ၊ ထပ်မေးပါ"

"ပိုးရေ. . . မင်းရဲ့မြန်မာပြည်အခွေ ပြကွာ၊ ပြီးရင် သားနဲ့သမီးရော မောင်ရော စားဖို့ အားလုံးတစ်ခုခု စီစဉ်လိုက်ဦး"

"ဖိုးခ သေသေချာချာကြည့်စမ်း၊ မြန်မာလူမျိုးတွေရဲ့ အပြုံးတွေ မျက်ဝန်းတွေ သေချာကြည့်စမ်း ဘာမြင်လဲ"

"ရယ်နေတာပဲ သားတော့မြင်တယ်"

"ဘုံးပေါ့ကွာ. . . အုံရော ဘာမြင်လဲ"

"အုံကတော့ သူတို့အပြုံးတွေ မျက်ဝန်းတွေပေါ့နော်၊ ကြယ်လေးတွေလို အရောင်လက်နေတာပဲ"

"တော်တယ်. . . ဒါမှ ဒယ်ဒီ့သမီးဟုတ်တယ်၊ အဲဒီမျက်ဝန်းတွေ ရိုးစင်းတဲ့ အရယ်အပြုံးတွေ ရှာကြည့် ဘယ်နိုင်ငံမှာတွေ့နိုင်မှာလဲ၊ ဘယ်လူမျိုးနဲ့ နှိုင်းကြည့်နိုင်မလား၊ ယှဉ်ကြည့်အုံ"

"အုံ ဗွီဒီယိုထဲက နေရာတွေ ရောက်ဖူးချင်ပြီ ဒယ်ဒီ"

"အေး ဒယ်ဒီလိုချင်တာ ဒါပဲအုံ၊ ဟိုကောင် ဖိုးခ တွယ်တာခ ဒီကောင်သာ"

"ဒီသားအဖက အတိုင်အဖောက်ညီလို့ ကျွန်မသားလေး ဖိုးခသာ ရှင့်မယ် ကြည့်မရဖြစ်နေတာ"

"ပိုးရယ် မောင်က ဖိုးခကို မြန်မာပြည်ကို ချစ်စေချင်တာ၊ ကလေးတွေ ဆုံးမနေတာ ကြားက ဝင်မပြောချင်ပါနဲ့၊ မာမီသာရှိရင် သူတို့အရွယ်ရောက်လာချိန်ထိ အခုလို တင်းရင် ပိုဝမ်းသာမှာ။ ပိုးအခုလို ဗွီဒီယိုခွေတွေ ရိုက်လာလို့ မြန်မာပြည်ရဲ့တိုးတက်မှုတွေ စည်ကားမှုတွေအားလုံး သူတို့မြင်ပြီး သူတို့



www.burmeseclassic.com

www.burmeseclassic.com

နေဖို့ပဲ ပိုးရဲ့၊ မောင် သူတို့ကို လုပ်ကိုင်ရှာကျွေးလို့ စုဆောင်းရတဲ့ ဥစ္စာအမွေထက် များစွာတန်ဘိုးကြီးတဲ့ အသိအမွေ မောင်ပေးနိုင်သလို သူတို့ယူနိုင်ရမယ်လေ။ ပိုး စဉ်းစားကြည့်၊ ဘယ်မိဘမဆို ဥစ္စာအမွေသာ အားလုံးသော သားသမီးများကို မဖြစ်မနေ လုပ်ပေးတဲ့အမွေ၊ အဲဒီအမွေ ခိုင်မြဲ မမြဲဆိုတာ သူတို့ကံပဲ အဲဒီမှာ သူတို့အသိမရှိရင် အသိအမွေကမှ မေတ္တာစစ်နဲ့ ပိုးနဲ့မောင်ပေးမယ့်အမွေကမှ မြဲခိုင်နိုင်တာ ပိုး နားလည်ပေးပါ။ မောင် သူတို့ကို ဆူပူနေလိုက်တာလို့ ပိုးအထင်မလွဲနဲ့၊ မောင်တို့မျက်ကွယ်ပြုသွားရင်တောင် သူတို့မှာရှိတဲ့ အသိလေးတွေနဲ့ နေထိုင်သွားလာ ကြိုးစားမှာ၊ သူတို့ ဘယ်တော့မှ ဗွေမဖောက်နိုင်ဘူး ပိုး၊ မောင် ကြုံတိုင်းပြောနေမှာ၊ မောင် ယုံတယ်၊ အာမခံတယ်" လို့ နေဇင်လတ်က ပိုးကို ကလေးတွေအား ဆုံးမခြင်းကို မျက်နှာမပျက်ရန် မိန်းမဖြစ်သူ ပိုးအားလည်း ချော့ကာမော့ကာနှင့်၊



# အပိုင်း ( ၂၂ )

www.burmeseclassic.com

www.burmeseclassic.com

## "မြန်မာပြည်တစ်ခေါက် ဒုတိယအကြိမ်ရောက်"

ဒုတိယအကြိမ် မြန်မာပြည်ခရီးစဉ်မှာ ပိုးရဲ့မောင် တယ်လီဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်စွာ မြန်မာပြည်က မိတ်ဆွေတွေဆီမှာ သွားရေးလာရေး လွယ်ကူဖို့ ပူပင်စွာ မှာလေသည်။ မာမီ့အုတ်ဂူလေးမှာလည်း ပိုးရောက်နေစဉ် မီးထွန်းပွဲရက်မှာ မီးထွန်းကန်တော့ဖို့ အတာန်တန် မမေ့ရန် မောင့်မှာ မမောနိုင်အောင် စကားတွေ ခြွေမဆုံး။

မောင် သွားချင်တာ မဖြစ်နိုင်လို့ ပိုးကို လွှတ်ရတာ၊ မောင့်ကိုယ်စား သွားပေးနော်လို့ ကလေးလို ပူဆာ၏။ အမြဲတမ်းပိုးကလည်း အနိုင်ယူခဲ့တဲ့ မောင့်ကို ပိုးလည်း မြန်မာပြည်ချစ်တဲ့စိတ်နဲ့ ခေါင်းညိတ်ကာပေါ့။ ပိုးမုန်းခဲ့တာ မြန်မာပြည်မှ မဟုတ်တာဆိုတာ ပိုး ပထမအခေါက်မှာ ဝေခွဲရသွားပြီပဲလေ။

ပိုး ဒုတိယအကြိမ် မြန်မာပြည် တောင်ကြီးခရီးစဉ်



အင်းလေးခရီးစဉ်တို့ကို သွားခဲ့သည်။ အင်းလေးရေပြင်မှာ ဇင်ယော်တွေ အစာကျွေးလို့ ပိုးပျော်မဆုံးပေါ့မောင် လို့ဆိုကာ ဗွီဒီယိုခွေတွေလည်း မောင်မှာသလို တစ်ခွေပြီးတစ်ခွေ ရိုက်တာပေါ့"

မောင်က ပိုးတည်းတဲ့ မုံရွာက မိတ်ဆွေအိမ်နှင့် ပိုး ခရီးမှန်သမျှကို ဖုန်းနှင့် အမြဲ စုံစမ်းခဲ့သည်။ ပိုးကလည်း အခုဘယ်ရောက်နေပြီမောင်၊ ဒါက ဘယ်ဟော်တယ်မှာ ပိုးနားနေတာ၊ ဒါက ဘယ်မြို့ကလေ၊ မန္တလေးယူနတီဟော်တယ်ပေါ့။ ပိုးက စိတ်ပူခြင်း သန္တေတွေနဲ့ ဒွန်တွဲစွာ မွေးဖွားလာတဲ့ မောင့်ကိုကျေနပ်အောင် ဖုန်းထဲက ရှင်းပြ။

မောင်ရေ ဧည့်သည်တွေ လာနေပြီ ဘိုင့်ဘိုင်ဆိုပြီး ဖုန်းချကာ ပိုးဧည့်သည်တွေကိုလည်း ပစ်မထားရက်ဘဲ မောင်ဘက်ကိုလည်း နားလည်စွာ ဖုန်းကို နှစ်ဦးသားမချချင် ချချင်နဲ့ပေါ့။

ဒီ ဒုတိယအခေါက်မှာ မောင်နဲ့ပိုးကြားက ချစ်ကြိုးတွေတင်းတင်းရှိခဲ့ပေမယ့် မောင်ရယ်. . . ပိုးအတွက် ဒဏ်ရာဟောင်းပြန်ပေါ်လာတယ်။ အမျိုးတွေနဲ့ စကားလက်ဆုံကြနေတဲ့ ပိုးဆီကို 'ဧည့်သည်လာပါတယ် ခင်ဗျာ၊ 103 ကလား၊ ဧည့်ခန်းမှာထိုင်စောင့်နေတဲ့ အမျိုးသားဧည့်က ဖြစ်နိုင်ရင် 103 က ဒေါ်ဒေါ်ပိုးကို လာတွေ့ခိုင်းနေပါတယ်'တဲ့ (ဧည့်ကြိုကောင်တာ) က ဖုန်းပြောလာခဲ့၏။

"ဒေါ်ပိုးပိုး ကျွန်တော့်ကို မှတ်မိလားတဲ့"

နားထဲမှာ အရင်လို သာယာနစ်မြောခြင်းမရှိပေမယ့် အမြဲမှတ်မိလွယ်တဲ့ အသံရှင်နဲ့ ပိုးနှလုံးသားကို ဖွဲ့ယူသွားနိုင်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က အပြုံးပိုင်ရှင်ပေါ့ မောင်။

"မမှတ်မိနိုင်စရာ မရှိသလို၊ တမ်းတစရာလည်း မရှိခဲ့တော့ပါဘူး"

ပိုးစကားကို ဖြည်းညင်းစွာနဲ့ ခန္ဓာကိုယ်တစ်ခုလုံးရဲ့ လှုပ်ရှားမှုသင်္ကေတတချို့ကို ယိမ်းယိုင်မှုမရှိအောင် ထိန်းချုပ် ခြင်းတွေနဲ့ အတူ။

"ဒေါ်ပိုးပိုးလာတာ ကျွန်တော် ကြားလို့ (Respect) လာပေးတာပါ၊ တိုင်ဆိုင်တယ်ဗျာ၊ ကျွန်တော်ရောက်နှင့်တာလည်း ငါးရက်ပဲ ရှိသေးတာ"

"ကျွန်တော် အေးအေးဆေးဆေး စကားပြောခွင့်ရချင်ပါတယ်။ ဖြစ်နိုင်ရင် ခွင့်ပြုနိုင်မလား"

"အစိမ်းရောင်ကန့်လန့်ကာ ချပြီးဖြစ်ခဲ့တဲ့ ကျွန်မရဲ့ အတိတ်ပြတင်းပေါက်ကို ဖွင့်ကြည့်ဖို့ ကြိုးစားခြင်းကလွဲရင် ကျန်တာ ကျွန်မ ခွင့်ပြုနိုင်ပါတယ် ဦးမင်းညိုခန့်၊ ပြီးတော့ ကျွန်မကိုယ်တိုင် တမင်တကာ ပိတ်ခဲ့တဲ့ အဲဒီ အတိတ်ပြတင်းပေါက်ကနေ မြင်ရမယ့် ပြောင်းလဲစွာ လှုပနေမယ့် ဘယ်ရှုခင်းပဲဖြစ်ဖြစ် ကျွန်မ မကြည့်ချင်လို့ ပိတ်ခဲ့တယ်ဆိုတာ ရှင် မှတ်လိုက်ပါ"

ရှေ့ဆက်စရာ မရှိနိုင်အောင် စကားတွေနဲ့အတူ ပိုး··· သူ့ခြေလှမ်းတွေ လှည့်ပြန်ရန် စကားပိတ်ခြွေလိုက်သည်။

"ပိုးကို ကျွန်တော် မြတ်နိုးစွာ ချစ်ခဲ့တာပါ ပိုးရယ်··· ယုံပါ။ တစ်သက်လုံး မမေ့နိုင်တဲ့ အချစ်မျိုးနဲ့ပေါ့"

အိုး··· ဘုရားသခင် ကယ်တော်မူပါ၊ ကျွန်မ မျက်လုံးပြူး





သွားတယ် မောင်ရေ၊ ကျွန်မလို ကလေးနှစ်ယောက်နဲ့ ခင်ပွန်းယောက်ျားရှိသူ ရှေ့မှာ ကျွန်မစိတ်ထဲက မခံချင်တဲ့ဆန္ဒကို နှုတ်ခမ်းသားတွေက တွေးညွှတ်တဲ့နိမိတ် မဲ့ပြုံးကို ပုံစံချလို့ ပြုံးရင်း ဆက်ပြောပါဦး ဦးမင်းညိုခန့်လို့ တောင်းဆိုလိုက်တယ် မောင်။

"မရွဲ့ပါနဲ့ ဒေါ်ပိုးပိုး၊ ကျွန်တော် တကယ်ခံစားခဲ့ရတာပါ။ ဒေါ်ဒေါ်ခင် ပိုးကို ရန်ကုန်မှာ ကျောင်းထားချိန်မှာ လာတွေ့တယ်၊ ယဉ်ကျေးစွာပါပဲ၊ အဲဒီ ယဉ်ကျေးမှု အမူအရာတွေနဲ့ ကျွန်တော့်ရိုးသားခြင်းအပေါ်မှာ လျှာတစ်ဖက်စောင်းခြင်း မသိသာတဲ့ ကြိုတင်မှုနဲ့ ပိုးဆိုတဲ့ ကျွန်တော့်နှလုံးသားလေး ခိုးယူခံလိုက်ရတာပါပဲ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ လက်ထပ်စာချုပ်ကို ချော့ပြီးသိမ်းယူခဲ့တယ်။ ပိုးဆယ်တန်းဖြေပြီးရင် ဘုရားကျောင်း လက်ထပ်ခြင်း (Church Wedding) နဲ့ပဲ တင့်တင့်တောင့်တောင့် လက်ထပ်ပေးမယ့်အကြောင်း မလိုအပ်တဲ့ အဲဒီ တရားမဝင် လက်ထပ်စာချုပ်လေးကို သူ့ကိုပေးလိုက်ရန်နဲ့ ကျွန်တော်လည်း ကျောင်းမှာ ပိုးကို ဆယ်တန်းအောင်စေချင်ရင် သွားမတွေ့ဖို့ပေါ့။ ကျွန်တော် ဒေါ်ဒေါ်ခင်ကိုတော့ ချီးကျူးလေးစားပါတယ်။ သမီးတစ်ယောက် မအေဘဝမှာ အပျံသင်ငှက်လိုအရွယ်ငယ် သမီးကို ပိရိသေသပ်တဲ့ လှည့်ကွက်တွေနဲ့ ကျွန်တော့်ရင်ထဲက ဆွဲထုတ်ပြန်ယူသွားနိုင်တဲ့ အရည်အချင်းကောင်းကိုပေါ့။

ရိုးသားတတ်တဲ့ ကျွန်တော့်ရဲ့စိတ် လူတကာအပေါ်မှာ ယုံကြည်လွယ်တဲ့ ကျွန်တော့်ရဲ့စိတ်တွေဟာ ကျွန်တော့်ဘဝ တစ်ခုလုံးကို နောင်တရစေခဲ့တဲ့ နောင်တရခြင်းတွေနဲ့သာ ပေးပို့



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ခတ်ခံရတာ ယနေ့အထိပဲ ဆိုပါတော့ဗျာ။

ပိုးတို့ နိုင်ငံခြားထွက်မယ့်အချိန်မှာ ကျွန်တော်ကလောကို ရောက်နေချိန်ပေါ့။ စိတ်လေပြီး ဘဝမပျက်အောင် ပိုးနဲ့ အဝေးဆုံးနေရာမှာ ကလောက ဖေဖေမိတ်ဆွေတွေရှိရာ သစ်သီးခြံမှာ အလုပ်လုပ်ရင်း သွားနေခဲ့တယ်။ အိမ်စိုးဆီက ကြေးနန်းရချိန်မှာ ဘယ်လိုမှ ပိုးတို့ကို ရန်ကုန်လာတွေ့ဖို့ မမီဘူး ပိုး၊ ကျွန်တော် ဒီကြားထဲ အိမ်စိုးစာထဲမှာ ပိုး ဩစတြေးလျ ရောက်ရောက်ခြင်း ဟိုမှာ ဦးသော်တူနဲ့ လက်ထပ်ဖို့ ဒေါ်ဒေါ်ခင် စီစဉ်ထားကြောင်း သိလိုက်ရတယ်။ ကျွန်တော့်စိတ်နဲ့ ပိုးစိတ် ဒွန်တွဲစွာ ရှိနေတဲ့အချိန်မှာ ကျွန်တော် လွယ်လွယ်ကူကူနဲ့ မယုံကြည်ခဲ့ပါဘူး ပိုး၊ အိမ်စိုးဆီ ကဗျာတစ်ပုဒ်နဲ့ စာကြောင်း သုံးလေးကြောင်း ကြေးနန်းရိုက်ပြီး ပိုးတို့ရှိရာ လေယာဉ်ကွင်းကို လိုက်ပို့ဖို့ ကျွန်တော်နှလုံးသား ပြယုဂ်ကဗျာလေး ပိုးလက်ထဲမှာ အကြင်နာခွန်အားအဖြစ် နောက်ဆုံးကပ်ငြိခွင့်ရအောင် ကြိုးစား ပို့ခဲ့တယ်။ အဲဒီနေ့က အိမ်စိုးမိန်းမ မီးဖွားတဲ့နေ့နဲ့ တိုက်ဆိုင် နေလို့ အိမ်စိုး ချော်ကြီးဆီ ဖုန်းဆက်ပို့ခိုင်းခဲ့တယ်။ ဒါပေမဲ့ ချော်ကြီး လေယာဉ်ကွင်းရောက်ချိန်မှာ ပိုးတို့ မရှိကြတော့ဘူး လေ၊ ကောင်းကင်ပြင်မှာ လေယာဉ်တစ်ရှိန်ထိုး ဝဲချိန်ပေါ့။

ဒါ ကျွန်တော် ပိုးဆီပို့တဲ့ စာနဲ့ ကဗျာပေါ့။

အချစ်ဆုံး ကဗျာလေးလေ ပိုးရဲ့. . .





အချစ်ဆုံး

* ချစ်ခွင့်ရယ်ကြုံ
ပိုင်ကာမဆုံ
ကံရာကုန်လည်း
* ဖြူစင်သစ္စာ
ရင်မှာတွယ်လို့
ဝိညာဉ်ချုပ်ဆုံး
သံသရာမမုန်းတဲ့
(ဒီ) မှာ အချစ်ဆုံး။

ပိုး ယုံကြည့်လိုက်တဲ့ ကဗျာကတော့ တိုတိုပဲမောင်၊ သူ ပြောတဲ့ ပိုးမြန်မာပြည်ကနေ ထွက်ခွာတဲ့နေ့ (Date) လေးလည်း ပါတယ်။ ဝါကျင့်ကျင့်နွမ်းနေပြီဖြစ်တဲ့ ကဗျာစာရွက်လေးပေါ့ မောင်။

"နောက်ပြီး ပိုးကို နောက်တစ်ခု ကျွန်တော် သက်သေပြချင် တယ်။ ပိုး ဒီယွန်းဘူးလေးထဲက ခေါင်းလောင်းလေးတွေပေါ့ ပိုးတဖွဖွ ပြောခဲ့ဖူးတဲ့ ကိုကြီးနဲ့ ပိုးတို့ရဲ့ ချစ်ရိပ်မြုံအိမ်လေး အဝင်ဝမှာ ချိတ်ဆွဲချင်တယ်ဆိုတဲ့ ခေါင်းလောင်းလေးတွေလေ။ ကျွန်တော် ပိုးရဲ့စိတ်ကူးယဉ် အိမ်လေးအဝမှာ ဘယ်တော့မှ အသံလွင်လွင်လေးတွေနဲ့ ကျွန်တော်တို့ရဲ့ ချစ်ခြင်းတွေကို တန်ဆာဆင်ခွင့်မရခဲ့တဲ့ ချိတ်ဆွဲခြင်းမဲ့ ခေါင်းလောင်းလေးတွေ ပေါ့။ ပိုးနဲ့ကျွန်တော်တို့ ဘုရားကျောင်း လက်ထပ်ခြင်း ကားစွဲ လေးတွေ တပ်ဆင်ဖို့လည်း အဲဒီ ခေါင်းလောင်းတွေမှာ စာတမ်း


www.burmeseclassic.com

www.burmeseclassic.com



မဲ့ခဲ့ရပြီလေ ပိုး. . . ” တဲ့ မောင်ရယ်။

“ကျွန်တော် နောက်ဆုံး ဒီစကားတွေ ပြောချင်ခဲ့တာ ရင်ဖွင့်ချင်ခဲ့တာ စောင့်ခဲ့ရတာတွေဟာ နှစ်ပေါင်းများစွာ မျိုသိပ်ခဲ့ရတာပါ ပိုးရယ်။

“ကျေးဇူးပြုပြီး ဆက်နားထောင်ပေးပါဗျာနော် ပိုး၊ ကျွန်တော် ကလောကအပြန် မိဘတွေက ကလောက သစ်သီးခြံပိုင်ရှင် အဲဒီ ကျွန်တော်အလုပ်လုပ်တဲ့ဆီက ဖေဖေ့မိတ်ဆွေသမီး ယုနဒီနဲ့ လက်ထပ်ဖို့ အားလုံးက တိုက်တွန်းခဲ့ကြတယ်ပေါ့။ ကျွန်တော်က ပိုးဆို ပိုးမှ ဖြစ်နေချိန်မှာ ယုက နိုင်ငံခြားကို ထွက်ပြီး စီးပွားရေးကို အကြီးအကျယ် လုပ်ချင်တဲ့စိတ် ဖြစ်ပေါ်ချိန်ပေါ့၊ သူက သိပ်ကြီးကျယ်ခမ်းနားတဲ့ စီးပွားရေးလုပ်ငန်းပိုင်ရှင် ဖြစ်ချင်တဲ့သူပေါ့ဗျာ။

ယုက ကျွန်တော်နဲ့ပိုးအကြောင်းကို သိပြီးသူဆိုတော့၊ သူနဲ့ ကျွန်တော် နားလည်မှုယူလို့ မိဘတွေရှေ့မှာ စေ့စပ်ခဲ့ကြတယ်။ ကျွန်တော်အရင် နိုင်ငံခြားကိုထွက်ပြီး သူ့စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ပေးဖို့ စီးပွားရေးဈေးကွက်ရှာရင်းဆိုတဲ့ အကြောင်းပြချက်တွေနဲ့ သူ့ကိုလည်း လှမ်းခေါ်ပြီးရင်တော့ ကိုယ့်လမ်း ကိုယ်လျှောက်ပေါ့။ ကျွန်တော့်နှလုံးသားနှင့်တကွ ကျွန်တော့်ခန္ဓာတစ်ခုလုံးကို ပိုးကို ပုံပေးပြီးပြီဆိုတဲ့ ခြေချုပ်သဘောမျိုးနဲ့ ကျွန်တော့်သစ္စာကို သက်သေပြုပါရစေဆိုပြီး ယု ခွင့်ပြုချက်အရ ပိုးရဲ့အငွေ့အသက် မလွတ်ကင်းခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက် ချစ်ပန္နက်အဖြစ် စိုက်ခဲ့တဲ့ ဧကရာဇ်ပင်လေးမှာ ကျွန်တော်နဲ့ပိုး





လက်မှတ်ရေးထိုးခဲ့တဲ့နေ့ တစ်နှစ်ပြည့်နေ့လေးမှာပဲ ပိုးကိုယ်စား အဲဒီသစ်ပင်လေးနဲ့ လက်ထပ်ခြင်းကို တင့်တောင့်တင့်တယ် လုပ်ခဲ့တယ်။ ဘုန်းကြီးဝတ်လိုက်တဲ့ မိကျောင်းလည်း ကျွန်တော့်ဆန္ဒတွေအားလုံး လုပ်ပေးခဲ့တယ်။ ကျွန်တော့်ကို ပိုးနဲ့ ပတ်သက်ပြီး သိပ်ရူးသွပ်တာပဲလို့ အဲဒီနေ့က “အားလုံး စွပ်စွဲခဲ့တယ် ပိုးရယ်. . .။

ကျွန်တော် အဲဒီနေ့ကို မမေ့နိုင်ခဲ့ပါဘူး ပိုးရယ်. . . အဲဒီနေ့က ပိုးနဲ့ ကျွန်တော်ရဲ့ တကယ့်လက်ထပ်ပွဲလေး အစစ်လိုပါပဲ၊ မရှာစဖူး အရှာထူးတဲ့ မိုးဖွဲဖွဲလေးတွေက ကျွန်တော်တို့နှစ်ယောက် ချောင်းဦးမှာ သွားလက်ထပ်ခဲ့စဉ်တုန်းကလိုပဲ အပြန်မှာရွာသလို ကျွန်တော့်ရဲ့ ဒီလက်ထပ်ပွဲလေးမှာလည်း ဘုန်းတော်ကြီး ဟယ်နရီမိကျောင်းရဲ့ ကောင်းချီးပေးနေတဲ့ လက်ထပ်ပွဲလေး အတွက် သနားငဲ့ညှာခြင်းတွေနဲ့မျှား အားဖြည့်ကောင်းချီး ပေးလိုက်တာလို့ပဲ ကျွန်တော် ယုံကြည်လက်ခံမိတယ် ပိုး။

ဘုန်းတော်ကြီး ဟယ်နရီရဲ့ သနား ကြင်နာခြင်းအပြည့်နဲ့ ကူညီမှု ကရုဏာသက်ခြင်းအောက်မှာ လက်ထပ်ကျမ်းသစ္စာ မေးခွန်းကို တကယ် ထင်မှတ်ရင်း ရဲရဲ့စွာ ဖြေဆိုခဲ့မိတယ်. . . ပိုး။

ဟယ်နရီ မိကျောင်းကတော့ ‘မင်း ရူးနေပြီလား မင်းညို၊ ငါတို့လည်း ရင်နဲ့မဆန့်အောင် မင်းလို ခံစားခဲ့ရတာပါကွာ၊ ဒါပေမဲ့ အခုလို ကရုဏာတော်သက်ခြင်းနဲ့ ကူညီခဲ့ရပေမယ့် ဘုရားသခင် ဖန်ဆင်းခွင့်ရတဲ့ အချစ်ကို မင်းပိုင်ဆိုင်နိုင်ဖို့ ဆုတောင်းလိုက်ပါတယ်။ မင်း ပိုးကို ပြန်ခေါ် ချင်ပေမယ့် မင်း



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ပိုးအမေကို အောင်မြင်စွာ ရင်ဆိုင်နိုင်ပေမယ့် မင်းနဲ့ ယု စေ့စပ်ထားတဲ့ကိစ္စ၊ စေ့စပ်လက်စွပ်တွေ လဲပြီးကြတဲ့ကိစ္စ၊ မင်းတို့နှစ်ယောက်ထဲ ဩစတြေးလျကို လိုက်လာတာရော ပိုးက ယုံပါ့မလား။ ယုက အရုပ်မဟုတ်သလို၊ ပိုးကလည်း ယုံကြည်လွယ်တတ်သူ မဟုတ်ဘူး။ မင်းညို ဘုရားသခင်က မင်းတို့ ပေါင်းစပ်စေချင်ရင် မြန်မာပြည်က ပိုးမထွက်ခင်ကတည်းက ဖန်ဆင်းမှာပေါ့ မင်းညိုရာ၊ မင်းကို ငါပြောချင်တာကတော့ ယုကိုပဲ လက်ထပ်လိုက်ပါတော့လို့ ငါပြောချင်တယ်။ မင်းရဲ့ စိတ်ဖြေစရာတွေနဲ့ ဒီမှာ အဆုံးစွန်ဆုံးသော နှစ်သိမ့်ခြင်းတွေလည်း ငါ ပေးခဲ့ပြီပဲကွာ၊ မင်း ငါ့စကားကို နားထောင်ပါကွာ' တဲ့။ ကျွန်တော် အားလုံးနဲ့ အတိုက်အခံ 'မင်းတို့ပြောတာတွေ ငါ လက်ခံချင်ပေမယ့် ငါ့အနေနဲ့ လုံးဝ မဖြစ်နိုင်ဘူး။ မင်းတို့ မှတ်ထား မင်းညိုတဲ့ ပိုးရဲ့ ကိုကြီးကွ။ ပိုးကို ရအောင် ခေါ်လာပြီးရင် ဟောဒီနေရာမှာပဲ လက်ထပ်မယ်၊ ဘုရားကျောင်း လက်ထပ်ခြင်း ကြီးကျယ်ခမ်းနားအောင် လုပ်မယ်၊ မင်းတို့အားလုံး ရှေ့မှာ လုပ်ပြမယ် ကြည့်နေ၊ ရင်ထဲက သစ္စာစစ်စစ်တွေ ဖလှယ်ရင်း ငါ ပိုးကို ခေါ်ခဲ့မယ်' လို့ အနိုင်ရ စကားလုံးတွေနဲ့ ပစ်ပေါက်ခဲ့တယ် ပိုးရဲ့။

ဒါပေမဲ့ ပိုးရယ်. . . ကျွန်တော်လေ. . . ပိုးဖြစ်နိုင်ရင် နောက်ဆုံး ကူညီမှုအခွင့်အရေးတစ်ခုအနေနဲ့ မနက်ဖြန် မနက်ခင်းမှာ ပိုး မုံရွာပြန်ရင် ကျွန်တော့်ကားနဲ့ ပြန်လိုက်ခဲ့ပါ။ ပြီးတော့ ကျွန်တော်နဲ့ ပိုး ဆုံခဲ့ကြတဲ့ ကေရာဇ်ပင်ကြီးနဲ့ ချစ်ပန္နက်





နေရာလေးကို ခဏလေး. . . ခဏလေး လိုက်ခဲ့ပါ ပိုးရယ်. . . ကျွန်တော့်ရဲ့ဖိတ်ခေါ်ခြင်းကို မငြင်းလိုက်ပါနဲ့" တဲ့ မောင်၊ ကျွန်မ ဘယ်လိုလုပ်ရမလဲမောင်. . . မောင့်ဆီက ကျွန်မဆီ ညတိုင်း ဖုန်းလာရင် မောင်ရယ် ကျွန်မနဲ့ မောင့်အကြောင်းအရာ အားလုံး သိထားတဲ့ မောင့်ကို ကျွန်မ အသိဈေးယုံပေါ့။ မောင့်ဆီတ တယ်လီဖုန်းသံကို ကျွန်မရဲ့ဟိုတယ်ခန်းလေးထဲမှာ စိတ်ကယောင်ချောက်ခြားနဲ့ စောင့်ကြိုပြီး ဖွင့်ပြောယုံကလွဲလို့ ကျွန်မ မောင့်ဆီက အကြံဉာဏ်နဲ့ ခွင့်တောင်းခံယုံပေါ့ မောင်ရယ်။

မောင်က ကူညီလိုက်ပါဆိုတဲ့ စကားတစ်ခွန်း မရလျှင် ကျွန်မ ထိုလူကို လက်ခံတွေ့ဆုံဖို့ ငြင်းဆိုဖို့ ကြိုးစားမှာပါ မောင်ရယ်၊ မောင့်ရင်ထဲမှာ အခါခါတလို့ ပိုးစိတ်သန္တန်မှာ မောင်ပဲ ကိန်းအောင်းပါရစေတော့မောင်. . . အချိန်ကျော်လွန်သွားပြီဖြစ်တဲ့ တစ်ပတ်လည်ခြင်း ချစ်ဝဲဂယက်ထဲမှာ ပိုးလေ တစ်ယောက်တည်း မနစ်မြုပ်ပါရစေနဲ့တော့မောင်၊ ပိုးဘဝမှာ အညှီအဟောက်တွေနဲ့ အနံ့ဆိုး မသင်းပါရစေနဲ့နော် မောင်။

အဲဒီညက မောင့်ဆီက ဖုန်းလာတော့ ပိုးအားလုံးကို ပြောပြခွင့်တောင်းတော့ 'ပိုးရယ် ဒီအခြေအနေမှာ မောင် ပိုးကို အားလုံး ယုံကြည်ခဲ့တာပဲ။ ပိုးကို မယုံကြည်ဘူးဆိုတာ မောင့်ဘဝမှာ အစွန်းငြိမဖြစ်ခဲ့ဘူး ပိုး၊ ပိုး သူစိတ်ကျေနပ်အောင် တဒင်္ဂ လိုက်လျောလိုက်ပါ။ ဘုရားသခင်လည်း ပိုးစိတ်ကို သိပြီး ဖြစ်ပါတယ်' တဲ့လား မောင်။

စိတ်သန့်စွာနဲ့ သစ္စာကို တိုင်တည်တဲ့ပိုး မုံရွာခရီးကို



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းညိုခန့်နှင့် ဆက်သွားခဲ့သည်။

ဒီဇင်ဘာဆောင်းရဲ့ နှင်းမှုန်ဖွဲဖွဲ ဝေဝါးနေတဲ့ မြန်မာ့ဆောင်းအလှ နံနက်ခင်းမှာ နှင်းစက်ခိုခြင်းခံရတဲ့ ရွက်စိမ်းလေးတွေနဲ့ ပန်းလေးတွေတောင်မှ အချမ်းဓာတ်နဲ့ အိပ်ယာက မနိုးထနိုင်သေးဘူးမောင်. . . ပိုးကတော့ အိပ်မရတဲ့ စိတ်နဲ့အတူ ပိုးနဲ့မောင်တို့ ဩစတြေးလျမှာဆို စောစော အိပ်ယာထပြီး ကော်ဖီပူပူတစ်ခွက် ထဖျော်သောက်ပြီး သတင်းစာ ဖတ်တတ်တဲ့ အကျင့်အတိုင်းရှိတဲ့ မျက်စိအကျင့်ဆိုသလို ပိုး နိုးနေပြီမောင်ရယ်. . .။ ပိုးနာရီကို မော့ကြည့်လိုက်တော့ မောင်ရယ် ငါးနာရီတောင် မရှိသေးဘူး။ မောင်. . . ပိုးနိုးနေတာ တစ်နာရီလောက်တော့ ရှိပြီလို့ ခန့်မှန်းလိုက်တယ်။

ပိုး အိပ်ရာထ မျက်နှာသစ် စားသောက်ပြီး ဖီးလိမ်းပြင်ဆင်နေတုန်း

"ပိုး ဖီးလိမ်းပြင်ဆင်ပြီးပြီလား (Ready) ပဲလားတဲ့" ဟိုလူရောက်လာတယ် မောင်။

"ဦးမင်းညိုခန့် အစောကြီး ထလာပါလား"

"ကျွန်တော်နဲ့ပိုး ချစ်သူတွေဖြစ်ခါစ အခုလို ဆောင်းရာသီအချိန် ဘုရားကျောင်းဝင်းထဲက ဇေရာဖ်ပင်အောက်မှာ စောစောထ တွေ့ခဲ့ကြတာ မဆန်းပါဘူး ပိုး. . . ကျွန်တော့်အတွက်တော့ မဆန်းပါဘူး" တဲ့မောင်၊ "ကဲ ပိုး လူဘယ်နှစ်ယောက်ရှိလဲ၊ ကားရောပါလာပြီ စောထွက်မယ်" တဲ့။

ဆယ်ကျော်သက်အပျိုစင်လို ပိုးလိုက်မလုပ်ချင်ဘူးမောင်၊





ပိုးလေ. . . သစ္စာတရားတွေ ရင်ဝယ်ပိုက်ထားတဲ့ ပိုးပါ မောင်။

"ဘုရားကျောင်းဝင်းထဲကိုပဲ တန်းသွားမယ်နော်ပိုး" လို့ ဦးမင်းညိုခန့်က မေးလာသောအခါ

"အိုး. . .ပိုးတို့ မုံရွာအိမ်လေးမှာ ခဏ နားဦးမယ် ပြီးမှ ညနေခင်းကျ ဘုရားကျောင်းဘက် လှည့်ခဲ့မယ်လေ၊ အခု သူတို့တစ်တွေလည်း ခရီးပန်းလာကြတာ ပြန်ပို့ရဦးမှာပေါ့"

"ဟုတ်သားပဲ ကျွန်တော် လောကြီးသွားတယ် ပိုးရယ်၊ ဆောရီးနော်"

ညနေခင်းဘက် ပိုးဘုရားဝင်းထဲကို ရောက်တော့ ပိုးဟိုသစ်ပင်ဆီ သွားကြစို့နော်တဲ့၊ ပိုးလေ ရှင် ရှူးနေတာလားလို့ အားပါးတရ အဲဒီလူကို ကုန်းအော်လိုက်ချင်တယ်မောင်ရယ်. . . အဲဒီ သစ်ပင်ဆီရောက်တော့မယ်မောင်. . . ပိုးခြေလှမ်းတွေ ပိုးခန္ဓာကိုယ်တစ်ခုလုံး လူဝင်စားကလေးလေးတစ်ယောက် သူ့ရဲ့ အတိတ်ဘဝဟောင်းတစ်နေရာကို ခံစားရတဲ့ ရင်ခုန်ခြင်း၊ ဝမ်းနည်းသလိုလို မောင်ရယ် တစ်မျိုးပဲ ခံစားရတယ်။ ပိုး ခံစားနေရပြီ မောင်။

"ပိုး. . . ဒီသစ်ပင်ကြီးမှာ ရေးခြစ်ခဲ့တဲ့ ဒီရက်စွဲလေးတွေ မှတ်မိမှာပါနော်၊ ပိုးနဲ့ကိုကြီး ချောင်းဦးကအပြန် လက်မှတ်ထိုးပြီး အပြန်မှာ ပိုးက ဒီသစ်ပင်ကြီးအောက် ဝင်ချင်တယ်ဆိုလို့ မိုးဖွဲဖွဲအောက်မှာ ချော်ကြီးက နှလုံးသားပန်းကွက် စိုက်ကွာ၊ သစ်တစ်ပင်သက်သေဆိုပြီး ဇေရာဖ်ကိုင်းတစ်ကိုင်းနဲ့ သစ်ပင်စိုက်ခဲ့တာလေ။ ပြီးတော့ ကိုကြီးတို့ လက်ထပ်ရက်စွဲလေး၊ အဲဒီသစ်ပင်မှာ



www.burmeseclassic.com

www.burmeseclassic.com



စူးချွန်ချွန်နဲ့ ခြစ်ခဲ့ကြတာ ပိုးနဲ့ကိုကြီး နာမည်အတိုကောက်လေး ထိုးခဲ့ကြတာလေ ပိုးရဲ့” တဲ့။

မောင်ရေ သူ့စကားတွေထဲမှာ သူ့ကိုယ်သူ ကျွန်တော်က နေပြီး ကိုကြီး . . . ကိုကြီးဆိုတဲ့ အသုံးအနှုန်းကို ဆွေးမြေ့တဲ့ အသည်းနဲ့ သုံးသုံးနေတာ ပိုး . . . ပိုး ဘာလုပ်ရမှန်း မသိပါဘူး မောင်ရယ်။

“ကျွန်တော်နဲ့ ယု နားလည်မှုလုပ်လို့ ပိုးရှိရာ ဩစတြေးလျ ကို လိုက်လာခဲ့တယ်။ ပိုး . . . ပိုးတို့လိပ်စာ သဇင်တို့ဆီက ယူခဲ့တယ်။ ဟိုရောက်တော့ ဒေါ်ဒေါ်ခင်နဲ့တွေ့ပြီး ပိုးရဲ့သားလေး ဆိုပြီး ပြတယ်။ အိမ်ထောင်ကျသွားတဲ့ ပိုးကို မနှောင့်ယှက်ဖို့ ပဲပေါ့။ နောက်မှ သိလိုက်ရတယ် ကျွန်တော် ထပ်မံ အညာမိ တယ်ဆိုတာကိုပေါ့။ အဲဒီကလေးက ဒေါ်ဒေါ်ခင့်မွေးစားသား မှန်း အတိအကျကို သိရတယ်လေ။ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးထားတယ်ပဲထား၊ ပိုးမေးတဲ့ ဒုတိယမေးခွန်း . . . ကျွန်တော် ပိုးကို ရွဲ့လို့ ယုကို ယူတယ်။ အပြိုင်ပေါ့ဗျာ . . . ရက်စိတ်တွေ မွန်ပေမယ့် ချစ်စိတ်မှ မတူတာ ဘယ်ရမလဲ၊ ခံစားချက်က ရှိတော့ နေသေးတာပေါ့။ ပိုးပြောသလို တစ်ယောက်က သစ္စာရှိစွာ ပိုင်ဆိုင်ခြင်းကိုရမှ အချစ်စစ်မဟုတ်သလို စွန့်လွှတ်အနစ်နာ ခံခြင်း ပြယုဂ်နဲ့ သက်သေတွေ ပြနိုင်ရင် ဖြစ်တယ်ဆိုတာ ပိုးရယ် . . . ကိုကြီး . . .။

နောက်ဆုံး တတိယအဖြေမှာ သူ မဖြေနိုင်တဲ့အဆုံး ခေါင်း ကိုသာ တွင်တွင်ငုံ့နေတယ် မောင်၊ ဒါပေမဲ့ မောင် . . . သူ





ဆက်ပြောလာတဲ့ စကားတွေကြောင့် မောင်ရယ် . . .။

“ပိုးနဲ့ ကိုကြီးတို့ ချစ်စံအိမ်လေးမှာ ချိတ်ဆွဲခွင့်မရခဲ့တဲ့ ခေါင်းလောင်းလေးတွေမှာ ပိုးနဲ့ကိုနေဇင်လတ်တို့ လက်ထပ် သတင်း စုံစမ်းလို့ရတဲ့ ပိုးအကြောင်း စုံစမ်းနေကျ။ ကျွန်တော် ပိုးတို့ လက်ထပ်ရက်စွဲလေးတွေ ရေးဆွဲ ကဗ္ဗည်းတင်ခဲ့တယ်။ ပိုးနဲ့ကိုကြီး . . . လက်ထပ်ဖို့ ချောင်းဦးလက်ထပ်တုန်းကလေ ပိုးက ကိုကြီးမှာ ချွေးတွေထွက်နေတယ်ဆိုပြီး ပိုး ကိုကြီးကို ချွေးသုတ်ပေးခဲ့တဲ့ ပဝါလေးကို ပိုးဆီက ကိုကြီး အမှတ်မထင် ယူခဲ့တယ်။ ဒါကြောင့် ကိုကြီးဘဝတစ်လျှောက်လုံး ဒီပဝါက မျက်ရည်သုတ်ဖို့ ပိုးအစားရတဲ့ ဘဝအဖော် ပဝါလေးဆိုတာ ကိုကြီး နောက်မှသိခဲ့ရတယ်။ ပြီးတော့ ပိုးတို့ ဘရစ်စ္စဘိန်း (Brisbane) အိမ်လေးမှာ တစ်ခါတစ်ရံ ဖုန်းသံမြည်ပြီး အသံ မပေးခဲ့တဲ့ အသံရှင်ဟာ ကိုကြီးပဲပေါ့ ပိုးရယ် . . . ပိုးနဲ့ ကိုနေဇင်လတ် လက်ထပ်ပြီးတဲ့အချိန်မှာရော ပိုးရယ် . . . မိုက်မဲ စွာ ပိုးအသံကို တမ်းတခဲ့တဲ့ အသံရှင်ဟာ ကိုကြီးပဲပေါ့။ အခု ဒီပစ္စည်းတွေအားလုံးကို ပိုင်ရှင်ဖြစ်တဲ့ ပိုးကို အပ်နှံပါရစေ။ ကိုကြီးရဲ့ ရူးသွပ်ခဲ့ရတဲ့ မသိစိတ်တွေကို ပိုးဆီမှာ နောက်ဆုံး လွှင့်ပါးကွန်းခို သယ်ဆောင်သွားပါတော့ ကိုကြီး အပ်နှံပါရစေ။ ကဲ . . . ပိုး ဒီယွန်းဘူးလေး ယူနော်” လှမ်းပေးရင်းနဲ့

“ကိုကြီးရဲ့ ဘဝတစ်လျှောက်လုံးမှာ ပိုးရယ် အခုလို ဆောင်းရာသီဆိုရင် ပိုးနဲ့ ကိုကြီးတို့ ကွန်းခိုခဲ့ဖူးတဲ့ ဒီနှင်းမှုန် လေးတွေ ခိုခြင်းနဲ့မှ ပိုပြီး ပနံတင့်လှပတဲ့ ကောရာမ်မ်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ကြွေကျလေ့ရှိတဲ့ မြန်မာပြည်ရဲ့ ဆောင်းရေလေး ရှိနေသရွေ့ အဲဒီဆောင်းမှာ တန်ဆာဆင်ခွင့်ရတဲ့ ကိုကြီးနဲ့ ပိုးနှစ်ခြိုက်တဲ့ ဇကရာဇ်ပန်းဖြူဖြူလေးတွေပေါ်မှာ အေးမြတဲ့ နှင်းတစ်စက် ခိုလှုံခြင်း ခံရရင်ကိုပဲ တစ်ချိန်က ကိုကြီး ခံစားခဲ့ရတဲ့ ဝေဒနာအားလုံး၊ ပိုးရယ် . . . အခုတော့ ပိုးနားထောင်နော်၊ ဒီကဗျာလေးကို ပိုးနှလုံးသားထဲမှာ . . . အာရုံသွင်းပြီး ခေတ္တ နားထောင်ပေးပါဦး ပိုးရယ် . . .။

နှင်းရှိဆောင်းထည်<br>
မျက်ရည်သယ်လည်း<br>
အလွမ်းနှစ်ခြိုက်<br>
ချိုမြိန်လှိုက်ဖို<br>
နှင်းစက်ခို . . . သို့။

အဲဒီကဗျာကို ရွတ်ဆိုပြီးသွားတဲ့အဆုံးမှာ သူ့မျက်ဝန်းတွေမှာ ညိုရောင်သမ်းလို့ ပြုံတော့မယ့်မိုးလိုပဲမောင်၊ သူ့ကဗျာတွေရဲ့ ရင်တွင်းခံစားမှုအချို့ကို ပိုး တစ်ကြိမ်တစ်ခါက သေလုမျောပါး ကိုယ်တိုင် ခံစားခဲ့ရတယ်မောင်။

မောင် . . . မောင် ကယ်ပါဦးမောင်ရယ်၊ အဲဒီ ကိုကြီးဆိုတဲ့ စကားလုံး အသုံးအနှုန်းတစ်ခု သူ့ပါးစပ်က ထွက်လာတိုင်း ကျွန်မ ခန္ဓာကိုယ်တစ်ခုလုံး ဆက်ခနဲပဲ တွန့်တွန့်သွားတတ်တယ် မောင်ရယ်။

"ကိုကြီးကို ပိုး အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ် ပိုး . . . ဒါ ကိုကြီးနှုတ်ထားတဲ့ ဇကရာဇ်ကိုင်းတချို့ပေါ့။ ဒီထဲက





ပိုးကြိုက်တဲ့ သစ်ကိုင်းတစ်ခုယူပါ။ ပိုးနဲ့ကိုကြီး မျက်နှာချင်းဆိုင် အနေနဲ့ သစ်တစ်ပင် စိုက်ပါရစေ" တဲ့၊ အစီအစဉ် ပြောခြင်း မရှိတဲ့ သူ့လုပ်ရပ်တွေနဲ့အတူ ပိုးကို သက်သေထားပါရစေတဲ့ မောင်။

ဘာတွေများ သက်သေထားမှာပါလိမ့်လို့ ပိုး စိတ်ဓာ ရင်ခုန် . . .

အို . . . ငါ ဆယ်ကျော်သက် မဟုတ်ပါလား အသိနဲ့ ဣန္ဒြေ တွေ မပျက်အောင် သူ လုံးဝ မသိအောင် ပိုး ထိန်းသိမ်းခဲ့ ပါတယ် မောင် . . . ပိုးရဲ့မောင် သိလိုက်ပါ မောင်ရယ်။

"ပိုး . . . ကိုကြီးဘဝရဲ့ တစ်ခါမှ မချစ်ဖူးတဲ့ အရင်ဦးဆုံး အချစ်ဦးက ပိုးပါပဲလို့ ပိုးဖြစ်ခဲ့တာပါ။ ဒီစကားက မှန်ကန်တဲ့ စကားပါ။ မှန်ကန်တဲ့စကားသစ္စာနဲ့အတူ ကိုကြီးဘဝ နောင်ဘဝ ဆိုတာမျိုးများ ရှိဦးမယ်ဆိုရင် ယုတ်စွအဆုံး တိရစ္ဆာန်ဖြစ်ခဲ့မယ် ဆိုရင်တောင် ချစ်ဦးသူနဲ့ ကွေကွင်းရခြင်းဒုက္ခမှ ကင်းလွတ်ပြီး လွတ်လပ်စွာ ပျံသန်းခွင့်ရတဲ့ ငှက်တစ်ကောင်လို ချစ်သူ ငှက်မောင်နှံအဖြစ် အချစ်ဦးဖြစ်ခဲ့တဲ့ ပိုးလိုအချစ်မျိုးနဲ့ တိရစ္ဆာန် ငှက်ကလေးတွေဘဝမှာ နေပူပူ မိုးစိုစွတ်ပါစေ တောင်ပံခြင်း ယှက် ကောင်းကင်ပြင်မှာ လွတ်လပ်စွာ ပျံသန်းခွင့်ရပါရစေလို့ ဆုတောင်းတိုင်တည်ပါတယ် ပိုးရယ်" တဲ့ မောင်။

ကျွန်မကလည်း သူ့ကို "ဦးမင်းညိုခန့်အတွက် ကျွန်မ သစ်တစ်ပင်အတူ စိုက်ပေးမယ်လေ။ ကျွန်မအတွက်လည်း တစ်ပင် စိုက်ပေးပေါ့" လို့ တောင်းဆိုလိုက်တယ်မောင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ပေးမှာပေါ့ ကိုကြီး ပိုးက ငယ်ငယ်ကအကျင့်လို သူ့ခိုင်းရင် ပြန်ခိုင်းတတ်တဲ့အကျင့်ရှိသေးတယ်နော်"

ကျွန်မ မကြားသယောင် နေလိုက်တယ်မောင်. . .။

ကျွန်မနဲ့သူ့အတွက် တွေ့ဆုံခြင်းဟာ အဖြူရောင်တွေ့ဆုံခြင်းပဲ၊ စွန်းငြိမှု အထိမ်းအမှတ်သက်သေအနေနဲ့ပါမောင်၊ မောင့်ကို စိတ်ထဲက တလို့ မောင့်အငြိုးကို မြင်ယောင်ရင်းပေါ့။

ကျွန်မတို့နှစ်ယောက် သစ်တစ်ပင် ကိုယ်စီစိုက်ပြီးတော့ ကျွန်မ သူ့ကို မေးခွန်းတချို့ မေးလိုက်တယ်မောင်၊ မေးအပ်တဲ့ မေးခွန်းတွေပါ မောင်ရယ်. . .။ ပိုးမေးအပ်တဲ့ မေးခွန်းတွေပဲ မေးလိုက်တာပါ။

"ဦးမင်းညိုခန့်ကို ကျွန်မ မေးပါရစေ။ မိန်းမတစ်ယောက်ကို သိပ်ချစ်ခဲ့ စွဲလန်းခဲ့ပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်မှာ ဘယ်လိုပဲ အတားအဆီးတွေ ရှိပါစေ သူ့မှာ ကြိုးစားပိုင်ခွင့်တွေ အဲဒီ မိန်းမတစ်ယောက်ကို ရယူနိုင်ဖို့ ကြိုးစားပိုင်ခွင့်တွေ ရှိပါတယ်။ ဒီအတွက် ဦးမင်းညိုခန့် ဘာလို့ မကြိုးစားနိုင်ခဲ့သလဲ၊ မတမ်းတသင့်တဲ့အချိန်မှာ အဲဒီမိန်းမတစ်ယောက်ရဲ့ရှေ့မှာ ချစ်ခဲ့ပါတယ်လို့ စကားတွေ ခြွေနေခြင်းဟာလည်း ဝန်းကျင်လူသားတွေရဲ့ လောကဓမ္မတာနဲ့ ဆန့်ကျင်တဲ့ လူသားတစ်ယောက်အနေနဲ့ ဦးမင်းညိုခန့် စဉ်းစားသင့်သလို ကျေနပ်စွာ ရပ်နားသင့်ပါတယ်။ ယုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အတွင်းသန္တာန်ဟာ ဘယ်လိုပဲ သဘောထားကြီးတဲ့စိတ်နဲ့ ဒွန်တွဲစွာ ခွင့်လွှတ်နိုင်ပါစေ အမြင်ရှင်းစွာ သဘောထားကြီးမားတဲ့ ကျွန်မမောင်လို





ယောကျ်ားတစ်ယောက်ရဲ့ အတွင်းစိတ်ကိုတော့ နှိုင်းယှဉ်နိုင်မှာ မဟုတ်ဘူးလေ။

မိန်းမတစ်ယောက်ရဲ့ အတွင်းစိတ် လှိုက်ဖိုပြိုကွဲလာမယ့် ဟစ်နေ့မှာ အဖြူရောင် ဦးမင်းညိုခန့်တို့ရဲ့ အိမ်ထောင်ရေး သုခလေးမှာ အနက်ရောင်လွှမ်းမယ့် အိမ်ထောင်ရေးဒုက္ခ မခံစားချင်ပါနဲ့ရှင်။ ကျွန်မရဲ့ အခုလုပ်ဆောင်ချက်အားလုံးကို ကျွန်မရဲ့မောင် . . . ကျွန်မရဲ့မောင်. . ."

"ကျွန်တော် နားလည်ပါတယ်ပိုး. . . ကျွန်တော့်ကို ရှုံးသွပ်တယ်၊ ကိုကြီး ရှုံးသွပ်တယ်လို့ တပ်အပ်စွပ်စွဲလိုက်ပါတော့လား ပိုးရယ်. . .။ ကျွန်တော် ပိုးမေးခွန်းတွေကို ဖြေမယ်နော် ကျွန်တော် ပိုးကို အစွမ်းကုန်ရယူနိုင်အောင် ကြိုးစားခဲ့ပါတယ် တကယ်ပါပိုးရယ် ယုံပါ။ ကိုကြီး တကယ် ကြိုးစားခဲ့တာပါ"

မောင်ရေ သူ့စကားတွေထဲမှာ သူ့ကိုယ်သူ ကျွန်တော်ဝ နေပြီး ကိုကြီး. . . ကိုကြီးဆိုတဲ့ အသုံးအနှုန်းကို ဆွေးမြေ့ဝ အသည်းနဲ့ သုံးသုံးနေတာ ပိုး. . . ပိုး ဘာလုပ်ရမှန်း မသိပါဘူး မောင်ရယ်။

"ကျွန်တော်နဲ့ ယု နားလည်မှုလုပ်လို့ ပိုးရှိရာ ဩစတြေးလ ကို လိုက်လာခဲ့တယ်။ ပိုး. . . ပိုးတို့လိပ်စာ သဇင်တို့ဆီ ယူခဲ့တယ်။ ဟိုရောက်တော့ ဒေါ်ဒေါ်ခင်နဲ့တွေ့ပြီး ပိုး သားလေးဆိုပြီး ပြတယ်။ အိမ်ထောင်ကျသွားတဲ့ ပိုးကို မနှော ယှက်ဖို့ပဲပေါ့။ နောက်မှသိလိုက်ရတယ် ကျွန်တော် ထင် အညာမိတယ် ဆိုတာကိုပေါ့။ အဲဒီကလေးက ဒေါ်ဒေါ်ခ



www.burmeseclassic.com

www.burmeseclassic.com



မွေးစားသားမှန်း အတိအကျကို သိရတယ်လေ။ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးထားတယ်ပဲထား၊ ပိုးမေးတဲ့ ဒုတိယမေးခွန်း. . . ကျွန်တော် ပိုးကိုရွဲ့လို့ ယုကို ယူတယ်။ အပြိုင်ပေါ့ဗျာ. . . ရှက်စိတ်တွေ မွှန်ပေမယ့် ချစ်စိတ်မှ မတူတာ ဘယ်ရမလဲ၊ ခံစားချက်က ရှိတော့နေသေးတာပေါ့။ ပိုးပြောသလို တစ်ယောက်က သစ္စာရှိစွာ ပိုင်ဆိုင်ခြင်းကိုရမှ အချစ်စစ်မဟုတ်သလို စွန့်လွှတ်အနစ်နာခံခြင်း ပြယုဂ်နဲ့ သက်သေတွေ ပြနိုင်ရင်ဖြစ်တယ်ဆိုတာ ပိုးရယ်. . . ကိုကြီး. . .။

နောက်ဆုံး တတိယအဖြေမှာ သူ မဖြေနိုင်တဲ့အဆုံး ခေါင်းကိုသာ တွင်တွင်ငုံ့နေတယ်မောင်၊ ဒါပေမဲ့ မောင်. . . သူ ဆက်ပြောလာတဲ့ စကားတွေကြောင့် မောင်ရယ်. . .။

"ပိုးနဲ့ကိုကြီးတို့ ချစ်စံအိမ်လေးမှာ ချိတ်ဆွဲခွင့်မရခဲ့တဲ့ ခေါင်းလောင်းလေးတွေမှာ ပိုးနဲ့ကိုနေဇင်လတ်တို့ လက်ထပ်သတင်း စုံစမ်းလို့ရတဲ့ ပိုးအကြောင်းစုံစမ်းနေကျ။ ကျွန်တော် ပိုးတို့ လက်ထပ်ရက်စွဲလေးတွေ ရေးစွဲကဗ္ဗည်းတင်ခဲ့တယ်။ ပိုးနဲ့ကိုကြီး. . . လက်ထပ်ဖို့ ချောင်းဦးလက်ထပ်တုန်းကလေ ပိုးက ကိုကြီးမှာ ချွေးတွေထွက်နေတယ်ဆိုပြီး ပိုး ကိုကြီးကို ချွေးသုတ်ပေးခဲ့တဲ့ ပဝါလေးကို ပိုးဆီက ကိုကြီး အမှတ်မထင် ယူခဲ့တယ်။ ဒါကြောင့် ကိုကြီးဘဝတစ်လျှောက်လုံး ဒီပဝါက မျက်ရည်သုတ်ဖို့ ပိုးအစားရတဲ့ ဘဝအဖော် ပဝါလေးဆိုတာ ကိုကြီးနောက်မှ သိခဲ့ရတယ်။ ပြီးတော့ ပိုးတို့ ဘရစ်စ္စဘိန်း (Brisbane) အိမ်လေးမှာ တစ်ခါတစ်ရံ ဖုန်းသံမြည်ပြီး အသံမပေးခဲ့တဲ့ အသံရှင်





ဟာ ကိုကြီးပဲပေါ့၊ ပိုးရယ်. . . ပိုးနဲ့ကိုနေဇင်လတ် လက်ထပ်ပြီးတဲ့ အချိန်မှာရော ပိုးရယ်. . . မိုက်မဲစွာ ပိုးအသံကို တမ်းတခဲ့တဲ့ အသံရှင်ဟာ ကိုကြီးပဲပေါ့။ အခု ဒီပစ္စည်းတွေအားလုံးကို ပိုင်ရှင်ဖြစ်တဲ့ပိုးကို အပ်နှံပါရစေ။ ကိုကြီးရဲ့ ရူးသွပ်ခဲ့ရတဲ့ မသိစိတ်တွေကို ပိုးဆီမှာ နောက်ဆုံး လွင့်ပါးကွန်းခို သယ်ဆောင်သွားပါတော့ ကိုကြီး အပ်နှံပါရစေ။ ကဲ. . . ပိုး ဒီယွန်းဘူးလေး ယူနော်" လှမ်းပေးရင်းနဲ့

"ကိုကြီးရဲ့ ဘဝတစ်လျှောက်လုံးမှာ ပိုးရယ် အခုလို ဆောင်းရာသီဆိုရင် ပိုးနဲ့ ကိုကြီးတို့ ကွန်းခိုခဲ့ဖူးတဲ့ ဒီနှင်းမှုန်လေးတွေ ခိုခြင်းနဲ့မှ ပိုပြီး ပန်တင့်လှပတဲ့ ဇကရာဇ်ပန်းဖြူဖြူလေးတွေ ကြွေကျလေ့ရှိတဲ့ မြန်မာပြည်ရဲ့ ဆောင်းလေးရှိနေသရွေ့ အဲဒီဆောင်းမှာ တန်ဆာဆင်ခွင့်ရတဲ့ ကိုကြီးနဲ့ ပိုး နှစ်ခြိုက်တဲ့ ဇကရာဇ်ပန်းဖြူဖြူလေးတွေပေါ်မှာ အေးမြတဲ့ နှင်းတစ်စက် ခိုလှုံခြင်း ခံရရင်ကိုပဲ တစ်ချိန်က ကိုကြီးခံစားခဲ့ရတဲ့ ဝေဒနာအားလုံး၊ ပိုးရယ်. . . အခုတော့ ပိုးနားထောင်နော်၊ ဒီကဗျာလေးကို ပိုးနှလုံးသားထဲမှာ. . . အာရုံသွင်းပြီး ခဏ နားထောင်ပေးပါဦး ပိုးရယ်. . .။

နှင်းရှိဆောင်းထည်
မျက်ရည်သယ်လည်း
အလွမ်းနှစ်ခြိုက်
ချိုမြိန် လိုက်ဖို
နှင်းစက်ခို. . . သို့။

အဲဒီ ကဗျာကို ရွတ်ဆိုပြီးသွားတဲ့ အဆုံးမှာ သူ့မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ ညှိရောင်သမ်းလို့ ပြိုတော့မယ့်မိုးလိုပဲမောင်၊ သူ့ကဗျာတွေရဲ့ ရင်တွင်းခံစားမှုအချို့ကို ပိုးတစ်ကြိမ်တစ်ခါက သေလုမျောပါး ကိုယ်တိုင်ခံစားခဲ့ရတယ်မောင်။ နုနယ်တဲ့ နှလုံးသားဝေဒနာတွေနဲ့ပေါ့ မောင်ရယ်. . . ခုအကြိမ်မှာ မောင်ရယ် ပိုးကိုသံယောဇဉ်ကြီးတတ်တဲ့ တစ်ချိန်က ချစ်သူတစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ အရာရာကို အလေးအနက်ထားတတ်တဲ့ သူ့သံယောဇဉ်တွေကို သနားငဲ့ညာ ကိုယ်ချင်းစာစိတ်ထက်ပိုတဲ့ လေးစားစိတ်နဲ့အတူ ခုအကြိမ် မောင်ရယ် ပိုးမမြင်နိုင်ရက်တော့တဲ့အဆုံးပိုး. . . သူ့ကို အရင်ဦးဆုံး ကျောခိုင်းလိုက်တယ်။ "အင့်" ခနဲရှိုက်သံနဲ့အတူ ပိုးလည်း ငိုလိုက်သလိုပဲလားမောင်။ ပိုး ငိုလိုက်သတဲ့လား မောင်ရယ်. . .။ ခွင့်လွှတ်ပါလို့ မပြောလည်း မောင်ခွင့်လွှတ်ပြီးသားဖြစ်တယ်ဆိုတာ ပိုးသိတယ်လေ၊ ခုအချိန်တဒင်္ဂလေးမှာ ပိုးစိတ်ဝိညာဉ်. . . သူ့အနားမှာ ရစ်ဝဲသွားတယ်ဆိုပေမယ့် ပိုးခန္ဓာ၊ ပိုးနှလုံးသား၊ ပိုးရဲ့ပြည်တော်ပြန်နှလုံးသားကတော့ သစ္စာရှိခြင်းနဲ့အတူ မောင့်ဆီမှာ. . . ထာဝရ. . . ထာဝရပါမောင်. . .။

မိုးသဲဖြူစိုး (မုံရွာ)



www.burmeseclassic.com